www.burmeseclassic.com



အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

# ချစ်ခြင်းရှင်

အိပ်မက်ချိုချို

DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးကျော်ဆန်း (မြ-၀၉၃၂) ရဲအောင်စာပေ၊ အမှတ်(၂)၊ ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျင်ရင် (မြ-၁၀၀၉၈) (ရွှေခြင်္သေ့ပုံနှိပ်တိုက်) အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက် ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ။ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဖိုးလပြည့်စာပေ အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၁၆၃၇၉၆၄၊ ၀၉-၅၀၈၉၈၉၄ |

၈၉၅.၈၃

ချစ်မျှားရှင်

အိပ်မက်ချိုချည်/ချစ်မျှားရှင်၊ ရန်ကုန်။

ရဲအောင်စာပေ၊ ၂၀၁၄။

(၁၆၀)စာ၊ ၁၃ စင်တီမီတာ × ၂၀.၇ စင်တီမီတာ

(၁) အိပ်မက်ချိုချည်


www.burmeseclassic.com

www.burmeseclassic.com

ပဉ္စလက် အတတ်ပညာနဲ့
ဖျတ်ခနဲ ပန်းတစ်ပွင့်ကို
စေလိုရာစေလို့ရမယ်ဆိုရင်
အိပ်မက်ဆိုးချိုတွေ
မလိုချင်အောင် ဝါးရမှာပေါ့။
ဒါးသီးမှုတွေကို မေ့ထား
ငါ့ရင်ထဲက ကဗျာတံတားနဲ့
မင်းအနားကို တဖြည်းဖြည်းတိုးကပ်လို့
ရင်ခွင်ချင်း အပ်ခွင့်ရပါရစေ...။

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com



# အဖွင့်

လူတစ်ချို့တွင် ဖျောက်မရအောင် စွဲမြဲနေသည့် မကောင်းသောအကျင့် တစ်ခုခု ရှိနေတတ်သည်။ မကောင်းသောအကျင့်ဆိုသော်လည်း သာမန်အား ဖြင့် အခြားသူကိုသော်လည်းကောင်း၊ ပတ်ဝန်းကျင်ကိုသော်လည်းကောင်း အနှောက်အယှက်မဖြစ်၊ ထိခိုက်စေမှု မရှိတတ်ပါ။ ထို့ကြောင့်လည်း ထိုအကျင့် မျိုးကို ဖျောက်ဖျက်ဖို့ မကြိုးစားမိကြသဖြင့် စွဲမြဲနေတတ်သည်။

တချို့လူများသည် သံ၊ သတ္တုတို့ကို ဖြတ်သည့်အသံ၊ သံပြားကိုကော် ပတ်တိုက်သံ၊ ပစ္စည်းတစ်ခုနှင့်တစ်ခု ပွတ်တိုက်သံ စူးစူးရှရှကိုကြားရလျှင် မခံမရပ်နိုင်ဖြစ်သည်အထိ သွားကျိုန်းတတ်ကြသည်။ တချို့မှာ ပလတ်စတစ် ကျွတ်ကျွတ်အိတ်ကို လုံးချေမှု၍ ထွက်လာသည့်အသံ ကြားရုံဖြင့်ပင် ထိုသို့ ခံစားရသည်။ နားပိတ်ထားရမလိုလို၊ အံကြိတ်ထားရမလိုလိုနှင့် ရုပ်ပျက်ဆင်း ပျက် ဣန္ဒြေမဲ့ကြရသည်။

တခြားသူအတွက် ဘာမှ မခံစားရသော်လည်း သူတို့အတွက် မဟာ ပြဿနာကြီး ဖြစ်နေတတ်သည်။

တိမ်တမန်တွင် ထိုကိစ္စမျိုးနှင့် မတူသော်လည်း ထိုကဲ့သို့ပင် စိတ်ကသိ ကအောက်ဖြစ်စရာ အကျင့်တစ်ခု ရှိနေသည်။

သူ့ရှေ့တွင် တစ်စုံတစ်ယောက် သမ်းလျှင် သူပါလိုက်၍ သမ်းဝေတတ် ခြင်းဖြစ်သည်။ မြန်မာစကားတွင်လည်း ရှိပါသည်။ "သန်းကူးသည်" ဆိုသည့် စကား။ ထိုစကားမှာ လူနှစ်ယောက်ခေါင်းချင်းပူးကပ်အိပ်သဖြင့် တစ်ယောက် ခေါင်းမှ သန်းက နောက်တစ်ယောက်ခေါင်းသို့ ကူးခြင်းကို ဆိုလိုခြင်းမဟုတ် ပါ။ လူအများ စုဝေးထိုင်နေစဉ် တစ်ယောက်က "သမ်းဝေ" လိုက်ပါက ကျန်လူ များပါ မထိန်းနိုင်ဘဲ လိုက်သမ်းကြခြင်းကို ပြောခြင်းဖြစ်သည်။ သို့သော် ကြည့် မိမြင်မိ ကြားမိသည့်လူတိုင်းတော့ လိုက်သမ်းကြမည် မဟုတ်ပါ။

တိမ်တမန်ကတော့ ထိုသို့မဟုတ်။ အချိန်မရွေး၊ နေရာဒေသမရွေး အထိန်းအချုပ်မဲ့စွာ လိုက်သမ်းတတ်သူဖြစ်သည်။ သူ မည်သို့မျှ ထိန်းချုပ်၍ မရ။ နေ့လည်နေ့ခင်း ထမင်းစားပြီးစအချိန်မျိုး ဘတ်စ်ကားစီးလျှင် ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့သည်။ ကားပေါ်ရှိ လူတော်တော်များများ အိပ်ချင်စိတ်ကို ချိုးနှိမ်ပြီး သမ်းဝေကြချိန်ဖြစ်ရာ တိမ်တမန်တစ်ယောက် လိုက်သမ်းရလွန်းသဖြင့် ပါးညောင်းကာ ပါးစပ်မစေ့ရတော့ပေ။ လူတစ်ယောက်က သမ်းလိုက် သူက လိုက်သမ်းလိုက်၊ နောက်လူတစ်ယောက်က သမ်းလိုက် သူကလိုက်သမ်းလိုက်ဖြင့် သမ်းကူးပွဲဖြစ်ကာ မသိလျှင် အသမ်းပြိုင်ပွဲ ကျင်းပနေသည်ဟု ထင်ရလောက်သည်။

နောက်ဆုံး ထိုအသမ်းရောဂါမှာ ယာဉ်မောင်းကိုပါ ကူးစက်သွားရာ၊ ယာဉ်မောင်း အိပ်ငိုက်ပြီး ယာဉ်အန္တရာယ်ရှိနိုင်သဖြင့် ယာဉ်နောက်လိုက်က ဟဲဗီးရော့ခ်သီချင်းတစ်ပုဒ်ကို ကျယ်ကျယ်လောင်လောင် ဖွင့်လိုက်ရသည်။ ထိုအခါမှ တိမ်တမန်က မပြတ်တမ်း ကွက်လပ်ဖြည့်ကာ ကျင်းပနေသည့် သမ်းကူးပွဲ သမ်းပြိုင်ပွဲကြီးလည်း ရပ်တန့်သွားတော့သည်။

ယနေ့တွင်လည်း ဖျောက်မရသည့် ထိုအကျင့်ဟောင်းကြောင့်ပင် တိမ်တမန်တစ်ယောက် မမျှော်လင့်ဘဲ ကျိုင်တက်ရသည်။

ကျိုင်တက်သည်ဟု ဆိုရမည်ထက် အချစ်သစ်ကို ရှာဖွေတွေ့ရှိခြင်းနိဒါန်းဟုဆိုသော်လည်း ရနိုင်ပါသည်။ သို့သော်လည်း ...

တွေ့စတွင် ဘုဘောက်ကျ၊ နောက်တော့ ချစ်သူဘဝရောက်ကြဆိုသည့် မြင်နေကြားနေကျ ဇာတ်လမ်းမျိုးမှ သည်းခံ၍ ဆက်ဖတ်စေလိုပါသည်။ သာမန်ဇာတ်လမ်းများထက် အနည်းငယ်တော့ ထူးဆန်းပါသည်။

သူ့မှာလည်း သာမန်ထက် ထူးဆန်းသည့်အကျင့်စရိုက်များ ရှိသည်မို့ ... ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ထိုနေ့က ဒဏ္ဍာရီဟု အမည်တွင်သည့် ချစ်သူစုံတွဲများအထိုင်များသော ဆိုင်လေးတွင် တိမ်တမန် ရောက်နေသည်။ သူ့ချစ်သူ အဝေရာကို ထိုင်စောင့်နေခြင်း ဖြစ်သည်။

ဆိုင်အလယ်နားရှိ စားပွဲတွင် အတွင်းဘက်သို့မျက်နှာမူလျက် သူ နေရာယူထားသည်။ ဒီနေ့ အဝေရာနှင့်တွေ့သည့်အချိန်တွင် အခြားအသိတစ်ယောက်ယောက်နှင့် ဆုံမည်စိုး၍ ဆိုင်အဝင်ဘက်ကို ကျောပေးကာထိုင်သည်။

သူ့စားပွဲနှင့်မျက်နှာချင်းဆိုင်လိုဖြစ်နေသော စားပွဲက လူတို့ဖန်တီးထားသည့် ရေတံခွန်ငယ်နှင့် ရေအိုင်ငယ်တို့ အနီးတွင်ဖြစ်သည်။ ထိုစားပွဲတွင် ဆိုင်အပြင်ကို မျက်နှာမူထိုင်ရင်း သူ့မအဖော်ကို စောင့်နေဟန်တူသည့် ကောင်မလေးတစ်ယောက်တည်း ထိုင်နေသည်။

သူနှင့်သူမတို့ နှစ်ယောက် ကိုယ်စီမှာထားသော အအေးကိုသောက်ရင်း နေရာချင်းကလည်း မကွာဝေးလှသလို မျက်နှာချင်းဆိုင်ဖြစ်နေသဖြင့် မကြာခဏ မျက်ဝန်းချင်းတိုးတိုက်မိကြသည်။

မသင့်တော်မှန်းရိပ်စားမိသဖြင့် သူ့အကြည့်ကို ရှောင်တိမ်းထိန်းချုပ်ရန် ကြိုးစားသော်လည်း အအေးကုန်သွားပြီးနောက် တခြားလုပ်စရာလည်းဘာမှမရှိ။ ဟန်းဖုန်းဖွင့်ပြီး အင်တာနက်ကြည့်ရန်ကလည်း ပျင်း၊ ထို့ပြင် ကောင်မလေး၏ အလှအပကလည်း ဆွဲဆောင်မှုပြင်းဆိုတော့ သူ့စိတ်ကိုဆွတ်ထား


www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ထိုခဏတွင် စောင့်ဆိုင်းရသည်မှာကြာပြီမို့ထင့် ကောင်မလေးက လက်ဝါးလေးအုပ်ပြီး မသိမသာ သမ်းလိုက်သည်။

ထိုမသိမသာကိုပင် မြင်ဖြစ်အောင်မြင်သည့် တိမ်တမန်က အသံအနည်းငယ်ထွက်သည်အထိ သမ်းလိုက်မိသည်။

သူ့အသံကိုကြားသွားသည့် ကောင်မလေးက မသက်သာသလိုကြည့်ကာ တမင်သမ်းပြလိုက်သည်။ တိမ်တမန်လည်း အထူးသတိချပ်ကာ လိုက်မသမ်းမိအောင် ထိန်းလိုက်သည်။ သို့သော် ...

ပါးစပ်ကို လက်နှင့်အုပ်ထားသော်လည်း သူ့ထံမှ သမ်းသည့်အမူအရာပေါ်ထွက်လာသည်။ အုပ်ထားသဖြင့် "ဝါး" မှန်းမသိ "အား"မှန်းမသိ မသဲမကွဲအသံတိုးတိုးပါ ထွက်ပေါ်လာသည်။

ကောင်မလေးက သူမကို လိုက်ပြောင်နေသည်ဟု တစ်ထစ်ချမှတ်ယူဟန်ဖြင့် မျက်မှောင်ဆွဲ၍ကြည့်သည်။ သူမ အကြည့်စူးစူးကြောင့် တိမ်တမန်နေရထိုင်ရခက်သွားသည်။ ထိုအခါမှ နေရာပြောင်းထိုင်ရန်မှာလည်း ပိုမိုအထင်သွဲ့စရာဖြစ်မည်မို့ ငြိမ်ထိုင်နေလိုက်သည်။

သူမကတော့ မကျေမနပ်ဟန်နှင့်ကြည့်ဆဲ။ ထို့ကြောင့် တိမ်တမန်သည်း စိတ်ကျဉ်းကျပ်မှုကို ပြေပျောက်စေရန် ဝါးတူတစ်စုံကို အိတ်မှဖောက်ထုတ်၍ တူနှစ်ချောင်းကို ပွတ်နေမိသည်။

တိမ်တမန်၏ အကျင့်အတိုင်း ဝါးတူအိတ်ကို မဖောက်မီ လက်ဝါးနှစ်ဖက်ကြားတွင် ပွတ်လှည့်လိုက်သည်။ ဝါးတူတွင် မှိုများကပ်နေပါက ကွာသွားသို့ကွာသွားငြား လုပ်လေ့ရှိခြင်းဖြစ်သည်။ သို့သော် ...

ထိုသို့ ပွတ်လှည့်သံကိုကြားကာစမှာပင် ကောင်မလေးအကြည့်တို့ပြောင်းလဲသွားခဲ့သည်။ တိမ်တမန်ကတော့ သတိမထားမိ။

ထိုသို့ တူနှစ်ချောင်း၏ ဝါးကြောဘက်နှစ်ဖက်ကို အကြောင်းမဲ့ပွတ်နေရင်းမှ ကောင်မလေး အကြည့်လွှဲသွားပြီလား သိချင်လာသဖြင့် မသိမသာ ကြည့်လိုက်သည်။

"ဟင် ... "

ကောင်မလေး သွားတွေကြိတ်နေသည်။ ကြက်သီးမွေးညှင်းမွေးလည်း



www.burmeseclassic.com

www.burmeseclassic.com



ထနေပုံရ၏။ ဝါးတူ ပွတ်တာကို ခဏမေ့ပြီးရပ်ကာ၊ မျက်နှာအမူအရာ ထူးခြားနေသည့် ကောင်မလေးကို အံ့အားသင့်စွာ သူကြည့်နေမိသည်။

ထိုအခါတွင် ကောင်မလေး၏မျက်နှာသွေးရောင် ပြန်လွှမ်းလာသည်။ ဖြူရော်ရော် မဟုတ်တော့၊ အံ့မကြိတ်ထားတော့။

တိုက်ဆိုင်မှုဟုသာ တွေးမိပြီး ကိုယ့်ဘာသာကိုယ် တူနှစ်ချောင်းပွတ်သည့် သူ၏ မဟာအလုပ်ကြီး အကိုင်ကြီးကို ပြန်လုပ်ပြန်သည်။

ကောင်မလေး၏ အမူအရာများ ယခင်ကကဲ့သို့ သိသိသာသာပျက်ယွင်းသွားပြန်သည်။ သူ တစ်စုံတစ်ရာကို တွေးမိပြီး ...

နားလိုက် ပွတ်ကြည့်လိုက်၊ နားလိုက် ပွတ်ကြည့်လိုက်နှင့် လေးငါးကြိမ်လုပ်ကြည့်ပြီးနောက် သူ သဘောပေါက်သွားတော့သည်။ ဒီကောင်မလေးတွင် သူ့ကဲ့သို့ပင် ပြင်မရသည့် အကျင့်တစ်ခုရှိနေပြီဟု။

ထိုအချိန်တွင် ကောင်မလေး၏အကြည့်များက စိမ်းရာမှ ရင့်ကာ၊ ရင့်ရာမှ ရန်လိုမျက်မာန်ရှုမှုအဆင့်သို့ တဖြည်းဖြည်းပြောင်းလာပြီဖြစ်သည်။ သူ စမ်းသပ်သည့်အကြိမ် အရေအတွက် များသွား၍ဖြစ်မည်။

သူမကတော့ သူ့ကို သူမအား တမင်ပြဿနာရှာနေသည့် ဂျိုလ်ကောင်အဖြစ် မြင်နေပြီဖြစ်သည်။

ထိုအချိန်မှာပင် ခေတ်မီသားနားသော ဝတ်စားဆင်ယင်မှုအပြင်အဆင်နှင့် လူငယ်တစ်ယောက် သူမစားပွဲသို့ ရောက်လာသည်။ ကောင်မလေး ရှေ့ထိုင်ခုံတွင် ညင်သာစွာ ဝင်ထိုင်သည်။

ထိုအခါမှ ကောင်မလေး၏ ရန်လိုစက်ကွင်းမှ တိမ်တမန် လွတ်သွားသည်။ သို့သော် ...

ထိုကောင်မလေး၏ မျက်မာန်တင်းခက်ထန်ရန်လိုမှုက ရောက်လာသည့် လူငယ်ထံ ပုံကျသွားသည်။ လူငယ်အားကြည့်သည့် ကောင်မလေး၏အကြည့်မှာ အကြည့်နှင့်ပင် ပြာဖြစ်သွားနိုင်လောက်သော နဂါးမျက်စောင်းအကြည့်။ လူငယ်ကတော့ သေဝပ်လျှက်။

ကောင်မလေးက တိမ်တမန်ကို မေ့သွားဟန်ရှိသည်။ ရှေ့မှ လူငယ်ကိုသာ သားကောင်ကို မလွှတ်တမ်းညှို့ယူနေသည့် အကြည့်နှင့်ကြည့်ကာ သူမတို့ နှစ်ကိုယ်ကြား ကြားနိုင်သောစကားကို ခပ်တိုးတိုးဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် လူငယ် ခေါင်းငိုက်စိုက်ကျသွားသည်။

ခဏအတွင်းမှာပင် ခေါင်းပြန်မော့ပြီး ကောင်မလေးကို ပျာပျာသလဲ တောင်းပန်ဟန်နှင့် စကားပြန်ပြောသည်။

"ကိုယ့်ကို ခွင့်လွှတ်ပါမိုးစက်၊ မင်းမကြိုက်တာရှိရင် ကိုအမြန်ဆုံး ပြင်ဆင်ပြောင်းလဲပါ့မယ်၊ ကိုယ့်မှာ ဘာအပြစ်ရှိလို့လဲဟင်"

လူငယ်၏စကားကို အလေးမထားဟန်ဖြင့် ကောင်မလေးက မဲ့ပြုံးပြုံး ကာ သူမအိတ်ထဲမှထုတ်၍ စားပွဲပေါ်တင်ထားသည့် အနီရောင်နှင်းဆီပွင့်ကို ကောက်ပြီး လူငယ်မျက်နှာရှေ့တွင် တစ်စစီ ခြွေပြသည်။ ပြီး ...

ထိုနှင်းဆီနီနီပွင့်ဖတ်ကြွေများကို လက်ဝါးပေါ်တင်၍ လူငယ်မျက်နှာ ဆီသို့ ဦးတည်ကာ လေနှင့်မှုတ်လိုက်သည်။

ကောင်မလေးက ထိုသို့ သူမ ပြုမူနေစဉ် တစ်ချိန်လုံး လူငယ်မျက် နှာကို အရသာခံကာ တစိမ့်စိမ့်ကြည့်လိုက်သေးသည်။ လူငယ်ကတော့ အရူး တစ်ယောက်ပမာ ပါးစပ်မှ တွင်တွင်ရွတ်ဆိုနေသည်။

"ကိုယ့်ကို မမုန်းပါနဲ့"

"မမုန်းပါနဲ့"

"မမုန်းလိုက်ပါနဲ့ ... မိုးစက်ရယ် ... "

သူတို့စုံတွဲကိုကြည့်ရင်း တိမ်တမန် ဘာမဆိုင်ညာမဆိုင် စိတ်ထဲမသက် သောဖြစ်လာမိသည်။

ထို့ကြောင့်ပင် လက်ထဲတွင် ကိုင်ထားဆဲဖြစ်သည့် ဝါးတူနှစ်ချောင်း တို့ ဘာရယ်မဟုတ် သတိလက်လွှတ် ပွတ်လိုက်မိပြန်သည်။

ထိုအသံကြောင့် မိုးစက်လင်းချို တစ်ယောက် ချက်ချင်းအမူအရာ ပြောင်းသွားသည်။ ကြက်သီးဖြန်းဟန်နှင့်အတူ ကြိတ်ထိန်းချုပ်နေဟန်တို့ ထင် ရှားလာသည်။

ထိုအမူအရာကိုမြင်မှ တိမ်တမန်လည်း ပွတ်တိုက်နေသည်ကိုရပ်ပြီး သူဘာမှမလုပ်သလို ဟိုကြည့်ဒီကြည့် အကြည့်လျှောက်လွှဲသည်။ ပြီး ... နေနိုင်၍ ပြန်ခိုးကြည့်မိရာ သူ့အား စားတော့ဝါးတော့မတတ် ရူးရူးဝါးဝါးလှမ်း ကြည့်နေသည့် မိုးစက်လင်းချိုအကြည့်နှင့် တန်းတိုးတော့သည်။

မဖြစ်။ သူမအကျင့်နှင့် သူကလည်း သတိလက်လွှတ် လက်အငြိမ်



www.burmeseclassic.com

www.burmeseclassic.com



မနေနိုင်တာနှင့်ကြာလျှင် ရှင်းမထိဖြစ်တော့မည်။ သူ မူလနေရာတွင် ဆက်ထိုင်နေရမည်ကို လန့်လာသဖြင့် နေရာပြောင်းရန် စဉ်းစားရတော့သည်။

တိမ်တမန် ထရပ်လိုက်စဉ်မှာပင် သူစောင့်နေသည့်အဝေရာ သူ့ရှေ့သို့ ရောက်လာသည်။

"ကြာလိုက်တာကွာ … ဒီမှာ အမြစ်တွယ်၊ အပင်ရှင်သန်လို့ အမေဖုံတောအုပ် ဖြစ်တော့မယ်"

"ကားတွေ ပိတ်နေလို့ပါ၊ လမ်း ဒီလောက်ကျပ်တာ သိသားနဲ့"

အဝေရာ နေရာတကျ ဝင်ထိုင်ပြီးစမှာ ရှေ့စားပွဲမှ ကောင်မလေးကို နိုးကြည့်မိသည့်အတွက် ကောင်မလေး သမ်းတာကိုမြင်ပြီး တိမ်တမန်ပါ လိုက်သမ်းမိသည်။

"အိပ်ချင်နေပြီပေါ့လေ"

"အင်း … ပြောစရာတွေရှိလို့ ခေါ်လိုက်တာဆို"

"ဟုတ်တယ် … "

"ဒါဆို ပြောလေ … "

"အိမ်ကလူတွေက အဝေရာကို တခြားလူတစ်ယောက်နဲ့ လက်ထပ်ပေးဖို့ စီစဉ်ပြီးပြီ၊ အဲဒါ အဝေရာကိုယ်တိုင်ကလည်း သဘောတူလို့စီစဉ်ခဲ့တာ"

"ဩော် … ဒါဆို မင်းကိုယ့်ကို ချစ်ခဲ့တယ်ဆိုတာ ဘာအတွက်လဲ"

"ချစ်ခဲ့တာဟာ ချစ်ခဲ့တာပဲပေါ့ … ဘာထူးထူးခြားခြား အဓိပ္ပါယ်ထပ်ဖွင့်စရာလိုသေးလို့လဲ"

"လက်ထပ်ဖို့အတွက် ချစ်ခဲ့တာ မဟုတ်ဘူးလား"

"တခြားလူတွေအတွက်တော့ ဟုတ်ချင်ဟုတ်မှာပေါ့၊ သူနဲ့အဝေရာတို့ကြားမှာတော့ အထူးသဖြင့် အဝေရာအတွက်တော့ ချစ်တာနဲ့လက်ထပ်တာက တစ်ကဏ္ဍစီပါ"

တိမ်တမန် ဒေါသထွက်သွားသည်။

ထိုအချိန်မှာ မိုးစက်လင်းချိုက သမ်းဝေလိုက်သည်။ ဒေါသဖြစ်နေချိန်မှာပင် သူလည်းလိုက်သမ်းမိသွားသည်။ ထို့ကြောင့် သူ့ဒေါသဖြစ်ပုံမှာ ခပ်ချင်မူးတူးပုံ ပေါက်သွားရသည်။

"မင်းက အချိန်တန်လို့ အိမ်ပြန်ဖို့ လမ်းခွဲစကားပြောချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုအစီပွဲယ်မျိုးမဟုတ်ဘူးလို့ မငြင်းချင်ပါဘူး"

ခြောက်လနီးပါး ချစ်သူသက်တမ်းမှို လမ်းခွဲစကားအပြောခံရချိန်မှာ ရင်ထဲတွင် သိပ်မငြိမ်းချမ်းချင်။ သို့သော်လည်း ...

"ဝါး ... "

မျက်နှာချင်းဆိုင်မှ မိုးစက်လင်းချိုဆိုသည့် ကောင်မလေးက သမ်းဝေပြလာပြန်သဖြင့် သူပါ လိုက်သမ်းဖြစ်သည်။

ခံစားမှုနှစ်ခုက ဝိရောဓိဖြစ်သောအခါ သူ့ဘက်က တန်ပြန်ချင်လာသည်။

ထို့ကြောင့် ဝါးတူနှစ်ခုကို ဖိပွတ်ပစ်လိုက်သည်။ ပြီး ... ရယ်ချင်စိတ်နှင့် ပြုံးလိုက်မိသည်။

သူပြုံးသည်ကိုမြင်ပြီး အဝေရာက တိမ်တမန်တစ်ယောက် သူမ၏ လမ်းခွဲစကားကိုပင် ဂရုမစိုက် မခံစားရဟု သဘောပေါက်သွားပြီး ...

"အဝေရာတို့ဇာတ်လမ်းက တစ်ခန်းရပ်မဟုတ်ဘူးနော်၊ ဒီမှာတင် အပြီးသတ်သွားပြီ၊ ဆက်ရန်မရှိ ... "

ဝါးတူနှစ်ခုက် ဖိပွတ်၍ ထွက်လာသောအသံကြောင့် မခံချိမခံသာဖြစ်နေသည့် မိုးစက်လင်းချိုကိုကြည့်ရင်း တိမ်တမန် မျက်နှာရယ်ကျဲကျဲဖြစ်လာသည်။

ထိုအချိန်မှာပင် မိုးစက်လင်းချိုက သူ့အဖော်ကိုထားခဲ့ပြီး ထထွက်သွားသည်။ ဝါးတူကို ဖိပွတ်နေသည့် တိမ်တမန်အနီးမှ ဖြတ်သွားစဉ် သူ့ခြေချောင်းလေးများကို သူမခွာမြင့်ဒေါက်ဖြင့် ဖြတ်နင်းသွားသည်။ သူ နာကျင်သွားကာ ဒေါသထွက်ပြီး ...

"ဟာ ... ဒီမှာ နင်းမိပြီလေ၊ ခြေထောက်ကို မမြင်ဘူးလားဗျ"

"ဟုတ်လား ... မတော်လို့နော်၊ ဆောရီး ... " ဟု ပြောမည်ထင်ကာသည်။

"ဘယ်သိမလဲရှင့် ... ခြေမျက်စိရှိပေမယ့် မြင်မှမမြင်ရဘဲ၊ ရှင့်ခြေထောက်ကလွတ်အောင်ဖယ်နေရင် နင်းမိစရာအကြောင်း မရှိပါဘူး"

"တမင်လုပ်တာ အသိသာကြီး၊ ခြေထောက်က အလွတ်ကြီးကို"

"ရှင်သာ တမင်လုပ်နေတာ ... မျက်နှာပြောင်ပြီး ကျွန်သမ်းတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်လိုက်သမ်းနေတာလေ ... အရှုံးလိုပဲ"

"ဘာအရှုံးလဲ ... တိုက်ဆိုင်တာကွ၊ ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ဖြစ်သွားတာ ... မင်းကမော့ကြည့်တဲ့အချိန်နဲ့ ငှက်ချေးပါချတဲ့အချိန် ကြုံကြိုက်သွားသလိုမျိုး တိုက်ဆိုင်တာ၊ ဘယ်ငှက်ကမှ မျက်နှာပေါ် တည့်တည့်ကျပါစေရယ်လို့ချိန်ပြီး ပါမချဘူး။ တော်သေးတာက အဲဒီအချိန်မှာ မင်းက ပါးစပ်ပိတ်ထား မိလို့"

ကြုံကြုံဖန်ဖန် ညစ်ညစ်ပတ်ပတ်နှင့်လေကြောရှည်နေသဖြင့် မိုးစက်လင်းချို ဒေါသနှင့် စွေ့စွေ့ခုန်နေသည်။

"ရှင် ... ရှင် ... "

ဒေါသအဟုန်ကြောင့် စကားဆက်မရဖြစ်နေစဉ် သူမအဖော်ကောင်လေးအနား ရောက်လာသည်။

"ဘာဖြစ်လို့လဲဟင်"

"ဘာဖြစ်ဖြစ် ရှင်နဲ့မဆိုင်ဘူး"

ကောင်လေး ပါးစပ်ပိတ်သွားပြီး တိမ်တမန်ကိုသာ ပေစောင်းစောင်းကြည့်သည်။ ထိုအချိန်မှာ အဝေရာကလည်း မတ်တတ်ရပ်ပြီး ...

"အဝေရာ ပြန်တော့မယ် တမန်"

တိမ်တမန်လည်း စိတ်ပျက်လက်ပျက်နှင့်ထွက်သွားရန်သာ ဆိုင်ပြင်ဘက်သို့ ခေါင်းဆတ်ပြလိုက်သည်။

"ပါးစပ်ကတောင် ပြန်မပြောနိုင်အောင် ဖြစ်သွားကြပြီပေါ့"

အဝေရာ၏ ခနဲ့တဲ့တဲ့စကားကြောင့် ရှေ့တွင်ရင်ဆိုင်နေရသော မိုးစက်လင်းချိုထံမှအကြည့်ကို အဝေရာထံသို့ လွှဲလိုက်ရသည်။ တိမ်တမန်အတွက် စစ်မျက်နှာနှစ်ခုကို တစ်ပြိုင်တည်းဖွင့်နေရသလို ဖြစ်နေသည်။

ဒါပေမဲ့လည်း ...

"ဟင် ... အဝေရာ ... အဝေရာ မဟုတ်လား"

"ဟယ် ... မြတ်ဘုန်းခန့်ပါလား"

"အဝေရာက ဘယ်လိုဖြစ်ပြီး ဒီကိုရောက် ... "

"ကိုယ့်ကိစ္စနဲ့ကိုယ်ဆိုပါတော့ ... မြတ်ဘုန်းခန့်ကရော ဒီကိုရောက်နေတာ ... "



www.burmeseclassic.com

www.burmeseclassic.com



"အဝေရာ့လိုပဲ ဆိုပါတော့ ... ဒါနဲ့ အဝေရာ ပြန်မှာလား။ ကိုယ်က တော့ ပြီးသွားပြီ"

"အဝေရာလည်း ပြီးသွားပြီ၊ အဝေရာ့မှာ ကားပါပါတယ်"

"ကိုယ့်မှာလည်းပါတယ်၊ ဒါဆို ... အေးအေးဆေးဆေးစကားပြော ချင်သေးတယ်၊ တခြားတစ်နေရာ ရွှေ့ရအောင်"

မြတ်ဘုန်းခန့်က စကားကိုဆုံးအောင် မပြောသေးဘဲ မိုးစက်လင်းချို နှင့်တိမ်တမန်တို့ကို ပေကြည့်လိုက်သေးသည်။ ပြီးမှ ...

"ဒီနေရာက လေထုမသန့်တော့ဘူး"

သူတို့နှစ်ယောက်လုံး မြတ်ဘုန်းခန့်ကို စူးခနဲ ကြည့်မိကြသည်။ သူတို့ ကြည့်သည်ကို မြတ်ဘုန်းခန့်က မသိယောင်ဆောင်ရင်း အဝေရာဘက်သို့ ပြုံး ရွှင်စွာ လှည့်ကာ ...

"သွားစို့ အဝေရာ ... အဝေရာ့ကားကို ကိုယ့်ကားနောက်ကလိုက် မောင်းခဲ့လေ"

ဆိုင်ထဲက ပြုံးပြုံးပျော်ပျော် မျက်နှာကိုယ်စီနှင့်ထွက်သွားကြသည့် နှစ် ယောက်ကိုကြည့်ရင်း ကျန်ရစ်ခဲ့သူနှစ်ယောက်မှာ အံ့သြရမလိုလို၊ အားကျရ မလိုလို၊ မနာလိုရမလိုလို ဖြစ်နေခဲ့ကြသည်။

မိုးစက်လင်းချို၏ အဖော်ကောင်လေးမှာ အဝေရာ၏ သိပေါင်းကျွမ်း ပေါင်းဖြစ်နေသည်။ ဝင်လာကာစက ကိုယ့်ဇာတ်နှင့်ကိုယ်မို့ မမြင်မိကြ။

ထွက်သွားသူနှစ်ယောက်ကို လိုက်လံငေးမောနေရာမှ မိုးစက်လင်းချို က တိမ်တမန်နှင့်မပြီးဆုံးသေးသည့် ရန်ဖြစ်လက်စကို သတိရသွားကာ သူ့ မျက်နှာကို ဆတ်ခနဲကြည့်ရင်း ...

"ဟွန်း ..."

ရှုံ့မဲ့မဲ့လုပ်ပြသည်။ တိမ်တမန်ကလည်း ...

"ဟင်း ..."

ရှုံ့မဲ့ပြီး မျက်နှာလွှဲလိုက်သည်။

မိုးစက်လင်းချိုက တိမ်တမန် ပခုံးစွန်းကို မသိမသာတွန်းတိုက်ပြီး ဆိုင်ထဲမှထွက်သည်။ ခြေနှစ်လှမ်းအကွာရောက်မှ တိမ်တမန်ထံမှ အသံထွက် လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ပို့ပေးရဦးမလား"

ပြောရင်း တိမ်တမန်က သူမဘက်လှည့်ကြည့်သည်။ သူမကလည်း အည့ံမခံ ဆတ်ခနဲ လှည့်ကြည့်ကာ ...

"သွားသေလိုက်ပါလား"

"ကိုယ့်မှာ ကားပါတယ်၊ မင်းမှာလည်းပါမှာပေါ့၊ နှစ်ယောက်သား ခြေကားယား လက်ကားယားနဲ့ ကိုးရိုကားရားကြီး အတူလျှောက်သွားကြရအောင်လေ"

သူ့ကို ဒေါသမျက်ဝန်းအစုံနှင့် ကြည့်နေသည့် သူမ မျက်နှာထားကို သတိမထားဘဲ တိမ်တမန်က အကြောပြောင်နေသေးသည်။

မိုးစက်လင်းချိုက ချက်ချင်း သူမ Shopping bag ကို ဖွင့်ပြီး အထဲမှ မည်သူပေးထားမှန်းမသိသည့် ဖဲကြိုးအနီ ပန်းရောင် ပလတ်စတစ်အကြည်တို့နှင့် လှပသေသပ်စွာ ထုပ်စည်းထားသော အနီရောင် နှင်းဆီတစ်ပွင့်ကို ထုတ်ယူကာ ...

တိမ်တမန်ရှေ့ တည့်တည့်တွင် ပစ်ချပြီး ...

တိမ်တမန် မျက်နှာကို စူးစူးစိုက်စိုက်ကြည့်၍ ...

ပစ်ချထားသည့် နှင်းဆီပန်းကို အံကြိတ်ကာ ဒေါက်မြင့်ဖိနပ်နှင့်နင်းခြေလိုက်သည်။

တိမ်တမန်က သူမမျက်နှာကိုတစ်လှည့်၊ နင်းခြေခံနေရသည့် နှင်းဆီပွင့်ကိုတစ်လှည့် အစုန်အဆန် ကြည့်နေမိသည်။ သူ မိန်းမောနေစဥ်မှာပင် မိုးစက်လင်းချိုက ဆိုင်ပြင်ထွက်သွားပြီဖြစ်သည်။ နောက်ဆုံးတော့ ...

ဒီနေ့ ... ဒီဆိုင်မှာ ... မမျှော်လင့်ဘဲ ပတ်သက်မိသူလေးယောက်အနက် သူတစ်ယောက်သာ ဆိုင်အတွင်းရှိ မျက်လုံးအစုံစုံ၏ စူးစမ်းမှုအောက်တွင် ကျန်နေခဲ့သည်။ သို့သော်လည်း ...

သူ့အတွက်တော့ သိပ်မထူးခြားလှ။ သူသည်လည်း ရာစုသစ်ရဲ့လူငယ်တစ်ယောက်ပီပီ၊ ချစ်တတ် ... ရစ်တတ် ... ပစ်တတ်သူပေပဲမို့ ...



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

သင်္ကြန်ရက်အတွင်း တိမ်တမန်တို့ လမ်းထိပ်တွင် ရေပက်မဏ္ဍပ်ထိုး၍ ရေကစားကြရန် စီစဉ်ကြသည်။ ထိုမဏ္ဍပ်တွင် တီးခတ်ဖျော်ဖြေမည့် Black Rose တေးဂီတအဖွဲ့တွင် တိမ်တမန်က လီဒ်ဂီတာသမား။

တီးဝိုင်းအတွက် Instrument အချို့မှာ သူတို့အပျော်တမ်းဝိုင်းအတွက် ကိုယ်ပိုင်ဖြစ်သည်။ သို့သော်လည်း သင်္ကြန်ကာလတွင် သူများမဏ္ဍပ်များနှင့် ယှဉ်လျှင် ကိုယ့်ဘက်က ပစ္စည်းမညီချင်သဖြင့် အလက်ထရစ်ဂစ်တာအသစ်များကို တီးဝိုင်းကြီးတစ်ချို့ထံမှ လိုက်ငှားဖြစ်ကြသည်။

တီးဝိုင်းကြီးအချို့မှာ ဝိုင်းဖျက်သိမ်းသဖြင့်၊ သို့မဟုတ် အငှားမလိုက်ဖြစ်သဖြင့် မတီးခတ်ဖြစ်ခဲ့လျှင် ဝိုင်းပစ္စည်းများကို အခကြေးငွေဖြင့် မြင့်မြင့်မားမားတောင်း၍ ငှားရမ်းတတ်ကြသည်။

ဂစ်တာလိုက်ငှားရာမှ ဝိုင်းကြီးတစ်ဝိုင်းကို စုပေါင်းတည်ထောင်ကာ ကိုယ်တိုင်တီးခတ်နေသော မြတ်ဘုန်းခန့်နှင့် နောက်တစ်ကြိမ် ဆုံတွေ့လိုက်ရသည်။ တိမ်တမန် လိုအပ်နေသည့် လီဒ်ဂစ်တာက မြတ်ဘုန်းခန့်၏ ဂစ်တာ။ ဝိုင်းခေါင်းဆောင်က ညှိနှိုင်းပေးသည်။ မြတ်ဘုန်းခန့်က တိမ်တမန်နှင့်သီးသန့်တွေ့ဆုံ နှစ်ယောက်တည်း ညှိပြီးမှ ငှားမည်ဆို၍ တမန်မှာ သီးသန့်ဆွေးနွေးရတော့သည်။

“ခင်ဗျား ကျွန်တော့်ကို တွေ့ဖူးမှာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပြီးခဲ့တဲ့ နှစ်ပတ်လောက်က ဒဏ္ဍာရီ ဆိုတဲ့ ဆိုင်လေးမှာ ဟို ... နှင်းဆီပန်းနီနီတွေကို ခြွေတတ်၊ ခြွေတတ်တဲ့ အမျိုးသမီးတစ်ယောက်နဲ့ ခင်ဗျားကို အတူတွေ့ရတာ မဟုတ်လား"

"မှန်တယ် ... ခင်ဗျားမှတ်ဉာဏ်ကောင်းလားပဲ၊ ကျွန်တော်ကတော့ ခင်ဗျားကို မြင်မြင်ချင်း မှတ်မိပါတယ်"

"မှတ်မိစရာကောင်းလောက်အောင် ရန်ပွဲဆက်နေခဲ့တာကို မြတ်ဘုန်းခန့်မှမသိဘဲ ... "

"ဟုတ်လား"

"ဟုတ်တယ် ... နောက်ဆုံးနှင်းဆီနီတစ်ပွင့်ကို နှင်းခြွေပြတာနဲ့ အဆုံးသတ်ခဲ့တယ်"

"အင်း ... ခင်ဗျားသိအောင်ပြောရရင် သူက နှင်းဆီခရေဇီဗျ၊ သူ့ဌ ထဲက မကျေနပ်သမျှကို နှင်းဆီနီကို နှင်းခြွေပြခြင်းနဲ့ ဖော်ပြတတ်တယ်၊ အဲ ... သူ့ကို propose လုပ်မယ်ဆိုရင် နှင်းဆီနီနီတစ်ပွင့်နဲ့ ချဉ်းကပ်ရတယ်၊ သူလက်ခံစဉ်းစားမယ်ဆိုရင် အဲဒီပန်းကို ယူသွားတယ်၊ မယူသွားရင်တော့ စဉ်းစားတဲ့အဆင့်တောင် မရှိဘူးပေါ့ဗျာ"

"သူချစ်သူအဖြစ်လက်ခံရင် မူလပေးစဉ်က နှင်းဆီပန်းမှာ အလှဆင်ထားတဲ့ ဖဲကြိုးနီနဲ့ပန်းရောင် ပလတ်စတစ်အကြည်စကိုပဲ ပြန်ပေးတယ်၊ ပန်းအပါအဝင် အားလုံးပြန်ပေးတယ်ဆိုရင်တော့ ငြင်းပယ်တယ်ပေါ့ဗျာ"

"အိုး ဟိုး ... တစ်မျိုးပါလား"

"အင်း ... ရှိသေးတယ်၊ သူလမ်းခွဲချင်ပြီဆိုရင်တော့ မူလသူသိမ်းထားခဲ့တဲ့ ပန်းပေးသူနဲ့ မျက်နှာချင်းဆိုင်တွေ့ပြီး မျက်စိရှေ့တင် ခြွေပစ်တတ်တယ်"

"သူ့ရဲ့ နှင်းဆီဥပဒေသတွေကလည်း များလှချည်လားဗျ"

"ဒါတောင် ခင်ဗျားကြုံခဲ့သမျှကို အကြမ်းဖျင်းရှင်းပြတာ၊ အများကြီးရှိသေးတယ်၊ နောက်မှ အေးဆေးရှင်းပြမယ်"

"နှင်းဆီပန်းကိုမှ ကြားခံထားပြီး အငြိုးတကြီးနဲ့ခံစားတတ်တာ သူ့ရောဂါထူးဆန်းသလိုပဲနော်"

"အပြင်လူအနေနဲ့ အဲဒီလိုပေါ့ပေါ့တွေးနိုင်ပေမယ့် ကျွန်တော့်လို ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်ခံစားရတဲ့ ကာယကံရှင်ကျတော့ အသည်းနှလုံးကို ဆွဲခြေမွသလို ရင်မှာ ထိတယ်ဗျ၊ အလူးအလိမ့်ပဲ ... ခုမှ နည်းနည်းသက်သာရာရလာတာ"

"ဒါဆို ... ခင်ဗျားတို့ အဲဒီနေ့က လမ်းခွဲကြတာပေါ့"

"ဟုတ်တာပေါ့ဗျာ ... ရှက်စရာပါ"

"မရှက်ပါနဲ့ ... ကျွန်တော်တို့စုံတွဲလည်း အဲဒီနေ့မှာပဲ လမ်းခွဲဖြစ်သွားတာ၊ ခင်ဗျားလိုတော့ နှင်းဆီနီမပါဘူးပေါ့ဗျာ"

"အဝေရာနဲ့ခင်ဗျားက အဲဒီအဆင့်ထိ ရောက်ခဲ့ကြတာကိုး"

"အဝေရာက ကျွန်တော်နဲ့ပတ်သက်တာကို အပြည့်အစုံ မရှင်းပြခဲ့ဘူးထင်တယ်၊ ခင်ဗျားတို့ကရင်းနှီးတဲ့ အသိဟောင်းတွေလို့ထင်တာ"

"ပုံမှန်အသိမိတ်ဆွေဟောင်းအဆင့်ပါပဲ၊ ဒီထက်မပိုပါဘူး ... အဝေရာ ကျွန်တော့်ကို ပြောပြသမျှမှာတော့ ခင်ဗျားနဲ့အပျော်တမ်း အသိမိတ်ဆွေအနေနဲ့ လက်တွဲခဲ့တာမျိုး ပြီးလွယ်စီးလွယ်ပဲ ပြောသွားခဲ့တယ်"

"ခု ပြန်ဆုံကြပြီဆိုတော့ ခင်ဗျားနဲ့အဝေရာတို့ နောက်ထပ်ဆုံဖြစ်နေကြပြီပေါ့"

"တွေ့ဖြစ်ကြပါတယ် ... ခင်မင်မှုရင့်သန်တဲ့ မိတ်ဆွေတွေအနေနဲ့ပေါ့"

တိမ်တမန် ရင်ထဲ လေးပင်သွားစေသည့်စကား။ သူ ... ကြိုးစားပြုံးပြပြီး နားထောင်လိုက်ရသည်။

မြတ်ဘုန်းခန့်က နံရံအံဝှက်ထဲတွင် သိမ်းထားသော ဂစ်တာဘောက်စ်ကိုထုတ်၍ တိမ်တမန်ရှေ့တွင် ဖြန့်ခင်းလိုက်သည်။

"ကျွန်တော့်ကို ဖြေရှင်းမနေပါနဲ့၊ ကျွန်တော်တို့ချင်း ပြီးဆုံးသွားပါပြီ"

"အဝေရာကို ခင်ဗျား ပြန်လည်ချစ်ခွင့်ရမယ်ဆိုရင် ခင်ဗျားဘက်က ဆန္ဒရှိသေးရဲ့လား"

တိမ်တမန် စိတ်လှုပ်ရှားသွားမိသည်။ သို့သော်လည်း ...

"လေထဲက နန်းတော်ကို ကျွန်တော် မတမ်းတတတ်ပါဘူး"

"တကယ်ဖြစ်နိုင်ခြေအပေါ်မှာ အခြေခံပြီး ကျွန်တော်မေးနေတာပါ၊ အဝေရာနဲ့ကျွန်တော်ရဲ့ ရင်းနှီးမှု တစ်ဦးအပေါ်တစ်ဦး သြဇာရှိတဲ့အနေအထားနဲ့ပါ၊ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်ရဲ့တိုက်တွန်းမှုနဲ့ အဝေရာ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ကိုပြန်ခိုဝင်လာနိုင်ပါတယ်"

"အဲဒီအတွက် ကျွန်တော့်ဘက်က ပေးဆပ်မှုတစ်ခုခုတော့ ရှိမှာပေါ့"

"ပေးဆပ်မှုလို့ မသုံးနှုန်းပါနဲ့ဗျာ၊ မိတ်ဆွေရင်းချာချင်း အပြန်အလှန် ကူညီကြတယ်လို့ သဘောထားလိုက်ရအောင်"

"စိတ်ဝင်စားစရာပဲ ဆက်ပါဦး"

"ခင်ဗျားဘက်ကလည်း ကျွန်တော်ဖြစ်စေချင်တာ တစ်ခုကို မဖြစ်ဖြစ်အောင် လုပ်ပေးစေချင်တယ်"

တိမ်တမန်အတွက် အနည်းငယ်တော့ အံ့သြသွားသည်။ သို့သော် မိမိဘက်က သေချာစေလိုသဖြင့် ...

"ကျွန်တော့်ဘက်က ဘာအကူအညီပေးရမှာလဲ၊ ဖြစ်နိုင် မဖြစ်နိုင်ကို ကိုယ်တိုင် ချိန်ဆရဦးမယ်လေ"

"ဖြစ်နိုင်လို့ ကျွန်တော် တောင်းဖြစ်တဲ့အကူအညီပါ ... ပြောရရင်တော့ ခင်ဗျားရဲ့အကျွမ်းကျင်ဆုံး အပိုင်ခွင်ပေါ့ဗျာ"

တိမ်တမန်က အာရုံစူးစိုက်ဟန်နှင့်သာ ခေါင်းညိတ်ပြလိုက်၍ မြတ်ဘုန်းခန့် သူ့စကားကိုဆက်သည်။

"ဒီဂစ်တာကို ငှားချင်လို့ ခင်ဗျားသူငယ်ချင်း အေးမင်းဟန်ကတစ်ဆင့် ကျွန်တော့်ဆီကို ဆက်သွယ်ခဲ့တယ်မဟုတ်လား၊ အေးမင်းဟန်နဲ့ကျွန်တော်က နယ်ရိုးပွဲတွေမှာ လက်တွဲတီးဖူးလို့ ခင်မင်ရင်းနှီးစွဲရှိကြတယ်၊ ဟိုးတစ်နေ့က အေးမင်းဟန်နဲ့ နေရီရီဘားမှာ ဆုံကြတော့ ... ကျွန်တော် မိုးစက်လင်းချိန်နဲ့ လမ်းခွဲရလို့ခံစားနေရတဲ့အကြောင်း ရင်ဖွင့်မိတယ်၊ ဒီမှာတင် အေးမင်းဟန်က ခင်ဗျားအကြောင်း ပြောပြတယ်၊ ခင်ဗျားဟာ အောင်သွယ်တော် စေ့စပ်ညှိနှိုင်းသူ့ပုပ်တဲ့နေရာမှာ အလွန်တော်တဲ့အကြောင်း၊ ခင်ဗျားကြောင့် အဆင်ချောသွားကြတဲ့ စုံတွဲတွေကို ဥပမာပေးပြီးပြောတာ၊ အေးမင်းဟန်က ကျွန်တော့်ကိစ္စအတွက် ခင်ဗျားကို အကူအညီတောင်းပေးမယ်ဆိုတဲ့အကြောင်း ပြောတယ်၊ အဲဒီမှာ ကျွန်တော် စိတ်ဝင်စားသွားတော့တာ၊ ခင်ဗျား အကူအညီကိုယူချင်တယ်၊ ဒါပေမဲ့ ... အသားလွတ်တော့ မယူချင်ဘူး၊ ဒါကြောင့် ... အခုလိုရာကိုတွေ့ပြီး ခင်ဗျားနဲ့သူရဲ့အကြောင်း တီးခေါက်ကြည့်တယ်၊ အဲဒီမှာတင် ခင်ဗျားဟာ အောင်သွယ်တော်လုပ် သူများတွေကြားဝင်ရှုပ်တတ်လွန်းလို့ အခုရောက



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကိုစိတ်မရှည်နိုင်၊ သက်ာမကောင်းဖြစ်၊ သဝန်တို စတဲ့မကျေနပ်မှုတွေကြောင့် အကြောင်းပြချက်ရှာပြီး ခင်ဗျားကို လမ်းခွဲခဲ့တယ်ဆိုတာကို သိခဲ့ရတယ်၊ အဲဒါကြောင့် ...''

တိမ်တမန်က အမူအရာနှင့်မြတ်ဘုန်းခန့်စကားကို တားလိုက်သည်။ ပြီးမှ ...

''အိုကေ ... ကျွန်တော် သဘောပေါက်ပါပြီ၊ လောလောဆယ် ကျွန်တော့်အပိုင်းကို ခဏဖယ်ထားလိုက်ရအောင် ကိုမြတ်ဘုန်းခန့် တောင်းတဲ့ အကူအညီကို ကျွန်တော့်ဘက်က စိတ်သန့်သန့်နဲ့ ကူညီနိုင်ဖို့ပဲ ကျွန်တော်စဉ်းစားပါ့မယ်၊ ကျွန်တော်ဟာ ချစ်သူစုံတွဲတွေကြားမှာ စေ့စပ်ညှိနှိုင်းပေးတဲ့နေရာမှာ အဝင်အထွက်တတ်တယ်ဆိုတာ မှန်သင့်သလောက်မှန်ပါတယ်၊ ဒါပေမဲ့ ကိုယ့်ချစ်သူအဝေရာက လမ်းခွဲသွားတာကိုတော့ ဘယ်လိုမှ ပြန်မစေ့စပ်နိုင်တာ ခြွင်းချက်ဖြစ်နေတယ်''

မြတ်ဘုန်းခန့်က ညင်သာစွာ ရယ်မောရင်း ...

''ဒါမျိုးက ဖြစ်တတ်ပါတယ်ဗျာ၊ နှလုံးခွဲစိတ်ဆရာဝန်တစ်ယောက်က ကိုယ့်နှလုံးကိုယ်ပြန်ခွဲစိတ်လို့ မရသလိုပေါ့ဗျာ၊ ဒါပေမဲ့ ... ကိုတိမ်တမန်က တော့ ကျွန်တော့်နှလုံးလမ်းကြောင်းကို ပြုပြင်ပေးနိုင်မှာပါ''

''မကူညီနိုင်ဘူးဆိုရင် ... ဘယ်လိုအကျိုးဆက်တွေလာမလဲ''

''အားမနာတမ်း ငြင်းပယ်မှုတွေကို ဆက်တိုက်ရင်ဆိုင်ရနိုင်ပါတယ်''

''အပေးအယူသဘောမျိုးလား''

''အပြန်အလှန် အကျိုးသက်ရောက်စေမှုမျိုးဆိုပါတော့''

''အဲဒီသက်ရောက်မှုမှာ ဒီဂစ်တာပါ ပါလား''

''အသေအချာပေါ့ဗျာ''

တိမ်တမန် စဉ်းစားရကျပ်သွားသည်။ သကြံန်ရက်က ဘာမှမလိုတော့။ တခြားရှာငှားရန် မလွယ်သည့်အပြင် မြတ်ဘုန်းခန့်၏ဂစ်တာကလည်း မျက်နှာလွှဲရက်စရာမရှိ။ ထိုဂစ်တာနှင့်တစ်ကိုယ်တော် တီးခတ်ပြရမည့်အခွင့်အရေးကို လက်မလွှတ်ချင်။ ထို့ကြောင့် ...

''အိုကေလေ ... ခင်ဗျားနဲ့မိုးစက်လင်းချိုတို့ ပြန်လည်နီးစပ်ဖို့အတွက် အကောင်းဆုံး အကြံဉာဏ်တွေ ထုတ်ပြီးကူညီမယ်၊ အဓိကကတော့ ဟောဒီ



www.burmeseclassic.com

www.burmeseclassic.com



ဂစ်တာငှားခွင့်ကို လက်မလွှတ်ချင်လို့"

"ဟုတ်ပြီ ... ကျွန်တော်လည်း ခင်ဗျားရဲ့ ရိုးသားပွင့်လင်းတဲ့စကား ကို သဘောကျတယ်၊ ကျွန်တော်နဲ့မိုးစက်လင်းချိုတို့ရဲ့ ပြောင်းလဲလာတဲ့ဆက်ဆံ ရေးအခြေအနေပေါ်မူတည်ပြီး ဒီဂစ်တာက ခင်ဗျားအပိုင်လဲ ဖြစ်သွားနိုင်ပါတယ်"

"လောလောဆယ် လှုပ်ရှားဖို့အနေအထားမှာတော့ ဘယ်လိုပြောရ မလဲ ... ပွဲကျပ်ကြီးဖြစ်နေတယ်လို့ ပြောရမယ်ထင်တယ်၊ ရန်ပွဲနဲ့အဆုံးသတ် ထားတယ်လေ၊ ဘာပဲဖြစ်ဖြစ် ... မိုးစက်လင်းချိုနဲ့ပတ်သက်တဲ့ အသေးစိတ် အချက်အလက်တွေ ကျွန်တော်သိချင်တယ်၊ မိုးစက်လင်းချိုရဲ့ အကျင့်စရိုက်၊ အထာနဲ့အညှာ စသဖြင့်ပေါ့ဗျာ"

"သိရမှာပေါ့၊ ကျွန်တော် အားလုံးပြောပြပါ့မယ်၊ ရန်ဖြစ်ထားတဲ့ အခြေ အနေကိုလည်း ခင်ဗျားရဲ့စွမ်းဆောင်နိုင်စွမ်းနဲ့ ဖြတ်ကျော်နိုင်မယ်လို့ ထင်ပါ တယ်၊ အဝေရာရဲ့စကားအရ တစ်ယောက်နဲ့တစ်ယောက် တွေ့ရင် သတ်ချင် လောက်အောင်မုန်းတဲ့ စုံတွဲကိုတောင် ရအောင်စေ့စပ်ပေးနိုင်တာ ကိုတိမ်တမန် ပဲဆိုတာ ကျွန်တော် ကြားသိထားတယ်"

"အလွန်အကျွံတော့ မမျှော်လင့်ထားပါနဲ့ဗျာ၊ လုပ်တိုင်းဖြစ်တဲ့အနေ အထားမျိုးအထိတော့ မဟုတ်ပါဘူး၊ အခြေအနေ အချိန်အခါကို အလိုက်သင့် စီးမျောခွင့်ရတဲ့အခါမျိုးမှာ အောင်မြင်မှုရခဲ့တာပါ"

"ကျွန်တော်ကတော့ ယုံတယ်၊ ခင်ဗျားလုပ်နိုင်မယ်လို့ တစ်ခုတော့ တယ်နော် ... ဒီအကြောင်းတွေကို ခင်ဗျားနဲ့ကျွန်တော်ကလွဲလို့ နောက်ထပ် ဘယ်လိုတစ်ဦးတစ်ယောက်ကိုမှ အသိမပေးစေချင်ဘူး၊ ယောက်ျားကတိ နှုတ်ထွက် ပေးစေချင်တယ်"

"ကျွန်တော့်ကိုယုံတယ်ပြောပြီး ကတိတောင်းနေတာ ဟာသဖြစ်မနေ ဘူးလားဗျ ... စိတ်ချပါ၊ ကျွန်တော့်လုပ်ငန်းသဘာဝကိုက နှုတ်လုံမှ ပိုအဆင် ပြေတာပါ"

"ဒိုကေ ... တစ်နေ့မှာ အဝေရာ ခင်ဗျားရင်ခွင်ထဲပြန်ရောက်လာ စေရမယ်လို့ ကျွန်တော် ကတိပေးတယ်"

"အဲဒါထက် အရေးကြီးတာက ... ဟောဒီဂစ်တာပါ"

"ယူသွားနိုင်ပြီ ကိုတမန်"

တိမ်တမန်က ဂစ်တာအိတ်ကြီးကို ကောက်လွယ်လိုက်သည်။ မြင်



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းခန့်က အိမ်ပေါက်ဝအထိ လိုက်ပို့သည်။

"မိုးစက်လင်းချိုနဲ့ ပတ်သက်တာတွေ ဘယ်တော့လောက်သိချင်လဲ"

"ဒီည တီးဝိုင်းတိုက်ရမှာ၊ မနက်ဖြန်မနက်ပိုင်း အားတယ်၊ ဘယ်မှာဆုံမလဲ"

"ဒါဆို ... မနက်ဖြန် မိုးစက်လင်းချိုရဲ့ ရှေ့မှာပဲ ဆုံကြတာပေါ့"

တိမ်တမန်၏မျက်ခုံးတစ်ဖက် မြင့်တက်သွားသည်။ မြတ်ဘုန်းခန့်က ခပ်ပြုံးပြုံးကြည့်နေသဖြင့် ဘာမှတော့ နှုတ်ကမမေးတော့။ အိမ်ပြန်လမ်းကိုသာ ရှေးရှုလိုက်သည်။

သာယာမှုတစ်ဝက်၊ မှုန်မှိုင်းမှုတစ်ဝက် ကောင်းကင်၏အောက်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"အဲဒါပဲကွာ ... မင်းရဲ့ကောင်းမှု အကြောင်းပြုရတော့မယ် မင်းဟာန်"

ဂစ်တာငွားရမ်းရရှိလာပုံကို အသေးစိတ်ရှင်းပြရင်း တိမ်တမန် ဖြည့်စွက်အနားသတ်လိုက်သည့်စကား ဖြစ်သည်။

အေးမင်းဟာန်က ဒရမ်ကို ခပ်ဖွဖွရိုက်ပြီး စမ်းသပ်လိုက်သည်။ ပြီးမှ ... ဘေ့စ်ဂစ်တာ အသံမထွက်၍ ပလပ်ပေါက်တွေ ဟိုစမ်းဒီစမ်းလုပ်နေသော ဝေယံဘက်ကိုလှည့်ကာ ...

"မြတ်ဘုန်းခန့်နဲ့တွေ့တဲ့ညက ဝေယံပါတယ်၊ မေးကြည့်ပါလား ... ငါက မင်းကို ရှိုးလ်တင်ပြီး ပွဲထုတ်ခဲ့တာ၊ မြတ်ဘုန်းခန့်ရဲ့ကောင်မလေး မိုးစက်လင်းချို့ဆိုတာကလည်း ချစ်ခြင်းဖွဲ့အတတ်ပညာမှာ ဆရာကြီးအဆင့်လွန်ပြီး ကဝေအဆင့်ရောက်နေပြီ ယောက်ျားတစ်ယောက် ပါးစပ်ဟလိုက်တာနဲ့ အူဘယ်နှစ်ခွေရှိလဲဆိုတာတောင် သိနေလောက်ပြီ၊ အဲဒီလို မိန်းမမျိုးကို စိတ်ပြန်လည်လာအောင် စွမ်းဆောင်နိုင်မှာဆိုလို့ အောင်သွယ်တော် မြားနတ်မောင် စေ့စပ်ညှိနှိုင်းရေးဂရုကြီး တိမ်တမန်ကလွဲလို့ ဘယ်သူမှ ငါတို့မမြင်ဘူး၊ အဲဒါကြောင့် မြတ်ဘုန်းခန့်ကို ငါတို့အသိပေးလိုက်တာ ... မင်းအနေနဲ့ အခုလောက်ထိ အပေးအယူသဘောမျိုးလုပ်ပြီး ဂစ်တာငှားရလာခဲ့တဲ့အဆင့်ရောက်အောင် ငါတို့ ဆေးထိုးပေးခဲ့တာ မဟုတ်ပါဘူးကွာ"

"မင်းကို အပြစ်ပြောတာ မဟုတ်ပါဘူး မင်းဟာန်ရာ၊ ငါ့ဘက်က



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ပြောသလောက် မစွမ်းဆောင်နိုင်ခဲ့ရင် အရှက်ကွဲတဲ့အပြင် ကတိသစ္စာ မဲ့ရာပါရောက်မှာ၊ မင်းတို့ကို မဖြစ်မနေ ဖွင့်ပြောရတာကလည်း လိုအပ်လာရင် မင်းတို့အကူအညီကို ယူရမှာမို့ တမင်ဖွင့်ပြောလိုက်ရတာပဲ ... မြတ်ဘုန်းခန့် သိရင်ကတိမတည်ဘူး၊ နူတ်ဖွာတယ်ဆိုပြီး ငါ့ကို အထင်သေးမှာ သေချာတယ်"

"ငါတို့လျှောက်မဖွပါဘူးကွာ၊ မင်းကိုယ်မင်းသာ ယုံယုံကြည်ကြည်နဲ့ ... ဖြစ်ကိုဖြစ်မှာ ... ဒီဘဝ ဒီမျှသာဆိုတဲ့ ဝင်းလွင်ဦးတို့အတွဲ ကွဲနေတာ နှစ်နှစ်ကြာမှ မင်းပြန်စေ့စပ်ပေးတာတောင် အခုပြန်ပေါင်းသွားပြီ၊ ဖိုက်တင် ဇလေးရင်း ဝေးသွားကြတဲ့ ကိုအေးကိုကြီးတို့ လင်မယားကို မင်းရင်ကြားစေ့ ပေးလိုက်တာ အခုနောက်ကလေးတစ်ယောက်တောင် ရနေပြီ၊ ငါတို့နောက် သမီးက ဦးအကိန်းတို့ လင်မယားကို မင်းပြန်စေ့စပ်ပေးလိုက်ပြီးမှ မွေးတာ တောင် ခုဆို ဘောလုံးတစ်သင်းစာ ရနေပြီ"

အေးမင်းဟန် စကားအဆုံးမှာ ဝေယံက အဟီးဆိုရယ်ရင်း ...

"အေး ... မင်းကြောင့်ပဲ ငါတို့လမ်းထဲက လူပျိုကြီး အပျိုကြီးစုံတွဲ တောင် ပြီးခဲ့တဲ့လက မင်္ဂလာဆောင်သွားပြီ မဟုတ်လား၊ မင်းက မြားနတ်မောင် ... တကယ့်မြားနတ်မောင်အစစ်၊ မင်းကြောင့် ပြေလည်သွားတဲ့စုံတွဲတွေအများ ကြီး၊ ပြောရရင်တော့ မြန်မာပြည်လူဦးရေ တိုးပွားရေးမှာ တစ်ထောင့်တစ်နေရာ ... ကူညီနေသူပေါ့ကွာ ... အဲဒီကိစ္စမျိုးကျရင် မင်းက ခေါင်းကောင်းတယ်၊ ... ကောင်းတယ်၊ ဒါကြောင့် ... မင်းကို အားကိုးနိုင်းတာ"

"ဟုတ်တယ် ... သူများအကျိုးဆောင် ကိုယ့်ပုဆိုး ... အဲ ... ကိုယ့်အကျိုးအောင်ဆိုတာ ခုပဲမင်းလက်တွေ့လေ၊ မင်းလိုချင်တဲ့ ဂစ်တာကို ... ခတောင်မပေးရဘဲ မေတ္တာနဲ့ ငှားလို့ရခဲ့တယ်"

"မင်းတို့က ဒါပဲသိတာကိုး၊ မိုးစက်လင်းချိုဆိုတာ ရန်လိုနေတဲ့ကျား ... တစ်ပေါက်မလေးလိုပဲနော်၊ သိပ်မလွယ်လှဘူး၊ အပွဲပွဲနွှဲလာသမျှ ဒီတစ်ခါမှ ... ဒါ ကွဲတော့မယ်ထင်တယ်"

သူတို့၏အခြေအနေ စကားဝိုင်းကို အော်ဂင်တီးခတ်ပညာရှင်ဖြစ်သော ... ကိုမျိုးမာန်က တီးဝိုင်းခေါင်းဆောင်ပီပီ ဝင်ဖြတ်သည်။

"ကဲ ... မင်းတို့ အဆင်သင့်ဖြစ်ပြီလား၊ မင်းတို့ရဲ့ အခန်းဆက်ဖွင့်ပွဲ ... ဖျော်ပွဲကြီးကို ခဏရပ်၊ တမန်ကလည်း မင်းအာမခံခဲ့ပြီ၊ လုပ်ကိုလုပ်ရမယ့်ကိစ္စ၊



www.burmeseclassic.com

www.burmeseclassic.com



တွေးတောပူပန်မနေနဲ့၊ ငါတို့လည်း လိုအပ်ရင်ဝိုင်းကူမှာပဲ … ဒီမှာ ကိုဆိုချင်မဆိုချင်တွေက သီချင်းတိုက်ပေးဖို့လာခေါ်နေကြပြီ၊ တချို့က အလုပ်ဖျက်ပြီး သီချင်းလာတိုက်ကြရတာ၊ ဝါသနာကြီးလွန်းလို့သာ ဒီကိစ္စမှာ ငွေစိုက်ပြီး အချိန်ကုန်ခံ အပင်ပန်းခံကြတာ၊ ငါတို့မဏ္ဍပ်ကလည်း သူများထက် သာချင်တာ၊ ဒီတော့ … လောလောဆယ် အပြောလေးတွေလျှော့ အလုပ်လေးတွေ စရအောင် … ”

“သူလည်း လျှော့ရမှာပဲ၊ ခု … သူပြောတာကို စီဒီတစ်ချပ်စာ ဖြစ်နေပြီ”

ဝိုင်းတွင် အငယ်ဆုံး၊ အအေးဆုံး ဝင်းမိုးနောင်က မကြားတကြား ပြောသည်။ ဝိုင်းခေါင်းဆောင် လှည့်ကြည့်တော့ သူမဟုတ်သလို မျက်နှာပေးနှင့် ဂစ်တာကြိုးကိုသာ ညှိနေသည်။

တိမ်တမန်တို့အဖွဲ့သားတွေ အမြန်ပြင်ဆင်ကြရင်း အလုပ်များသွားတော့သည်။ ဝါသနာရှင်များကို သီချင်းတိုက်ပေးရသည်။ မြတ်ဘုန်းခန့် ကိုယ်ပိုင်ဝယ်ထားသော ဂစ်တာလေးမှာ တိမ်တမန် စိတ်ကြိုက် ဖြစ်နေသည်။

သီချင်းတိုက် ခဏရပ်နားချိန်တွင် ဂစ်တာကြိုးများပေါ် အနုပညာမှော်ဝင်စားသော လက်ချောင်းများနှင့် လိုသလို စိတ်ကြိုက်ကစားကြည့်လိုက်သည်။ ရေလှိုင်းတွေ တဝေါဝေါမြည်လာရာမှ မိုးချုန်းသံကဲ့သို့ အသံတွေ ဒုံးဒုံးထအောင် ထွက်ပေါ်လာသည်။

လိုချင်သော စိတ်ကြိုက်သံစဉ်မျိုးစုံကို စမ်းသပ်ပြီးနောက် ဂစ်တာလေးကို ပိုမိုမြတ်နိုးတန်ဖိုးထားပြီး ပိုင်ဆိုင်လိုစိတ်တွေ တဖွားဖွားပေါ်ပေါက်လာသည်။

တန်ဖိုးမြင့် ရှားပါးဂစ်တာလေးဖြစ်နေ၍လည်း သူ့အနေနှင့် ပိုင်ဆိုင်ဖို့ဆိုသည်မှာ စိတ်ကူးယဉ်အဆင့်မျှသာ တီးခတ်ခွင့်ရသည်ကပင် မဟာအခွင့်အရေးဖြစ်နေသည်။ ချို့ချို့ငဲ့ငဲ့ ဂစ်တာသမားဘဝ။

ထိုမှတစ်ဆင့် မြတ်ဘုန်းခန့်နှင့် အပေးအယူသဘောတူညီမှုကို သဘောရသွားပြန်သည်။

မျက်မာန်တင်းနေသော မိုးစက်လင်းချို့မျက်နှာ။

စူးရှဝင်းပြက်သော မာနမျက်ဝန်းအကြည့် …



www.burmeseclassic.com

www.burmeseclassic.com



တည်တင်းထောင်လွှားသော နှုတ်ခမ်းလွှာ ...
မောက်မာပြတ်သားသော နှုတ်ထွက်စကား ...
လျှပ်တပြက် တိုက်ကွက်ဆန်ဆန် လှုပ်ရှားတတ်မှု။

စသည်တို့ကို တစ်ခုချင်း ခွဲခြားဆန်းစစ်မိသောအခါ သူမနှင့်ရင်းနှီး ရအောင် ပထမဦးစွာ လုပ်ရမည့်အရေးပင် အကွက်မမြင်အောင်ဖြစ်ရသည်။

နှင်းဆီခရေဇီ မိန်းမတစ်ယောက်မို့ ချဉ်းကပ်လာသည့် Black Rose ဒီးဝိုင်းအဖွဲ့ဝင်တစ်ယောက်ကို ဘယ်လိုကြိုဆိုမှာလဲ ... ဆက်ဆံမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

တကယ်ပင် ...

တိမ်တမန်နှင့် မြတ်ဘုန်းခန့်တို့နှစ်ယောက် မိုးစက်လင်းချို၏ရှေ့တွင် တွေ့ဆုံဖြစ်ကြသည်။ သူတို့နှစ်ယောက် လှုပ်ရှားပြောဆိုသမျှကို မိုးစက်လင်း က ခပ်ပြုံးပြုံးလေး ကြည့်နေသည်။ မြတ်ဘုန်းခန့်ကလည်း အချိန်မဆိုင်း စကားစသည်။

"မိုးစက်လင်းချို့ရဲ့ မိဘမျိုးရိုးက အစဉ်အဆက်ထိုင်စားနိုင်လော အောင် ချမ်းသာကြတဲ့လူတွေ၊ မိုးစက်လင်းချို့ရဲ့ မိဘတွေလက်ထက်မှာတော့ ထိုင်စားဖို့ ရေရှည်မလွယ်တော့တာကြောင့် စီးပွားရေးလုပ်ငန်းကြီးကြီးမား တွေ ထလုပ်ကြတယ်၊ သူ့မိဘတွေရဲ့ လုပ်ငန်း မကျွမ်းကျင်တာရယ်၊ အလိမ် ရတာတွေရယ်ကြောင့် အကြီးအကျယ် ဆုံးရှုံးခဲ့တယ်၊ အဲဒီစိတ်နဲ့ပဲ သူ့အဖေ ကွယ်လွန်တယ်၊ မိုးစက်လင်းချို့မှာ အစ်ကိုတစ်ယောက်ရှိတယ်၊ အဲဒီအစ်ကို ပြည်ပနိုင်ငံတစ်ခုမှာ အလုပ်ရနေတာနဲ့ ကျန်ခဲ့တဲ့အမေနဲ့နှမကို ထောက်ပံ့နေ သူတို့မိသားစုအခြေမပျက်တာပေါ့၊ ဒါပေမဲ့ ... ဆင်ပိန်ကျွဲဆိုသလို လက်ရှိ နေတဲ့ တိုက်နဲ့ခြံကြီးအပြင် ကားနဲ့တခြားအတွင်းပစ္စည်းပိုင်ဆိုင်မှုတော့ ရှိ ပေါ့၊ ဒါကြောင့်လည်း ... မိုးစက်လင်းချို့မှာ ပစ္စည်းမာန် ကျန်နေသေး ဖြစ်မယ်၊ သူလည်း သူ့အစ်ကိုနောက်လိုက် အလုပ်လုပ်ဖို့ ဘာသာစကားသင်တ တွေတက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဘုန်းခန့် ရှင်းချက်ထုတ်နေသည့် မိုးစက်လင်းချို ပကာသနီမှာ ရှည်လျားထွေပြားလှသဖြင့် တိမ်တမန် အာရုံဝင်စားနိုင်ရန် ကြိုးစားနေရသည်။

နောက်ဆုံး သည်းမခံနိုင်တော့သဖြင့် သိလိုသည့် ...

မိုးစက်လင်းချို၏စရိုက် ...

မိုးစက်လင်းချို၏ အကြိုက် ...

မိုးစက်လင်းချို၏ အတာ ...

မိုးစက်လင်းချို၏ အညာ ... တို့ကို တည့်မေးရတော့သည်။

ထိုအခါမှ ... မိုးစက်လင်းချို၏ နှင်းဆီခရေဇီ ရောဂါကို အနုစိတ် သိရသည်။

သူမနှင့်တရားဝင်ချစ်သူဖြစ်ရာမှ ပြတ်စဲလမ်းခွဲခံရသော ယောကျ်ား လေးငါးယောက်ခန့်ရှိသည်။ နောက်ဆုံးလူမှာ မြတ်ဘုန်းခန့်။

ရုပ်ရှိရေလျှံ မြတ်ဘုန်းခန့်က အမျိုးမျိုး ခယတောင်းပန်သော်လည်း မိုးစက်လင်းချိုက လုံးဝပြန်လက်မခံခဲ့။ ထို့ကြောင့် တိမ်တမန်မှတစ်ဆင့် လှည့်ကြံခြင်းဖြစ်သည်။

မိုးစက်လင်းချို ခံယူထားသော မကောင်းသည့်စိတ်သဘောထားတစ်မျိုး ရှိနေသည်။ ထိုအရာမှာ ...

ယောကျ်ားတိုင်းကို သူမ ပြုသမျှ နုရမည့်ကစားစရာ သတ္တဝါတွေအဖြစ် မြင်နေခြင်းဖြစ်သည်။ သနားချင်စရာ မရှိသည့် ကျားသတ္တဝါတွေအဖြစ်လည်း ထင်မှတ်မှားနေရှာသေးသည်။

မိုးစက်လင်းချို၏အထာမှာ ညက်ညက်ကလေးနှင့်တစ်ဖက်လူကို မိမိ ရေးအလဲထိုးသိပ်တတ်ခြင်း၊ မထင်မှတ်သော မမျှော်လင့်သော၊ မတွေးထားမိ သော နေရာမှ လျှပ်တပြက် ပေါ်လာသည်။ ထိုးနှက်မှုမျိုးဖြင့် ရှုတ်တရက် သုပ်ကြံတတ်ခြင်းမျိုး ဖြစ်သည်။

မိုးစက်လင်းချို၏အညာမှာ အလှအပမက်မောခြင်း၊ အပျော်အပါး နှုံမင်ခြင်း၊ စွဲမိစွဲရာ စွဲလမ်းတတ်ခြင်းအပြင် မိခင်ကို လွန်လွန်ကဲကဲချစ်တတ် သံယောဇဉ်ပိုတတ်ခြင်း ဖြစ်သည်။ မိခင်က ရှင်ဆိုရှင် သေဆိုသေမည့် မိန်း ကလေးမျိုး။ သူမ မိခင်မှာ သူမအညာပင်ဖြစ်သည်။

မိုးစက်လင်းချို၏ပါဝါမှာ မြင်မြင်သမျှ ပုရိသကို ဆွဲဆောင်နိုင်စွမ်း



www.burmeseclassic.com

www.burmeseclassic.com



ရှိသည့် စွဲမက်ဖွယ်အလှအပကို ပိုင်ဆိုင်ထားခြင်းဖြစ်သည်။

မိုးစက်လင်းချို၏အကြိုက်မှာ နန်းကြီးသုပ်၊ စတော်ဘယ်ရီမစ်ရှိတ်၊ သဇင်ပန်း။ သစ်ခွပန်း။

အဆင့်မြင့်မြင့်နေထိုင်သွားလာရသည်ကို ကြိုက်သည်။ ရုပ်ရှင်ကြိုက်သည်။

သူမကိုမှမရလျှင် သေရပါတော့မည်ဟု အသနားခံနေကြသော ယောက်ျားလေးတွေ ပိုင်းပိုင်းလည်နေတာကို လွန်စွာနှစ်သက်သည်။ ထိုသို့ ဖြစ်နေစေရန်လည်း မြတ်ဘုန်းခန့်ကို တမင်စွာပစ်သည်။

မြတ်ဘုန်းခန့်က အနားရောက်မလာ၊ တခြားလူများကဲ့စွန့်ပစ်ခံရသော်လည်း မိုးစက်လင်းချိုထံပါးတွင် ခစားမပျက်၊ ဆက်လက်ဝန်းရံနေကြသည်။ နောက်လူဘယ်လိုပင်တွဲတွဲ မျှော်လင့်ချက်သေးသေးလေး ပေးထားသည်ကို ခိုမင်စွာ ဖက်တွယ်လျှက် ရင်နာနာနှင့် စောင့်နေကြမြဲ။

အနားမလာသည့် မြတ်ဘုန်းခန့်က အကြံကြီးသည်။ ထိုပင်မြင့်စံပန်း အလှကို တုံးအမှတ်၊ တံချူအမှတ် သဘောထားသည့်တိမ်တမန်နှင့် အရယူရန် ကြံစည်သည်။

မြတ်ဘုန်းခန့်က မိုးစက်လင်းချို၏လိပ်စာနှင့် ဖုန်းနံပါတ် မိသားစု အမည်များပါ ပေးလိုက်သည်။

တိမ်တမန်နှင့်မြတ်ဘုန်းခန့်တို့ ပြောသမျှကို ပြုံးပြုံးလေးကြည့်နေသည့် မိုးစက်လင်းချို၏ဓါတ်ပုံကြီးက နှစ်ဆယ့်လေးလက်မခန့် ရှိပြီး ကနုတ်မှန်ဘောင် တပ်ထားသည်။

မိုးစက်လင်းချို မသိဘဲ ရယူခဲ့သည့်ဓါတ်ပုံကို ပုံကြီးချဲ့ မှန်ဘောင်သွင်းကာ မြတ်ဘုန်းခန့်က သူ့အိပ်ခန်းထဲတွင် ချိတ်ထားခြင်းဖြစ်သည်။

မြတ်ဘုန်းခန့်က တိမ်တမန်ကို သူ့အိပ်ခန်းထဲတွင် လက်ခံစကားပြော ခြင်းဖြစ်သဖြင့် မိုးစက်လင်းချိုရှေ့တွင် ပြောမည်ဟု မြတ်ဘုန်းခန့်ဆိုလိုခြင်း ဖြစ်၏။

သူတို့နှစ်ယောက် ပြောစကားများကို လူစင်စစ် မိုးစက်လင်းချိုရှေ့တွင် ပြောခဲ့ပါက သူမဒေါသမျက်စောင်းကြောင့် သူတို့နှစ်ယောက် ယနေ့လောက် ဆိုလျှင် ပြာဖြစ်နေလောက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် မြတ်ဘုန်းခန့်က မိုးစက်လင်းချို၏အလှဓါတ်ပုံ သုံးလေးပုံကိုလည်း တိမ်တမန်အား ပေးလိုက်သည်။

"ဒီဓာတ်ပုံတွေကို အရင်းပြုပြီး မိုးစက်လင်းချိုနဲ့ နားလည်ရင်းနှီးမှုရအောင် ခင်ဗျား ကြိုးစားကြည့်ပေတော့၊ ခင်ဗျားလက်ထဲမှာ ဒီဓါတ်ပုံရှိနေတာမြင်သွားရင် မိုးစက်လင်းချိုရဲ့စိတ်ဝင်စားမှုကို ခင်ဗျား စတင်ရရှိလိမ့်မယ်"

"အိုကေ ... လမ်းကြောင်းတစ်ခု ရတာပေါ့ဗျာ"

"ခင်ဗျားနဲ့သူမနဲ့ ပတ်သက်တဲ့ လှုပ်ရှားမှုမှန်သမျှဟာ ကျွန်တော်နဲ့ ပြန်လည်စေ့စပ်ပေးဖို့အတွက်ပဲဆိုတာကိုတော့ ခင်ဗျား ဘယ်တော့မှမမေ့ပါနဲ့"

ထိုစကားကြောင့် တိမ်တမန်က ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။

"ခင်ဗျားဟာမလေးနာမည်က မိုးစက်လင်းချိုပါနော် ... ကျွန်တော်က ခင်ဗျား Miss Universe နာမည်နဲ့များ မှားနေသလားလို့"

တိမ်တမန်စကားကြောင့် မြတ်ဘုန်းခန့် ပြုံးသွားသည်။

"ကိုယ့်ရင်ထဲက မြတ်နိုးတဲ့အရာဟာ လောကမှာရှိတဲ့ ဘယ်အမြင့်ဆုံးအရာနဲ့မှ တိုင်းတာနှိုင်းယှဉ်လို့ မရဘူးဆိုတာ ခင်ဗျားလည်း ကြာရင် သတိထားမိလာမှာပါ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

မိုးရေထဲ ဖြတ်ပြေးလာသော တိမ်တမန်ကို အဝေရာက ဆီးကြိုထီးမိုးပေးသည်။

"ကြည့်စမ်း ... တမန့် တစ်ကိုယ်လုံးစိုရွှဲနေပြီ၊ ထီးကိုင်မပျင်းပါနဲ့ ထီးယူလာပါလို့ အဝေရာမှာသမျှ ဘယ်တော့မှ အလေးမထားဘူးနော်၊ အဲဒီလို နားမထောင်တဲ့အကျင့်ကြောင့် အဝေရာတို့ တကျက်ကျက်ဖြစ်နေရတာ"

"နောက်တစ်ခါ ထီးယူလာပါ့မယ်အဝေရာရယ် ... အဘွားအိုလေးလို ဗျစ်တောက် ဗျစ်တောက်လုပ်မနေစမ်းပါနဲ့၊ ဟိုရှေ့က သစ်ပင်ရိပ်အောက်မှာ ခဏခိုရအောင်၊ မိုးက များလာပြီ ... နှစ်ယောက်လုံး စိုကုန်တော့မယ်"

"ကျောင်းလွယ်အိတ်တွေ စိုကုန်မှာပဲစိုးရတယ်"

"လာပါ ... သစ်ပင်ရိပ်မှာဆို မိုးစိုသက်သာလိမ့်မယ်"

နှစ်ယောက်သား စိန်ပန်းပင်အိုကြီးအောက် ခိုဝင်လိုက်ကြသည်။ စိန်ပန်းတွေ ရဲရဲနီအောင်ပင်ယံမှာ ပွင့်နေကြသလို ခြေမှာလည်း ဖွေးဖွေးနီအောင် ပြန့်ကျဲကြွေကျနေကြသည်။

စိန်ပန်းနီနီခင်းသော အပင်ခြေရင်းတွင် မိုးသက်လေပြင်းဒဏ်ကို ကြုံကြုံခံရင်း ချစ်သူကို ရင်ငွေ့လုံ့သလို ထွေးဖက်ထားမိသည်။

ရှက်စိတ်ကြောင့်လားမသိ အဝေရာ့ပါးပြင်နှစ်ဖက်က စိန်ပန်းနီနီများနှင့်အပြိုင် အနီရောင်ပြေးလျှက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲ တိမ်တမန်က လမ်းပေါ်မှ လူပြတ်ချိန်ကိုအခွင့်ကောင်းယူပြီး အဝေရာ့နဖူးပြင်ကို ခိုးနမ်းလိုက်သေးသည်။

"သိပ်ချမ်းနေလား"

"ချမ်းတာပေါ့"

"အောင့်ခံထားလိုက်လေ ... ခဏနေရင် ကိုယ့်ရင်ငွေ့နဲ့နွေးလာမှာပါ"

"မနွေးလာခင် အရိုးတွေ ကျေမယ်ထင်တယ်"

တိမ်တမန် အဟီးဆိုရယ်ရင်း အနည်းငယ် လျှော့ပေးသည်။

"ဒီလိုပဲ မိုးဆက်တိုက်ရွာနေရင် အဝေရာနဲ့ကိုယ် ဒီနေရာမှာပဲ အိမ်ထောင်ပြုဖြစ်တော့မယ်ထင်တယ်"

"ဒါပဲပြောချင်နေတယ် ... ဟွန်း ... "

"ချစ်သူတွေပဲကွာ ... အချစ်နဲ့သက်ဆိုင်တာပဲ ပြောတာပေါ့၊ ဘယ်သူမှာမှ မကြားနိုင်တာ၊ လမ်းပေါ်က ဖြတ်သွားတဲ့ကားတွေက မိုးစိုမှာစိုးလို့ မှန်အလုံပိတ်သွားကြတယ်၊ ဖြတ်သွားဖြတ်လာလူတွေကလည်း မိုးပက်မှာစိုးလို့ ထီးကိုနိမ့်ဆောင်းသွားကြတယ်၊ ကိုယ်တို့နှစ်ယောက်ကို ဒီနေရာမှာ ရှိတယ်လို့တောင် ဘယ်သူမှ မမှတ်ကြဘူး၊ ကဲ ... ဘယ်လောက်လွတ်လပ်လိုက်သလဲ"

"ဆရာကြီး ... သိပ်ပွားမနေနဲ့၊ မိုးစဲစ ပြုလာပြီ"

"ဟာကွာ ... ဒီမိုးကလည်း ဒီမှာအနွေးဓါတ်တောင် မရချင်သေးဘူး"

"ခစ် ... ခစ် ... "

အဝေရာ၏ ချစ်စဖွယ် ရယ်ဟန်လေးကြောင့် တမန် စိတ်မထိန်းနိုင်ပြန်။ လမ်းသွားလမ်းလာ လစ်မလစ် ဝေ့ကြည့်ပြီး အဝေ့ရာ့ပါးပြင်ကို လှစ်ခနဲ ခိုးနမ်းလိုက်ပြန်သည်။

အဝေရာက ပတ်ဝန်းကျင်ကို ပြူးပြူးပျာပျာလိုက်ကြည့်ရင်း မြနှ ဟန်ပြသည်။

"မိုးလည်းပါးပြီ ... ပြန်ကြရအောင်ကွာ"

"နေပါဦး အဝေရာရယ် ... ဟိုရှေ့ကခုံတန်းမှာ ခဏထိုင်ပြီး စကားပြောရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"မလွှန်လွန်းဘူးလား ... ကျောင်းမှာလည်း နေ့တိုင်းတွေ့နေရတယ်၊ စကားတွေလည်း ပြောရလွန်းလို့ အပ်ကြောင်းထပ် ရိုးအီနေပြီ၊ ဘာတွေများ ပြောစရာကျန်သေးလို့လဲ၊ အလွတ်ရနေတာတွေကို ပြန်ရွတ်ပြမလို့လား"

"ဘယ်လိုပြောလိုက်တာလဲ အဝေရာရယ် ... ကိုယ်နဲ့နေရတာ မငြီး အတွက် အဲဒီလောက်တောင် ခံစားချက်တွေ ခံတွင်းပျက်နေပြီလား"

"တမန်ကရော ... အဝေရာ ဖြစ်စေချင်သလို လိုက်နာလို့လား၊ ဟိုစုံတွဲကြားဝင်ပါ၊ ဒီစုံတွဲကြားဝင်ပါနဲ့ ပါလေရာ ဇာတ်ရှုပ်ကြီးလုပ်နေတာ၊ အဝေရာ နည်းနည်းလေးမှ မကြိုက်ပါဘူးဆိုတာ ခဏခဏ ပြောလည်း နား ထောင်လို့လား"

"အများအကျိုးဆောင်ပေးတာပါကွာ၊ ချစ်သူတွေ ပေါင်းဖက်သွားကြ တာကိုမြင်ရတာ ဘယ်လောက်ကြည်နူးဖို့ကောင်းလဲ ... မုဒိတာ ပွားစရာ လုပ်ရပ်ပါ အဝေရာရယ် ... ကိုယ့်ရဲ့ဒီလုပ်ရပ်အတွက် အဝေရာက ပီတိဖြစ် ပြီး ဂုဏ်တောင်ယူသင့်သေးတာ"

"ဘာ ... ဒါ ... ဂုဏ်ယူစရာလား၊ အားအားရားရား ဟိုလူ့ကိုယ် စားကြားဝင် တောင်းပန်ရ၊ ဒီလူ့ကိုယ်စား ကြားဝင်ဖျောင်းဖျရနဲ့ အောက်ကျ နောက်ကျနိုင်တဲ့အလုပ်တွေ တမန်မို့ ခေါင်းရှုပ်ရင်ရှုပ်ခံပြီး လုပ်နေတာ"

"စမိတုန်းကတော့ အေးမင်းဟန်တို့ ဝေယံတို့ဖော်ကောင်လုပ်လို့ တစ်စ တစ်စ လူသိကုန်တာပါကွာ၊ ခုတော့ ... သူတို့အဖွဲ့ကောင်းလို့ ဟိုလူက အကူ အညီတောင်း၊ ဒီလူက အကူအညီတောင်းနဲ့မို့၊ ပြီးတော့ ... လုပ်တိုင်းလိုလို လည်း အဆင်ပြေကြတာမို့ အချစ်အကျိုးတော်ဆောင်ကောင်းတစ်ယောက် အဖြစ် ပတ်ဝန်းကျင်က သူတို့ဘာသာ သတ်မှတ်ကြတာပါ၊ ဒီလိုနဲ့ ..."

"ဘာပဲဖြစ်ဖြစ် အဝေရာ တကယ်မကြိုက်ဘူး တမန်ရာ ... ကြာ ရင် အဲဒီကိစ္စကြောင့် အဝေရာနဲ့တမန်ရဲ့ အနာဂတ် ပျက်စီးသွားလိမ့်မယ်၊ ဟိုတစ်နေ့ကလည်း ကျောင်းထဲမှာ ထက်ထက်ခေတ်တို့စုံတွဲကို လိုက်ညှိပေးနေ တာ ဘေးကမြင်ရတဲ့လူအဖို့ သိပ်ရှက်ဖို့ကောင်းတာပဲ၊ ထက်ထက်ခေတ်က အညှိမခံဘဲ တမန့်ကို ခါးခါးသီးသီးနဲ့ အတင်းတွန်းထုတ်နေတာလေ၊ မသိတဲ့လူ တွေကမြင်ပြီး တမန့်ကိုဘယ်လိုတွေ ထင်ကုန်ကြမလဲ၊ တမန့်အစား အဝေရာ တောင် သိပ်ရှက်တာပဲ"

www.burmeseclassic.com



"ဒီခွင်ကို အဝေရာ ဘာကြောင့်ဝင်လာလဲ ကိုယ်သိပါတယ်ကွာ၊ ထက်ထက်ခေတ်ကို အဝေရာရဲ့အစ်ကိုဝမ်းကွဲ တင်မောင်သန့်က အတင်းလိုက်ကပ်နေတာလေ၊ ထက်ထက်ခေတ်နဲ့ဝင်းလွင်မိုးကြားမှာ တင်မောင်သန့်လိုက်ရှုပ်ပြီး နှစ်ဖက်ချွန်လုပ်နေလို့ ဟိုစုံတွဲကွဲ့ငြိရှုပ်ကုန်တာ၊ ခု ... ကိုယ်ဝင်ညှိပေးလိုက်လို့ ပြန်စိသွားပြီ၊ ဒါကြောင့် တင်မောင်သန့်က ကိုယ့်ကိုတင်းပြီး သူ့ညီမဖြစ်တဲ့ အဝေရာကတစ်ဆင့် ဖိအားပေးတာ မဟုတ်လား"

"ဘာမှမဆိုင်ဘူး ... ဘယ်သူမှလည်း ဖိအားမပေးဘူး၊ တမန်လုပ်နေတာတွေကို အဝေရာ မကြိုက်လို့ ခဏခဏပြောနေရတာ၊ အခုဆို ဘယ်နှစ်ကြိမ်မြောက် ဖြစ်ပြီလဲ၊ အဝေရာ့ချစ်သူမှာ အဲလိုမျိုး ရှုပ်ရှုပ်ယှက်ယှက်လုပ်ချင်ဝင်ပါချင်တဲ့စရိုက်မျိုးရှိနေတာ အဝေရာ မကြိုက်ဆုံးဘဲ၊ အဝေရာ့အတွက်တော့ အဲဒါ သိပ်စိတ်ပျက်စရာကိစ္စ"

"ဟင် ... "

ပြောရင်းနှင့် အဝေရာ့စကားလုံးတွေက တဖြည်းဖြည်းပြင်းထန်လာသည်။ နားမချမ်းသာဖွယ်ရာ ကြီးမားသော ပြစ်ချက်မဟုတ်သော်လည်း ပြစ်ချက်နှင့်စွဲချက်က မမျှ ဖြစ်လာသည်။

မြတ်နိုးတွယ်တာရင်းစွဲမှီ ခွင့်လွှတ်နိုင်ဖို့ ကြိုးစားရသည်ဆိုသော်လည်း တိမ်တမန်ရင်မှာ ပင်ပန်းလာသည်။

စတင်ချစ်ခဲ့စဉ်က ရင်နှင့်အမျှပေါ့ထင်ခဲ့ရသော ချစ်ခြင်းတွေကို ချစ်သူ ဝင်ပစ်ခွင်း၍ တတိတိကြွေနေသလို ခံစားရသည်။

မိုးတိတ်သွားပြီဆိုသော်လည်း အကိုင်းအရွက် ပွင့်ဖတ်များတွင် တင်ကျန်ရစ်သည်။ မိုးစက် လက်ကျန်များက အပင်အောက်သို့ တဖြောက်ဖြောက် ဆက်လက်ကျနေသေးသည်။

ချမ်းသော စိမ့်သော ပတ်ဝန်းကျင်တွင် သူနှင့်ခွာရပ်၍ ဘာသာလက်ဆေးပိုက်ပွေ့ပြီး အရွေးခတ်ပေးနေသည်။ အဝေရာ၏ စိမ်းသက်သက် အမူအရာကိုကြည့်ပြီး တိမ်တမန် ရင်ထဲတွင် အေးစက်စက်ကြီး ခံစားလာရသည်။

"တမန့်ကို သာမန်စားနိုင်သောက်နိုင် လူတန်းစားအဆင့်မှန်း ကြိုသိခဲ့ရင် ကျွန်မရဲ့အချစ်ကို တမန် ဘယ်တော့မှရခဲ့မှာ မဟုတ်ဘူး၊ ခုလို သံယောဇဉ်ကြီး တုတ်နှောင်ပြီး ရုန်းမထွက်သာအောင်ဖြစ်နေတော့မှ တမန့်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုသိရတာ ကျွန်မ သိပ်ညှဲခဲ့ရတယ်"

"အဝေရာ့ကို ပရိုပိုစ်လုပ်တုန်းက ကိုယ့်ကိုယ်ကို ဟန်ဆောင်ခဲ့တာ ဘာမှမရှိ ပကတိရိုးသားခဲ့တာ အဝေရာမှတ်မိမှာပါ၊ ဒီလိုပဲ အဝေရာကိုလည်း ဘယ်သူ့သမီးမို့ဆိုတာမျိုး ကြိုမစုံစမ်းခဲ့တာ ကိုယ့်သစ္စာပါ၊ လူငယ်ချင်း ဟတ်ထိလို့ ငြိကြတဲ့ကိစ္စမှာ မိဘအသိုင်းအဝိုင်း အရှိန်အဝါ အဆင့်အတန်းနဲ့ အကန့်ခြားပြီး နားကလောစရာတွေ မပြောစမ်းပါနဲ့ကွာ"

"မှန်တာပြောလို့ နာမယ်ဆိုရင်လည်း မတတ်နိုင်ဘူး"

တိမ်တမန် ငြိမ်သွားသည်။ ခဏနေမှ ...

"နိုက်ကလပ်တွေ ဒေးကလပ်တွေမှာ အချိန်ကုန်တာတွေကိုလျှော့ဖို့ ကိုယ်ပြောတာလည်း များလှပြီ၊ အဲဒါတွေကျ အဝေရာဘက်ကနားထောင်ခဲ့လား"

"အဲဒီလိုပွဲတွေက အဝေရာတို့ အလွှာရဲ့ ဝင်ဆန့်မှုမှာ အရေးပါတယ်လေ၊ ဒါပေမဲ့ ... ကလပ်ဆိုတိုင်း အဝေရာတို့က ဝင်တာမဟုတ်ဘူး၊ အဆင့်ရှိတဲ့ သာမန်လူမကပ်နိုင်တဲ့ ကြေးမျိုးနဲ့ဆိုတာမျိုးမှ အဝေရာတို့က အာရုံကျတာနော် ... ရှင် သဘောပေါက်လိုက်ဦး ... "

"ဘာဝင်ဆန့်မှုလဲ ... ယစ်မူးပျော်ဝင်မှုတွေ၊ အပျော်လွန်မှုတွေ လွတ်လပ်ရဲတင်းမှုတွေနဲ့ ... အိုကွာ ... မပြောလိုက်ချင်ဘူး၊ စိတ်နောက်ကိုယ်ပါဖို့ နိုးဆွမှုပေါင်းစုံနဲ့ ပျက်စီးမှုလမ်းကြောင်း ပေါင်းစုံ စတင်ဖို့ လေ့ကျင့်ပေးတဲ့ ရပ်ဝန်းကြီးတစ်ခုလိုပဲ"

"ဒါ ... ခေတ်ပေါ်ရေစီးလေ၊ မြို့နေလူငယ်အသိုင်းအဝိုင်းမှာ အဲဒီလောကကို မပျော်ဝင်ချင်တဲ့သူ၊ မစီးမျှောချင်တဲ့လူ ရှားမယ်၊ တမန်သာ လူငယ်ဖြစ်ပြီး အန်းတစ် ဖြစ်ချင်နေတာလား၊ မဝင်ဆန့်နိုင်တာလားမသိ ဝေဖန်သမျှကအောက်ကလိ အာနေသလိုပဲ"

"ကိုယ်က အလေးအနက်ထားရှင်းပြတာ၊ စကားနိုင်ရုံ ပေါ့ပျက်ပျက် မလုပ်ပစ်ပါနဲ့ အဝေရာ"

"တမန့်ဘာသာ မကြိုက်လည်း မတတ်နိုင်ဘူး၊ အဝေရာနဲ့ပတ်သက်လာရင် အဲဒီလိုပွဲတက်မှုတွေကို အပြည့်အဝ နားလည်မှုမပေးနိုင်ရင် အဝေရာဘဝတစ်သက်တာလုံး လက်တွဲဖို့ဆိုတာ ဖြစ်နိုင်ချေ သိပ်နည်းသွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမကြိုက်တာကို ကိုယ့်ဘက်က တတ်နိုင်သလောက် ဆင်ခြင်ခဲ့တယ်၊ မင်းကတော့ ကိုယ့်စကားကို လုံးဝနားမထောင်ဘူးဆိုပြီး အသားကုန်ကောနေပါလားကွ"

"တမန် ... အဲဒီလေသံမျိုးနဲ့ အဝေရာကို မပြောပါနဲ့၊ မကြိုက်ဘူး အဝေရာရဲ့ဝါသနာနဲ့ အကြိုက်ကိုလည်း လိုက်ပြီး မချုပ်ချယ်ပါနဲ့၊ အဝေရာ လက်ခံမှာမဟုတ်ဘူး။ အဝေရာတို့နှစ်ယောက် အခုကတည်းက မဖြစ်နိုင်ဘူးထင်ရင် ကိုယ့်လမ်းကိုယ် ရွေးချယ်နိုင်တယ်နော်"

"ချစ်သူနှစ်ဦးကြားမှာ အဲဒီလိုမျိုး မာန်စွယ်ငေါ်ငေါ်နဲ့ မပြောပါနဲ့ကွ၊ ချစ်လွယ် မုန်းလွယ် ပြတ်စဲလွယ်တယ်ဆိုတာ ကောင်းတဲ့အလုပ်မှ မဟုတ်တာ"

"အဲဒါဆို တမန်လည်း အခုပါးစပ်ပိတ်တော့လေ၊ ဘာမှဆက်မပြောနဲ့တော့ ..."

"ကိုယ်ဖြစ်စေချင်သလို အဝေရာက လိုက်လျောပေးမယ်ပေါ့"

"ဝေးသေး ... လုံးဝကို မစဉ်းစားမိဘူး"

"အဝေရာ ..."

"နှစ်ခါထပ်ငြင်းရတဲ့အလုပ်မျိုးကို အဝေရာတို့ ဘယ်တော့မှမလုပ်ဘူး"

တိမ်တမန် ငြိမ်သွားရပြန်သည်။

ထိုသို့ အစချိုသည့် အပေါ်စီးယူထိုးနှက်မှုများကို တိမ်တမန် မကြာခဏ ခံစားခဲ့ရသည်။ ထိုအကြိမ်တိုင်းတွင် ရင်နှင့်အမျှ သူချစ်ခြင်းတွေကို ချစ်သူအဝေရာက ပစ်ခွင်း၍ ပဲ့ကြွေလာခဲ့သည်မှာ ပရုပ်လုံးလိုလုံးပါး ပါးလာခဲ့သည်အထိ။

အဝေရာက သူမဆန္ဒရှိတာကိုတော့ ဖွတ်လုပ်၏။

သူမလိုချင်သည့် ပုံစံသွင်းသည့်အခါတွင်တော့ မုန်းလိုက်မယ်၊ လမ်းခွဲလိုက်မယ်ဆိုသည့်စကားမျိုးကို ထည့်လဲသုံးကာ အကျပ်ကိုင်ခြိမ်းခြောက်သည်။ တိမ်တမန်ဘက်မှ တတ်နိုင်သမျှ လိုက်လျောပေးသည့်တိုင် မကျေနပ်နိုင်။

တိမ်တမန်၏ အကျိုးသင့်အကြောင်းသင့် ချော့မော့ဖျောင်းဖျမှုများကိုတော့ ဗီလာဆန့်ကျင် အနိုင်ယူပြခြင်းဖြင့်သာ တုန့်ပြန်တတ်သည်။

ကြာတော့ ...

ချစ်သူနှစ်ဦးကြား နားလည်မှုတွေ ပျက်သုန်းကာ အက်ကြောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ပေါက် ...”

“အိုးဟိုး ... မင်းအသည်းနှလုံးကရော ဘာသားနဲ့ထုပြီး ဥထားလို့ လဲ”

အဝေရာ ရယ်သည်။ ဗီးနပ်စ်နတ်သမီးနဲ့ သွေးစုပ်ဖုတ်ကောင် ရောစပ်ထားသော ရယ်သံမျိုးနှင့်ရယ်၏။ ပြီးမှ ...

“အဝေရာ့ အသည်းက သူများတကာတွေပြောကြသလို ထန်ထန်မြည်နေတဲ့ သံမဏိအသည်း မဟုတ်ဘူး၊ ဒါပေမဲ့ ...”

“ပလက်တီနမ်ကို စိန်စီထားတဲ့အသည်း ... ရှင့်ရင်မှာ စွဲနေအောင် မှတ်ထားလိုက်”

တိမ်တမန် ငူငေါင်ပြီး အဝေရာကိုပြန်ကြည့်မိသွားသည်။

ခရိုနီ၊ ခရိုဝါ၊ ခရိုပြာ အသိုင်းအဝိုင်းမှ အလှနတ်သမီးတော်မို့လား မသိ။

ဝန်းကျင်တပိုက် သက်တန့်ရောင်စုံများ ပြိုးပြက်လင်းဖြာနေသည်မှာ မျက်စိကြိမ်းတောက်ချင်စရာ။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၆)

မြူးကြွသော ဂီတရေအလျင်နှင့်အတူ။

နှစ်ဟောင်းအညစ်အကြေးတွေကို ပြောင်းလဲသန့်စင်ပေးမည့် ရေစင်နှင့်တကွ။ ရှင်းသန့်သည့် နှစ်သစ်ကို ပျော်မြူးစွာ ကြိုဆိုနေကြသည့်ပွဲသဘင်။ ထိုမင်္ဂလာအခါမှာ ပိတောက်ရနံ့တို့လည်း သင်းထုံဝေစည်စွာ။

ပျော်ရွှင်မြူးနေကြသည့် လူငယ်မောင်မယ်များစွာကလည်း အချင်းချင်းရယ်မောနောက်ပြောင်ကာ ရေပက်ကစားနေကြသည်။

သူတို့ အပျော်ရှိန်ကိုမြှင့်တင်ပေးရန် စင်ပေါ်မှ ဂီတသံစဉ်ကလည်း အရှိန်မြှင့်လျက်။

စင်မြင့်ထက် လီဒ်ဂစ်တာကို လက်စွမ်းပြတီးခတ်နေသော တိမ်တမန်။

တဝုန်းဝုန်း ပြိုဆင်းလာနေသော ဂစ်တာလက်သံ။

ထိုမှတစ်ဆင့် ...

စမ်းရေစီးသံအသွင် ငြိမ့်ညောင်းသာယာသံကို ကူးပြောင်းသွားသည်။ ထိုမှတဖန် ...

သစ်ရွက်သစ်ခက်များပေါ်သို့ နှင်းရည်စက်တို့ ကြွေမည်သံတဖြောက်ဖြောက်။ ထိုမှဆက်၍ ...

ရေခဲတောင်ကမ်းပါးတို့ ရေပြင်ထက်သို့ ပြိုလဲကွဲကြေကျသံကဲ့သို့ အေးစက်မြိုင်ထွက်လာသည့် ဂီတအသံသို့ ...

www.burmeseclassic.com

www.burmeseclassic.com



ရင်တုန်မောနားကြောစိမ့်ဖွယ်ရာ လိဒ်ဂစ်တာလက်စွမ်းအပြီးတွင် ကျွန်အတီးသမားများ တစ်ဦးချင်း မိတ်ဆက်လက်စွမ်းပြကြသည်။

ထို့နောက် ... နာမည်ကျော် အဆိုတော်တစ်ဦး၏ မိတ်ဆက်ပေးမှု အဆုံးတွင် သီချင်းအင်ထရို ဝင်လာသည်။

နာမည်ကျော် အဆိုတော်၏သီချင်းက လှပ်၍ ကောင်းသည့်သီချင်း။

နားဆင်သူများကလည်း မြူးကြွနေသည့် ရာသီအချိန် နေရာမို့ စင်မြင့်ရှေ့ မော်တော်ယာဉ်လမ်းကြောင်းနှင့် လွတ်သမျှ နေရာမလပ် ရေရွဲရွဲ စိုနေသည်။ ရောင်စုံလူငယ်ပရိသတ်အပြည့် အသားကုန်မြူးကြ ကခုန်ကြ လှုပ်ကြတော့သည်။

ဖျော်ဖြေရေး စင်မြင့်ဘေးတစ်ဖက်တစ်ချက်ရှိ ရေပက်စင်များမှလည်း ပိုက်ခေါင်းများစွာနှင့် ထိုသူတို့ အရှိန်ကိုမြှင့်ကောင်းစေရန် ပက်ပေးနေသည်။

တန်းစီဝင်လာသည့် ရေပက်ခံကားများပေါ်မှ အကဲလေး၊ အလန်းလေးများလည်း ရေပိုက်များစွာကြောင့် ခိုက်ခိုက်တုန်နေရာမှ စင်မြင့်ပေါ်မှ မြူးကြွကြွဂီတ၏တွန်းပို့မှုဖြင့် မမောနိုင် မပန်းနိုင် မြူးကြ၊ ကကြ လှုပ်ကြပြန်သည်။ စင်မြင့်ရှေ့သို့ ဝင်လာသည့် ရေပက်ခံကားတစ်စီးတွင် မြတ်ဘုန်းခန့်နှင့် အဝေရာတို့ကို အတူတွဲလျက် မြင်လိုက်ရသည်။

ဂစ်တာတီးနေသည့် တိမ်တမန်တစ်ယောက် လက်ကွက်မှားချင်သည် အထိ အမျိုးအမည်မသိ ရင်တွင်းဝေဒနာကို ခံစားသွားရသည်။

တူးပို့ တူးပို့မြည်သံ သင်္ကြန်မိုးနှင့်အတူ ရော၍တီးခတ်ရသော သင်္ကြန်သီချင်းအလှည့်ရောက်လာသဖြင့်သာ သူ့အာရုံ ပြန်လည်ထိန်းညှိနိုင်ခဲ့သည်။ မြူးကြွကြွတေးသံနှင့်အညီ ဒိုးချက်နှင့်သွက်လက်စွာ ကပြနေသည့် ယိမ်းအလှတို့က သင်္ကြန်ကာလ ပျော်ရွှင်မှု ရသတို့ကို ပြန်လည်လှုပ်နှိုးပေးလိုက်၍ဖြစ်သည်။

နေ့လည်ပိုင်း တီးဝိုင်းနားချိန်တွင် သင်္ကြန်မုန့်မျိုးစုံ စားသောက်ရင်း အချင်းချင်း နောက်ပြောင်နေကြစဉ် မြတ်ဘုန်းခန့်တစ်ဦးတည်း ရောက်လာသည်။

"မိုးစက်လင်းချိုတို့ မဏ္ဍပ်ကို သိပြီးပြီလား"

"စုံစမ်းပြီးပြီ ... မသွားရသေးဘူး၊ ညနေပိုင်းမှာ ကျွန်တော့်လူသားတခြားတစ်ယောက်က ဂစ်တာဝင်တီးပေးမှာ အဲဒီအခါမှသွားရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုအတော်ပဲ … ဒီမှာ ပလတ်စတစ်လောင်းထားတဲ့ ကျွန်တော့် အသိကောင်မလေးတစ်ယောက်ဓာတ်ပုံ … ခင်ဗျား ယူသွားလိုက်၊ သူက မိုး စက်လင်းချိုတို့နဲ့အတူတူ ယိမ်းကမှာ၊ သူ့နာမည်က ပန်းဝတ်လွှာတဲ့၊ သူကတစ် ဆင့်ဝင်ရင် ခင်ဗျားအတွက် ပိုအဆင်ပြေမယ်၊ သူ့ကို ထိုက်သင့်သလောက် ကျွန်တော် ပြောထားပြီးသား"

"အင်း … အဲဒီချဉ်းကပ်နည်းလည်း မဆိုးပါဘူး"

"ခင်ဗျားက ဘယ်လိုစဝင်မယ်လို့ စိတ်ကူးထားလို့လဲ"

"ဆုံမိတဲ့အချိန်မှာ ပေါ်လာတဲ့အခွင့်အလမ်း အခြေအနေကိုကြည့်ပြီး လှုပ်ရှားရမှာပဲ၊ မိုးစက်လင်းချိုကို ခင်မင်မှုရရုံပဲလေ၊ ချစ်သူအဆင့်တွေ ဘာတွေ ဖြစ်ဖို့မှ မဟုတ်တာ"

"ကျွန်တော်နဲ့မိုးစက်တို့ကို ပြန်စေ့စပ်ပေးဖို့အတွက် လှုပ်ရှားနေတယ် ဆိုတာလည်း မမေ့နဲ့နော်"

"မေ့စရာလားဗျာ … ဒါနဲ့ … ခင်ဗျားကို မိုးစက်လင်းချိုက ဘာကြောင့် ခွာလိုက်တာလဲ၊ အသေးစိတ်လေး ပြောပြပါဦး … ကျွန်တော် လှုပ်ရှားတဲ့အခါ ခွင်ဆင်သင့်ဆင်ရအောင်"

"အကြမ်းဖျင်းပြောခဲ့ပြီးသားကို၊ အနုစိတ်သိချင်နေတာလဲ အဲဒီမှာ စတွေ့တာပဲဆိုတဲ့ နေရာကနေ ပြန်ပြောပြမယ်ဗျာ"

❦

မိုးစက်လင်းချိုသည် ယောကျ်ားလေးတော်တော်များများနှင့်တွဲခဲ့ဖူးပြီး ထိုတွဲခဲ့သော ယောကျ်ားလေး တော်တော်များများကိုလည်း အကြောင်းမရှိ အကြောင်းရှာကာ သွေးအေးအေးနှင့်ရက်ရက်စက်စက် အစိမ်းဖြတ် မုန်းတတ် သည့် ညာဉ်ရှိသည်။

သူမရင်တွင်းခံစားမှုအား ပြိုင်လိုသော၊ စမ်းသပ်အနိုင်ယူလိုသော ယောကျ်ားမှန်သမျှကို သူမ၏ လက်သီးပုန်းဖြင့် နောက်ကောက်ချ အောင်ထိုး အနိုင်ယူခဲ့သည်ချည်း ဖြစ်သည်။

မိုးစက်လင်းချိုအကြောင်းကို မြတ်ဘုန်းခန့် ကြားသိပြီး ခံစားချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ဆိုင်အားစမ်းလိုစိတ် ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ... မိုးစက်လင်းချိုနှင့် ရိုင်းခဲ့သော သူငယ်ချင်းမတစ်ဦးကို အရင်ခင်မင်အောင် လုံးပြီးမှ မိုးစက်လင်းချိုနှင့် မိတ်ဆက်ခိုင်းခဲ့သည်။

မိုးစက်လင်းချိုနှင့် ခင်မင်ခွင့်ရသောအခါမှ တဖြည်းဖြည်းချင်း ရင်းနှီးမှုရအောင် တိုးဖွဲ့ရစ်ငင်ယူရသည်။ အတွင်းစည်းသို့ ဝင်ရောက်ပတ်သက်မိလေမှ လူငယ်ထုအကြား ပျံ့နှံ့နေသည့် မိုးစက်လင်းချို၏ ပကတိလင်းလက်ဖြာဝေသော အလှတရား ဆွဲဆောင်မှုကို မြတ်ဘုန်းခန့် ခံစားမိတော့သည်။

ထိုအချိန်တွင်မှ မြတ်ဘုန်းခန့်တစ်ယောက် သူ့ရင်တွင်းခံစားမှု သူကိုယ်တိုင် အလန့်တကြား ဖြစ်ရတော့သည်။ သူ့ခေါင်းထဲတွင် အခါမလပ် မိုးစက်လင်းချိုနှင့်ပတ်သက်သမျှသာ စိုးမိုးနေသည်။ မိုးစက်လင်းချိုကို သူ အမှန်တကယ် စွဲလမ်းစိတ်နှင့် ချစ်မိသွားလေပြီ။

မြတ်ဘုန်းခန့် နူတ်မှ ဖွင့်ဟဝန်ခံမိတော့သည်။

မိုးစက်လင်းချို၏ တုန့်ပြန်မှုက အေးစက်စက် အလှအပတစ်ခုပမာ။

မိုးစက်လင်းချို လာခေါ်၍ ဒဂုံတက္ကသိုလ်ထဲသို့ မြတ်ဘုန်းခန့်ရောက်သွားသည်။ စာသင်ဆောင်ကော်ရစ်ဒါတစ်ခုတွင် သူမနှင့်အတန်းတူ သူမနောက်ဆုံးတွဲခဲ့သည့် ရည်းစားကောင်းစည်သူနှင့် မြတ်ဘုန်းခန့် အပါအဝင် သုံးယောက်ဆုံကြသည်။

မိုးစက်လင်းချိုက မြတ်ဘုန်းခန့်နှင့်တွဲပြနေချိန်တွင် ကောင်းစည်သူကိုလည်း အပြတ်မဖြတ်သေးဘဲ ကြိုးရှည်ရှည်နှင့်လှန်ထားသည်။ ကောင်းစည်သူက ဒါကိုမကျေနပ်၍ မြတ်ဘုန်းခန့်ကို သီးသန့်လာတွေ့ဆုံပြီး နောက်ဆုတ်ပေးဖို့ ဆွေးနွေးသည်။

မြတ်ဘုန်းခန့် စဉ်းစားရတော့သည်။ သို့သော် ... ကောင်းစည်သူပြောသလောက် မလွယ်နိုင်တော့လောက်အောင် မိုးစက်လင်းချိုကို စွဲလမ်းမိနေပြီမို့ အားနာနာနှင့်ပင် ငြင်းဆန်ရတော့သည်။

ထိုစကားကြောင့် ကောင်းစည်သူ ပေါက်ကွဲတော့သည်။ ပြဿနာတက်ကာ ထိုးကြကြိတ်ကြ အဆင့်ထိရောက်ကုန်ကြသည်။ သူနာ ကိုယ်နာနှင့်ရင်ပွဲပြီးသွားသော်လည်း ရန်အကြောင်းကို မိုးစက်လင်းချိုသိသွားပြီး ပြတ်ပြတ်သားသား စီရင်ချက်ချရန် ယခုကဲ့သို့ သုံးယောက်ဆုံကြခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဘုန်းခန့်အတွက်မှာတော့ မိုးစက်လင်းချို၏နာမည်ကျော် အသည်းခွဲဇာတ်လမ်းအသုံးတော်ခံမှုကို ပထမဆုံးအကြိမ် တွေ့မြင်ဖူးခြင်းဖြစ်သလို ကိုယ်တိုင်ပါဝင်ဆင်နွှဲခွင့် ကြုံခြင်းလည်း ဖြစ်သည်။

ကောင်းစည်သူ ရောက်လာသည့်အချိန်တွင် ...

မိုးစက်လင်းချိုက ချစ်သူဖြစ်ခွင့်ရရန် ပရိုပိုလုပ်စဉ်က ကောင်းစည်သူ ပေးခဲ့ဖူးသော နှင်းဆီပန်းကို သူမ Shopping Bag ထဲမှ ထုတ်ကာ ကောင်းစည်သူ မျက်နှာရှေ့တွင် ခြေမွပစ်လိုက်သည်။ ပြီး ... ထိုပန်းအကြေများကို ထက်ဝါးပြင်ပေါ်တင်၍ လေနှင့်ကောင်းစည်သူထံ မှုတ်ထုတ်လိုက်ရင်း ...

"နင့်ကို ငါမုန်းတယ်၊ တစ်သက်လုံးစာအတွက် မုန်းတာ၊ ဒီနေ့က စပြီး နင်နဲ့ငါ ဘာမှမဆိုင်တော့ဘူး၊ အခု ... မြတ်ဘုန်းခန့်က ငါ့ရဲ့ချစ်သူ ငါ့ချစ်သူကို နင်ဆက်ပြီး ရန်ရှာရင် ဒီထက်ဆိုးဝါးတာတွေနဲ့ နင့်ကိုငါထပ်ပြီး စီရင်ဆုံးမဦးမယ်ဆိုတာ သဘောပေါက်ထားလိုက်"

"ငါ ... ငါ ... သေနေပါပြီ မိုးစက်ရယ်၊ နင် ဘယ်နှစ်ခါထပ်ပြီး သတ်ချင်သေးလို့လဲ ..."

"နိုးပါ ... နင်နဲ့ဘာမှကို မပတ်သက်ချင်တော့တာ၊ နင်နဲ့ငါဆက်ရန် ဆို လုံးဝ ... လုံးဝ ... The end"

"ဟာ ... မိုးစက် ... အဲလိုကြီးမလုပ်နဲ့လေ၊ နင့်အပေါ် ငါဘာများ အတုတ်တာလုပ်ခဲ့မိလို့လဲ၊ ငါ့မှာ ဘာအပြစ်ရှိလို့ ဒီလိုကြီး မုန်းလိုက်ရတာလဲဟာ၊ ပြီးတော့ ... ဒီလူက နောက်မှလာတဲ့ ရွှေကြာပင်ပါ၊ နင့်ရဲ့ချစ်ခြင်းက ဒီလိုပဲ နောက်လူတွေ့ရင် ပြောင်းလဲရက်စက် စိမ်းကားတတ်တာပဲလား"

"ကြိုက်သလိုထင်လိုက်၊ ငါပြောချင်တာက ငါတို့နှစ်ယောက်လုံးကို နင် ဘာမှဆက်နှောက်ယှက်နေစရာမလိုဘူး၊ နင် အသိတရား မရသေးဘူးဆိုရင်တော့ ... ပထမဆုံး နင်မော်ကွန်းထိန်းရုံးခန်း ရောက်မှာပဲ၊ ပြီးရင် နင့်မိဘတွေနဲ့တိုင်မယ်၊ မလုံလောက်ဘူးထင်ရင် ရဲစခန်းတို့ အုပ်ချုပ်ရေးအဖွဲ့တို့ အထိတိုင်မယ်၊ မယုံရင် နင်စမ်းကြည့်လိုက်"

"ငါ့ကို မခြိမ်းခြောက်နဲ့မိုးစက် ... နင် ငါ့ကို အပြစ်မရှိအပြစ်ရှာ စွန့်လိုက်တာ၊ အသည်းကွဲကျန်ရစ်ဖြစ်အောင်လုပ်ခဲ့တာတွေအတွက် ငါ ဘယ်သူ့ကိုတိုင်ရမှာလဲ ... နင်မတရားဘူး"



www.burmeseclassic.com

www.burmeseclassic.com



လည်း ခေသူမဟုတ်ဆိုတဲ့ အုပ်စုထဲမှာ ပါပါတယ်၊ ကျွန်မတောင် နံပါတ်စဉ် နှစ်ဆယ်လောက်ဖြစ်မယ်ထင်တယ်"

"ကိုယ့်မှာ တရားဝင်ချစ်သူဆိုလို့ သုံးလေးယောက်တော့ ရှိခဲ့ဖူးတာ ဝန်ခံပါတယ်၊ စိတ်သဘောထားချင်း ညှိမရလို့ လမ်းခွဲခဲ့ကြတာပါ၊ မိုးစက်ပြော သလောက် ပတ်ဝန်းကျင်လည်း သတိထားမိလောက်အောင် ကိုယ်မျက်နှာမများ ခဲ့ပါဘူး၊ တကယ်လို့ မိုးစက်နဲ့သာ အဲဒီသုံးလေးယောက် အရင်ဆုံခဲ့မယ်ဆိုရင် သူတို့ဟာ မိုးစက်လင်းချိုရဲ့အရင် မြတ်ဘုန်းခန့်ရဲ့ချစ်ဦးသူတွေဆိုတဲ့နေရာကို ဘယ်လိုမှ ရကြရှာမယ် မထင်ပါဘူး"

မိုးစက်လင်းချိုက စူးစိုက်သော မျက်ဝန်းများဖြင့် မြတ်ဘုန်းခန့်၏ မျက်နှာကို စာဖတ်ရင်း နားထောင်နေသည်။

"သူတို့ကို သနားရမှာလား ... ကျွန်မက ဂုဏ်ယူရမှာလား"

"ဂုဏ်ယူမယ်ဆိုလဲ ယူသင့်ပါတယ်၊ မိုးစက်သာ ကိုယ့်ရဲ့ချစ်ဦးသူ ဖြစ်ခဲ့မယ်ဆိုရင် နောက်နောင် ဘယ်မိန်းကလေးမှ ကိုယ့်ရင်ခွင်ကို နိုင်ငံမိုင်တွယ် ခွင့်ရတော့မှာ မဟုတ်လို့လေ"

ပြောရင်း မြတ်ဘုန်းခန့်က မိုးစက်လင်းချိုအပါး တဖြည်းဖြည်းတိုးကပ် သွားသည်။

မိုးစက်လင်းချိုက မြတ်ဘုန်းခန့်ရင်ဘတ်ကို လက်ညှိုးလေးတစ်ချောင်း တည်းနှင့်ထောက်ထားကာ ခပ်ပါးပါးအပြုံးလေးဖြင့် ...

"စည်းမကျော်ကြေးလေ"

"ချစ်သူတွေရဲ့ကြားက စည်းမှာ ထိတွေ့ခြင်းတွေလည်းပါတယ်လို့ နားလည်ထားပါတယ်"

"ကျွန်မရဲ့ ဥပဒေသမှာတော့ အဲဒီအဆင့်အထိ ဘယ်ယောကျ်ားလေး ကိုမှ ခွင့်မပြုခဲ့ဖူးဘူး ... ရှင်လည်း ... မရဘူး ... "

"ကိုယ့်ကို အရင်လူတွေလိုပဲလို့ သဘောထားလိုက်တာပေါ့"

"ဒါကတော့ လေ့လာရဦးမှာပေါ့"

"အရင်လူတွေထက်ပိုပြီး ကောင်းတော်တတ်နေရင်ရော"

"ကြည့်မယ်လေ"

"ဒီနေ့ကစပြီး မယုံနိုင်လောက်အောင်ချစ်တတ်သူပြီး မိုးစက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ရင်မှာ စွဲသွား၊ ခံစားသွားရအောင် ကိုယ် ကြိုးစားပြရတော့မှာပေါ့"

မြတ်ဘုန်းခန့်က အားပါးတရပြောချလိုက်သော်လည်း ...

မိုးစက်လင်းချိုက ခပ်တည်တည်မျက်နှာလေးတွင် မထိမဲ့မြင်လေသံလေးပါ ရောစွက်ကာ အေးစက်စက် ပြောလိုက်သဖြင့် ...

မြတ်ဘုန်းခန့်တစ်ယောက် နောက်လန့်လဲကျမည့် ကိုယ်ကို တော်တော်ဟန်ချက်ထိန်းညှိလိုက်ရသည်။

"ယုံမလားတော့မသိဘူး၊ အဲလိုမျိုးပြောသွားတဲ့ယောကျ်ားမျိုး တစ်ကျိပ်တိတိ ကျွန်မ ဆုံခဲ့ဖူးတယ်"

မိုးစက်လင်းချိုနှင့် တရားဝင်ချစ်သူ ဖြစ်သွားသော မြတ်ဘုန်းခန့်ကို သူငယ်ချင်းများက ချီးကျူးသူရှိသလို ဝေဖန်ရှုံ့ချသူက ရှုံ့ချကြသည်။

မြတ်ဘုန်းခန့်ကိုယ်တိုင်က ပြန်ရှုန်းမထွက်ချင်ဘဲ မိုးစက်လင်းချို အလိုဆန္ဒမှန်သမျှ ဖြည့်ဆည်းပေးကာ အချစ်လူမိုက်ကြီးလုံးလုံး ဖြစ်ခဲ့ရသည်။

မိုးစက်လင်းချိုကို ချစ်ရသည်မှာ အစဉ်အမြဲ အစိုးရိမ်ကြီးနေရသည့် ရင်သိမ့်တုန်ရသကို အပြည့်အဝ ခံစားရသည်။ Counter Strike game ကစားနေရသလိုမျိုး ဘယ်အချိန်၊ ဘယ်နေရာက ဘယ်လိုခြောင်းမြောင်းတိုက်ခိုက်လာမလဲတွေးကာ အခါမလပ် သတိကပ်နေရသည်။

တစ်နေ့နေ့တွင် ရှေ့လူတွေ ခံစားရသကဲ့သို့ ကိုယ့်အသည်းကို ခွဲမည့် မိုးစက်လင်းချို၏ မာယာပဥ္စလက်ကို သိနေ၍ စိတ်နှလုံး ဒုံးဒုံးချပြီး မချစ်ရဲ။ ကိုယ်မြတ်နိုးသူကို ချစ်သူဖြစ်ခွင့်ရသော်လည်း စိတ်ချလက်ချ မပျော်ရဲမပျော်နိုင် ဖြစ်ရသည်။

သူမနှင့်အတူ ယှဉ်တွဲရှိနေချိန်တိုင်း နှင်းဆီပန်းနီနီမြင်လျှင်တောင် ချွတ်တရက် ရင်ခုန်နှုန်းမြန်လာကာ အလိုလိုသွေးလန့်နေရသည်။ ပို၍ဆိုးသည့်မှာ ...

မိုးစက်လင်းချိုက မြတ်ဘုန်းခန့်နှင့်သာ တွဲနေသော်လည်း နောက်ထပ် နောက်ထပ် ထပ်မံလာရောက်ချဉ်းကပ်သူများကိုလည်း မိတ်မပျက်လက်ခံစိစစ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်ကို အနားတွင်ရှိနေသည့် မြတ်ဘုန်းခန့်မှာ အောင့်သက်သက် ရင်နာနာနှင့်ပင် ကြည့်နေရသည်။ တစ်ခွန်းတစ်ပါဒမျှ ဝင်မပြောရဲ။

သူပြောလေမှ သူမအတွက် အကြောင်းပြချက် ကောင်းတစ်ခုရပြီး သူ့အတွက် လမ်းခွဲနှုတ်ဆက်သီချင်း ဖွင့်ပြမှာကို စိုးရိမ်ရသည်လေ။

အများက သူ့ကို ယမင်းရုပ်လေးရဲ့ ပိုင်ရှင် ကြိုးဆွဲပုဂ္ဂိုလ်ထင်ကြမည်သား။ အမှန်တော့ ယမင်းရုပ်လေးကိုယ်တိုင်ကသာ ကြိုးဆွဲမှီ အလိုကျ ခေါင်းညိတ်ခေါင်းခါ အသုံးတော်ခံနေရသည့် မြတ်ဘုန်းခန့်၏ ရင်တွင်းကွဲကြေဝေဒနာကို မည်သူမျှ မြင်ကြသိကြမည် မဟုတ်။

တစ်နေ့ ...

မြတ်ဘုန်းခန့်၏ရှေ့တွင်ပင် မိုးစက်လင်းချိုက သောင်းသိန်းသန်းဆိုသည့် ငနဲလေးနှင့် အရောတဝင်နေပြသည်။ ထိုငတိလေးကလည်း မော်ကြွားဟန်အပြည့်နှင့် လက်သွက်ခြေသွက် ခပ်ကဲကဲလေးဒီဖိုင်းမှီ မိုးစက်လင်းချိုနှင့် ရှိုးရိုးတန်းတန်း စကားထိုင်ပြောရာမှာပင် လက်ကိုင်ဆံပင်ကိုင်နှင့် လူပျိုလက်မျောက်လက်စတိုင် လုပ်နေသည်။

မြတ်ဘုန်းနှင့်ကျတော့ ထိတွေ့ဆက်ဆံရေးစည်းမျဉ်းဥပဒေသတွေ တင်းတင်းကျပ်ကျပ် ပြဋ္ဌာန်းခဲ့သည်။ ခု ... ဘာမဟုတ်သည့် ငတိလေးကျတော့ ဆက်ဆံမှု လုံခြုံရေးစည်းတွေ ကျိုးဖောက်ပြီး သူမရင်တွင်းမှာပင် တစ်ဆောင်တစ်နန်းဆောက်လုပ်ပေးမတတ်။ ဒါတောင် ... ချစ်သူဘဝ မရောက်သေး။

မာယာကေရီ ဘုရင်မ၏ ချစ်ခြင်း ပဋ္ဌလက်အတတ်ကို ဆက်လက်မခံစားနိုင်တော့သဖြင့် မြတ်ဘုန်းခန့်တစ်ယောက် မေးခွန်းတစ်ချို့ ဖွင့်ထုတ်မိသည်။

"မိုးစက်နဲ့သောင်းသိန်းသန်းက ဆွေမျိုးရင်းချာတော်လို့လား"

"နိုး ... "

မိုးစက်လင်းချိုက သူမလက်သည်းအလှ ပုံဖော်ထားတာ ညီမညီအထပ်ထပ်အခါခါပြန်ကြည့်နေရင်း စိတ်မပါစွာ ဖြေသည်။

"ငယ်ငယ်တုန်းက အသိအကျွမ်းလား၊ ငယ်သူငယ်ချင်းရင်းချာလား"

"နိုးပါ ... "

"မိဘချင်း အရမ်းရင်းနှီးတဲ့ အိမ်နီးနားချင်းတွေလား"



www.burmeseclassic.com

www.burmeseclassic.com



"နိုးပါ … ဆို"

"ဒါဆို သောင်းသိန်းသန်းမှာ ဘာအရည်အချင်းတွေရှိလို့လဲ၊ ကိုယ့်ထက်ချမ်းသာလို့၊ ကိုယ့်ထက် အသက်ငယ်လို့၊ ကိုယ့်ထက် ရုပ်ရည်ရှိလို့ … အဲဒါတွေကြောင့် မိုးစက် သူ့ကို ဦးစားပေးနေတာလား"

"အိုးဟိုး … သဝန်တိုလို့ ဒီလိုမေးခွန်းတွေ ထွက်လာတာကိုး"

"ချစ်သူတွေကြားမှာ ဒီလိုမေးခွန်းတွေက ထွက်လာနိုင်တာပဲလေ"

"ဒါဆို … ရှင့်ဘက်က ကျွန်မကို တကယ်ချစ်နေပြီလား"

"အရမ်း … အရမ်းချစ်နေခဲ့ပြီးသားဆိုတာ မိုးစက်ကိုယ်တိုင်လည်း သတိထားမိပြီးသားဖြစ်မှာပါ"

"သေချာစေချင်လို့ မေးတာပါ"

"ကိုယ့်လိုချစ်သူအပေါ်မှာတော့ စည်းတွေအထပ်ထပ်ချပြီး ထိတို့ခွင့်တိုတောင်မှ တွန့်တိုတယ်၊ အဲဒီငနဲလေးက ကိုယ့်ရှေ့မှာတောင် စည်းမစောင့်ဘဲ ခြေဆော့ လက်ဆော့လုပ်နေတာကို မိုးစက်ဟာ ကြည်ဖြူနေတယ်၊ အဲဒါတွေအပေါ်မှာ ကိုယ်ဘယ်လိုနားလည်ရမလဲ"

"သိပ်နားလည်ချင်နေလား"

"အင်း … "

"ဟိုးတစ်ခါ မြို့ထဲသွားတုန်းကလေ ဒဏ္ဍာရီဆိုတဲ့ ဆိုင်လေးမှာ အတူထိုင်စားဖြစ်တာကို မှတ်မိလား"

"မှတ်မိတယ်"

"အဲဒီဆိုင်လေးမှာ မနက်ဖြန်နေ့လည်ပိုင်းစောင့်နေ၊ ကျွန်မဆီကလည်း ယူစရာရှိတာယူပြီး လာခဲ့မယ်၊ အဲဒီမှာ ရှုပ်နေတဲ့ဇာတ်လမ်းတွေ ရှင်းပေးမယ်"

"မင်း … ကိုယ့် … ကိုယ့်ကို … "

အန္တရာယ် အငွေ့အသက်ကို စတင်ခံစားမိပြီး ဆံပင်မွေးများထောင်သာကာ စကားပါ ထစ်ငေါ့သွားတော့သည်။

"ရှင်နားလည်သွားအောင် ရှင့်ရင်ထဲမှာ ရှုပ်နေသမျှကို ရှင်းပေးမှာ၊ နားလည်သွားတော့ ပိုကောင်းသွားတာပေါ့၊ လာဖြစ်အောင်လည်း လာခဲ့နော်၊ မလာခဲ့ရင်တော့ ရှင်နဲ့ကျွန်မ နောက်ထပ်တွေ့စရာအကြောင်း မရှိတော့ဘူး"

မြတ်ဘုန်းခန့်က မိုးစက်လင်းချိုကို အချိန်ကြာကြာ တမေ့ပင် စူးစိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေလိုက်သည်။

မိုးစက်လင်းချိုကလည်း သူ့အကြည့်စူးစူးကို မမှုသလို လည်တိုင်ဟိုဒီ ငဲ့ကာ ရှုထောင့်ပေါင်းစုံမှ အကြည့်ခံနေသေးသည်။ ပြီးမှ ...

"ကျွန်မပြောတာ ဘယ်လိုလဲ ... "

"ကိုယ် ဆက်ဆက်လာခဲ့ပါ့မယ်"

သားရဲတွင်းထဲ ဝင်ရမယ်ဆိုလည်း ပြေးလမ်းက ပိတ်နေပြီပဲ။

❦

မြတ်ဘုန်းခန့်၏ ပြိုင်ကားအနီလေး ရေပက်မဏ္ဍပ်တစ်ခုဘေးတွင် ရပ်သွားသည်။ ကားပေါ်မှ တိမ်တမန် မဆင်းမီ လိုအပ်သည်ကို ဆက်ပြောပြသည်။

"ငုဝါရောင် ဝတ်စုံဆင်တူဝတ်ထားတဲ့ ဆယ်ယောက်ယိမ်းအဖွဲ့မှာ မိုးစက်လင်းချိုပါတယ်၊ အဲဒီအဖွဲ့မှာ သူက ခေါင်းဆောင်ပေါ့၊ ဒီစင်မှာရှိတဲ့ ယိမ်းအဖွဲ့အားလုံးထဲမှာလည်း သူက အလှဆုံး အကအကောင်းဆုံးလို့ သတ်မှတ်ထားကြတယ်၊ အဲဒါကြောင့် ... နာမည်ကြီးအဆိုတော်တွေနဲ့ ပွဲတောင်းတဲ့ ပရိသတ်မျိုးနဲ့ကြုံရင် မိုးစက်လင်းချို တစ်ကိုယ်တော်ထွက်ကပြတတ်တယ်"

"ကိုတမန် မြင်ဖူးလား ... မိုးစက်လင်းချိုကတာ"

"ကတာတော့ မမြင်ဖူးသေးဘူး။ မှုတာနဲ့ မှုတ်တာတော့ မြင်ဖူးတယ်"

"ဗျာ ... "

မြတ်ဘုန်းခန့် အံ့သြသည်မှ ပါးစပ်တော်တော်ပြဲသွားရှာသည်။

"တလွဲမတွေးကောင်းပါဘူးဗျာ၊ နှင်းဆီပန်းခြောက်ကို ခြေမှုပြီး လက်ဝါးပေါ်တင် ပါးစပ်လေနဲ့မှုတ်တာကို ပြောတာပါ၊ ဟိုဆိုင်လေးထဲမှာခင်ဗျားကို မှုတ်တာလေး ... အဲ ... ပါးစပ်နဲ့ ... မဟုတ်ပါဘူး ... လေနဲ့ ခင်ဗျားမျက်နှာတည့်တည့်ကို မှုတ်တာကိုပြောတာပါ"

"တော် ... တော်ပါတော့ဗျာ၊ ကျွန်တော် ... ရှင်းသွားပါပြီ"

ရှင်းလေ ရှုပ်လေမို့ မြတ်ဘုန်းခန့် အတင်းသဘောပေါက်လိုက်ရသည်။

"ဒီမဏ္ဍပ်မှာ အရင်ဆုံးပန်းပတ်လွှာကို ရှာဗျာ၊ ခင်ဗျားကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



…တ်ပုံပေးထားတယ်လေ၊ ပန်းဝတ်လွှာကို ကျွန်တော် ဖုန်းနဲ့ပြောသင့်တာ ပြော…ားပြီးပြီ၊ ပန်းဝတ်လွှာဆိုတာ တစ်ခါက ကျွန်တော်နဲ့မိုးစက်လင်းချိုကို ဂျိုင်း…ခဲ့တဲ့သူပေါ့၊ မိုးစက်နဲ့သူငယ်ချင်းတွေ … တစ်ခါက ကျွန်တော့်ကိုမိတ်ဆက်…သလို၊ ခုလည်း ခင်ဗျားကို မိုးစက်နဲ့မိတ်ဆက်ပေးလိမ့်မယ်"

"ပန်းဝတ်လွှာကို ကျွန်တော်တို့ လှုပ်ရှားချင်တာ အကုန်အသိပေးလိုက်…သား၊ သူတို့က သူငယ်ချင်းတွေဆို"

"စိတ်မပူပါနဲ့၊ သဘောပေါက်ရုံပြောပြထားတာပါ … ပန်းဝတ်လွှာ…က ကျွန်တော့်ဘက်ပါတဲ့သူပါ"

"ဒါဆိုလည်း ပန်းဝတ်လွှာနဲ့ပဲ ပြန်စေ့စပ်ခိုင်းလိုက်ရင် လမ်းကြောင်း…ိုသွားတာပေါ့"

"မရတော့လို့ပေါ့ဗျာ … လုပ်ကြည့်ပြီးပြီ၊ ဒါကြောင့် … ခင်ဗျားလို…ရာကြီးအဆင့်ကို ချဉ်းကပ်ရတာ"

"မြှောက်မှန်းသိပေမယ့်လည်း နားထောင်လို့တော့ ကောင်းသားဗျ"

"တကယ်အားကိုးလို့ပါဗျာ"

"လုပ်ပေးမှာပါဗျာ … ကျွန်တော်က ပါးကောင်းပါတယ် …… ခင်ဗျားဂစ်တာက အရမ်းကောင်းတယ်ဗျ၊ တီးရတာ လက်တွေ့တယ်"

မြတ်ဘုန်းခန့် မျက်နှာမှာ ရယ်ရမလို ငိုရမလိုလို အီလည်လည်ရုပ်။

"အဝေရာရယ် … အလက်ထရစ်ဂစ်တာရယ်၊ လိုအပ်သေးရင်…ျား ဆန္ဒရှိရာ ကျွန်တော် ထပ်ဖြည့်ဆည်းပေးဦးမှာပါ"

"ကြေးမြှင့်ပြီး မြူဆွယ်နေတာလား"

"မဟုတ်ရပါဘူးဗျာ … မိုးစက်လင်းချိုရဲ့ချစ်သူဘဝကို ကျွန်တော်…စ်မနေ ပြန်ရချင်တာပါ"

"အိုကေ … ခင်ဗျား ဒီလောက်ဆန္ဒပြင်းပြနေတာ လုပ်ပေးရမှာ… ဒါထက် … ခင်ဗျား နောက်တစ်ခါ ပြန်အဖြတ်ခံရမှာကို မစိုးရိမ်ဘူးလား၊ …က်လင်းချိုဆိုတာ ထိလွယ်ရှလွယ် ဖြတ်လွယ်တဲ့ မိန်းကလေးမျိုးလို့ ခင်ဗျား…ယ်တိုင်ပဲ ဆိုထားတော့လေ … "

"တကယ် နှစ်နှစ်ကာကာ ချစ်မိတဲ့ရင်ဆိုတာ ဆူးချုံတောထဲကိုလည်း…ကော့ပြီးဝင်သွားရဲပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



တိမ်တမန်ရဲ့ အတွေးထဲမှာတော့ ...

အင်းလေ ... ထိရှဖိတ်ကျခဲ့ရသမျှ သူ့ရင်ထဲက သွေးစ သွေးနတွေ ကလည်း ခြောက်သွေ့စ ပြုပြီဆိုတော့ ... ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)

ရေကာစားမဏ္ဍပ်မှာ နေ့လည်ပိုင်း အနားယူချိန်မို့ တချို့ အိမ်ပြန်ကြသည်။ အများစုမှာ မပြန်ဖြစ်ကြ။ မဏ္ဍပ်မှ ညှော်ခံကျွေးမွေးသည့်တို့ကို စားသောက်ပြီး အေးအေးလူလူ အနားယူကာ အချင်းချင်း စနောက် ပျော်ပါးနေကြသည်။

သူ့အစုနှင့်သူ စုရုံးထိုင်နေကြသည်မို့ တိမ်တမန်လည်း ဓါတ်ပုံကိုင်ကာ ကြောင်တောင်တောင်နှင့် ပန်းဝတ်လွှာ ရှာပုံတော် ဖွင့်နေမိသည်။

ပန်းဝတ်လွှာကိုတော့ မတွေ့။ မမျှော်လင့်ဘဲ ဘွားခနဲ ဆုံတွေ့လိုက်ရသည်က မိုးစက်လင်းချို။

ငုဝါရောင်ဝတ်စုံလေးနှင့် ပိတောက်ပန်းအတုများ ဝေနေအောင်ပန်ဆားသည်။ လည်ပင်းတွင်လည်း ပြောင်ပြောင်လက်လက် သကြၤန်ပန်းကုံးများ ဆွဲထားသည်။ သူမတို့အဖွဲ့ မုန့်လုံးရေပေါ်စားရင်း ရယ်မောနေကြသည်။

တိမ်တမန်တစ်ယောက် မိုးစက်လင်းချိုကိုကြည့်ကာ အိပ်မက်မှယောင်ရမ်းနိုးထလာသူလို သူမထံပါး လှမ်းလျှောက်တိုးကပ်သွားမိသည်။

"အား ... "

မိုးစက်လင်းချိုမျက်နှာ ရှုတ်တရက် ရှုံ့မဲ့သွားသည်။ ငရုတ်သီးတောင့်ပါသော မုန့်လုံးရေပေါ်ကိုဝါးမိကာ၊ စပ်ပူစပ်လောင် ဝေဒနာခံစားနေရသည့်ကို သူမအဖော်များက ဝိုင်းဟားနေကြသည်။



www.burmeseclassic.com

 www.burmeseclassic.com 

တိမ်တမန်က အနီးအနားခုံပေါ်တွင် တင်ထားသော ရေသန့်ပက်ကေ ထုပ်ထဲမှ တစ်ဗူးကို အမြန်လှမ်းယူပြီး မိုးစက်လင်းချို့ကို ပေးလိုက်သည်။

မိုးစက်လင်းချို့မှာ ဝေဒနာကြောင့် ဘယ်သူပေးသည်ကို မော့မကြည့် နိုင်။ ရေဗူးကိုလှမ်းယူပြီး ပက်ကင်အမြန်ဖွင့်ကာ ရေကိုအငမ်းမရ မော့ချလို သည်။

မော့သောက်နေရင်း အစပ်အနည်းငယ်ပြေသွား၍ မျက်လုံးဖွင့်ကြည့် မိရာ အနားတွင် စိုက်ကြည့်နေသော တိမ်တမန်ကိုမြင်ပြီး ရေသီးသွားတော့ သည်။

"အဟွတ် ... ဟွတ် ... ဟွတ် ... သူ ... သူ ... အဲဒီလူ"

စကားမဆက်နိုင်ဘဲ ချောင်းတဟွတ်ဟွတ်ဆိုးနေဖြင့် သူမ သူငယ်ချင်း များ ရင်ဘတ်ဖိသူ ကျောနှိပ်သူနှင့် ရှုပ်ယှက်ခတ်သွားကြသည်။

တိမ်တမန်ကိုမြင်ပြီး တစ္ဆေသရဲ တွေ့၍လန့်သလိုလန့်ကာ ရေသီးသွား သော မိုးစက်လင်းချို့ကို သူမ သူငယ်ချင်းများ ဘယ်လိုမှ နားမလည်နိုင်ကြ။ ရေသီးတာပျောက်ပြီးသော်လည်း တိမ်တမန်ကို ဒေါသမျက်စောင်းနှင့် လှမ်း နေသည်။

လူပေါင်းစုံအကြည့်က တိမ်တမန်ထံ စုပြုံကျရောက်သွားတော့သည်။ မဏ္ဍပ်မှ တာဝန်ရှိသူများက လူစိမ်းမှန်းသိသွားကြကာ ...

"ဟော့လူ ... ခင်ဗျားဘယ်သူလဲ၊ ဘယ်အဖွဲ့နဲ့ပါလာတာလဲ"

"ကျွန်တော့်နာမည် တိမ်တမန်ပါ ... ဒီဓာတ်ပုံပိုင်ရှင်ကို လိုက်ရှာ နေတာပါ"

ဓါတ်ပုံကို မလှမ်းမကမ်းမှ လှမ်းမြင်သည့် မိန်းကလေးအုပ်စုက ကောင် မလေးပုံမှန်းသိကာ လောင်ကြတော့သည်။

"ဩော် ... ရှာပုံတော် မင်းသားကြီးကိုး ... "

"မနှစ်ကပေးခဲ့တဲ့ ဓါတ်ပုံကိုင်ပြီး မဏ္ဍပ်တစ်ခုချင်း လိုက်ဝင်ရှာနေတာ နဲ့တူတယ်"

"အေးဟယ် ... သူ့ခမျာ ပင်ပန်းနေရှာပြီ သနားပါတယ် ... "

ပွင့်ဖေါ်အလှနှင့် မတိမ်းမယိမ်းဖြစ်အောင် ဆွဲဆောင်မှုရှိလှသော ငမိ လေးကလည်း ...

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... သူများကိုရှာနေတာထင်တယ်၊ အဲတော့ ... မနှစ်က ဓါတ်ပုံပေးလား မပေးမိလား မမှတ်မိတော့ဘူး"

မိန်းကလေးအုပ်စု တစ်ယောက်တစ်ပေါက်နှင့် ပေါက်ပေါက်ဖောက်နေတော့ရာ တိမ်တမန်မျက်နှာလေး တဖြည်းဖြည်းငယ်သွားရသည်။ မိုးစက်လင်းချိုက သတိထားမိပြီး သူ့ကို ပြုံးစိစိ လှမ်းကြည့်သည်။

တာဝန်ရှိ လူကြီးများက အခြေအနေကို ဝင်ထိန်းသည်။

"ကဲ ... ကဲ ... သမီးတို့ ခဏနေကြပါဦးကွယ်၊ အန်ကယ်တို့ မေးပေးပါ့မယ်၊ ကိုယ့်ညီလက်ထဲက ဓါတ်ပုံပြပါဦး ... မြင်ဖူးလားကြည့်ရအောင်"

တိမ်တမန် ဓါတ်ပုံကမ်းပေးရင်း ...

"သူ့နာမည် ပန်းဝတ်လွှာပါ၊ ဒီမဏ္ဍပ်မှာ ကတယ်ဆိုလို့ ကျွန်တော်လာရှာတာပါ"

လူကြီးက မိန်းကလေးများဘက် ဓါတ်ပုံလှည့်ပြကာ ...

"ဒီဓာတ်ပုံထဲက ပန်းဝတ်လွှာဆိုတာကို သမီးတို့သိကြလား"

ငုဝါရောင်ယိမ်းဝတ်စုံနှင့် ကောင်မလေးတစ်ယောက်က ပြန်ဖြေသည်။

"သိပါတယ် ... သမီးတို့အဖွဲ့ကပါ၊ အခု ဖျားချင်သလိုလိုဖြစ်နေလို့ အိမ်ခဏ ပြန်သွားပါတယ်"

"ကဲ ... ကြားတဲ့အတိုင်းပဲကွာ၊ အိမ်ပြန်သွားတယ်တဲ့ ... သူ့အိမ်သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ ... သိပါတယ်"

"ဒါဆို ... အိမ်လိုက်သွားလိုက်ပေါ့"

"ဟုတ်ကဲ့ ... "

တာဝန်ရှိသူများနှင့်ပြောပြီး လှည့်ထွက်ရန်အပြင်တွင် မိုးစက်လင်းချိုက ...

"ခဏနေဦး ... "

တိမ်တမန်လက်ထဲမှ ဓါတ်ပုံကိုလည်း ပိုင်စိုးပိုင်နင်း ဆတ်ခနဲဆွဲယူပြီး ကြည့်လိုက်သေးသည်။

"ပန်းဝတ်လွှာက ကျွန်မတို့ယိမ်းအဖွဲ့က၊ သူ့အိမ်က အဖွဲ့ခေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့ ကျွန်မကိုအပ်ထားတာ၊ ပန်းဝတ်လွှာနဲ့မတွေ့ခင် ရှင့်ကိုမေးစရာရှိတာ မေးရလိမ့်မယ်"

"မေးပေါ့"

ခပ်ငေါ့ငေါ့လေသံနှင့် တိမ်တမနက ဖြေသည်။

"ပန်းဝတ်လွှာကို ဘာကိစ္စတွေ့ချင်ရတာလဲ"

"ပန်းဝတ်လွှာနဲ့တွေ့မှ သီးသန့်ပြောရမယ့်ကိစ္စဖြစ်နေလို့ ပြောမပြနိုင်တာ ခွင့်လွှတ်ပါ"

"ကျွန်မကို ပန်းဝတ်လွှာလို့ သဘောထားပြီး ပြောနိုင်ပါတယ်"

"ပန်းဝတ်လွှာ အစစ်မဟုတ်တဲ့အတွက် ပြီးတော့ ... ပန်းဝတ်လွှာကိုယ်တိုင် နားထောင်မှုဖြစ်မယ့်အတွက် ပန်းဝတ်လွှာမဟုတ်သော အခြားပန်းဝတ်လွှာဟု လောလောဆယ်လေးတင်မှ ကိုယ့်ကိုယ်ကို အမည်တတ်သော ဘယ်သူ့ကိုမဆို ပြောပြရန်မဖြစ်နိုင်သဖြင့် နားလည်ခွင့်လွှတ်ပေးပါ"

စောစောက ဝတုတ်မလေးက ဝင်လောင်ပြန်သည်။

"အမလေး ... လေး ... သူ့အစားမောလိုက်တာဟယ်၊ ပန်းဝတ်လွှာ နာမည်ကိုပဲ သက်စေ့ရွတ်ပြီး ရှင်းပြနေရရှာတယ်၊ သနားပါတယ်"

"စုလေး ... နင်သနားရင် ငါမေးလို့ပြီးမှ နင့်အိမ်ခေါ်သွား၊ လောလောဆယ် ပါးစပ်ပိတ်ထား ... "

ဝတုတ်မလေးက သူမပါးစပ်လေး လက်နှင့်ပိတ်ရင်း မျက်ခုံးစုံပင့်ပြသည်။

"ရှင်ရွဲ့ပြောနေတာ သိသာတယ်၊ ဒီအချိုးနဲ့ဆို ရှင့်ကို တာဝန်ရှိသူတွေလက်ထဲ အပ်လိုက်မယ်"

"အပ်ချင်လည်းအပ်လေ ... ကျွန်တော်က မိကောင်းဖခင်သားသမီးပဲ၊ ဥပဒေကို ချိုးဖောက်နေတာမှ မဟုတ်တာ၊ တွေ့ချင်တဲ့လူကို လာရှာတာပဲ၊ တာဝန်ရှိသူတစ်ယောက်အနေနဲ့ ဒီလောက်မေးပြီးရင် ရပြီမဟုတ်လား ... အိုအေ ... ကျွန်တော် သွားပြီနော်"

"တောက် ... ရှင် ... ဟိုတစ်ခါတုန်းက လူဆိုတာ ကျွန်မမှတ်မိတယ် ... ရှူးသလို ပေါ်သလို လုပ်မနေနဲ့"

"ကျွန်တော်က ပိုမှတ်မိပါတယ်ဗျ ... ဒီမှာ ဒီဟာလေးတွေကိုရော



www.burmeseclassic.com

www.burmeseclassic.com



မှတ်မိလား"

တိမ်တမန်က လွယ်လာသည့် သားရေအိတ်ထဲမှ ဓါးတူတစ်စုံကို ထုတ်ပြလိုက်သည်။ မိုးစက်လင်းချိုတစ်ယောက် မှတ်မိလိုက်သည်မှာ ...

ပထမမျက်နှာ တစ်ပြင်လုံး သွေးရောင်လွှမ်းသွားသည်။ ပြီးနောက် မျက်လုံးအစုံ ပြူးထွက်ကာ အရှက်နှင့်အမျက် ဒေါသကို အတင်းချိုးနှိမ်နေရဟန်နှင့် ...

"ရှင် ... ရှင် ... "

စကားကို ရှေ့မဆက်နိုင်ရှာ။ ထစ်ငေါ့နေတော့သည်။

"အိုကေလေ ... ရပြီ ... ရပါပြီ ... ဒီလောက်ဆို လုံလောက်ပါပြီ၊ ခင်ဗျား မှတ်မိတယ်ဆိုတာကို ကျွန်တော် အသေအချာယုံသွားပါပြီ"

ဝိုင်းကြည့်နေသည့် မိန်းကလေးများ ပြုံးစိစိ ဖြစ်ကုန်ကြသည်။

မိုးစက်လင်းချိုလည်း အနည်းငယ် ရှက်သွားပြီး ...

"ရှင် ... ဒီလိုနဲ့အနိုင်ပိုင်းလို့ ရမလား"

"ဘယ်လိုနဲ့မှ အနိုင်မပိုင်းပါဘူးဗျာ ... ဒီဓါးတူတွေကိုလည်း ကျွန်တော် ဘာမှမလုပ်ပါဘူး၊ စိတ်လျှော့ပါဗျာ ... စိတ်လျှော့ ... "

အသေအချာ သဘောမပေါက်သော်လည်း သူတို့နှစ်ယောက် အမူအရာကြည့်ပြီး ကောင်မလေးတစ်ယောက်စ နှစ်ယောက်စ ရယ်ကြသည်။

"လျှော့စရာလားရှင့် ... "

"လျှော့ပါဗျာ ... အရမ်းလှတဲ့ ကောင်မလေးတွေ ဒေါသထွက်ရင် သူများထက်ပိုရုပ်ဆိုးပြီး အဲဒီရုပ်ဆိုးနေတာကြီး တော်တော်နဲ့မပြေတော့ဘူးတဲ့၊ ခင်ဗျားကလည်း အရမ်းချော အရမ်းလှဆိုတော့ ... "

မိုးစက်လင်းချို စိတ်မပြေသေးသော်လည်း သူမကို အရမ်းလှသည်ဆိုတော့ မျက်နှာကြောအနည်းငယ် ပြေလျော့သွားသည်။

ထိုအခိုက် ကားတစ်စင်း စင်ဘေးသို့ထိုးဆိုက်လာပြီး ကားပေါ်မှ ကောင်မလေးတစ်ယောက် ဆင်းလာသည်။ ဓါတ်ပုံကိုအကြိမ်ကြိမ် ကြည့်ထားသဖြင့် ထိုကောင်မလေးမှာ ပန်းဝတ်လွှာမှန်း သိလိုက်သည်။

ထို့ကြောင့် တိမ်တမန် ဦးအောင်နှုတ်ဆက်ပြီး မျက်စိတစ်ဖက်မှိတ်ပြကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ပန်းဝတ်လွှာ ... ကျွန်တော် တိမ်တမန်လေ ... မနေ့ညကတောင် ဖုန်းဆက်လိုက်သေးတယ်၊ ပန်းဝတ်လွှာစုံစမ်းခိုင်းထားတဲ့ကိစ္စ ပြောမလို့၊ နှစ်ယောက်တည်း လူချင်းတွေ့မှပြောမလို့ လာရှာတာ၊ နေမကောင်းလို့ အိမ်ပြန်သွားတယ်ဆိုလို့ အိမ်ကိုတောင် လိုက်လာတော့မလို့ ..."

စကားခဏရပ်ကာ မိုးစက်လင်းချိုဘက် မေးဆတ်ပြပြီး ...

"ဒီမှာ အင်တာပိုလ်က စစ်ကြောရေးဝင်နေတာနဲ့ ကြာနေတာ"

ပြောရင်း လက်ထဲမှဓါတ်ပုံကို မသိမသာ ထောင်ပြလိုက်သည်။

မြတ်ဘုန်းခန့်မှတစ်ဆင့် ပန်းဝတ်လွှာကိုယ်တိုင် ဓါတ်ပုံပေးထားခြင်းဖြစ်သဖြင့် ဓါတ်ပုံမြင်တာနှင့် ပန်းဝတ်လွှာ သဘောပေါက်သွားသည်။

"သြော် ... ဟုတ်တယ်၊ နေမကောင်းချင်လို့ ဆေးပြန်သောက်တာ၊ အခု ... သက်သာသွားလို့ပြန်လာတာပါ၊ လာလေ ... ကိုတိမ်တမန်၊ ဟိုဘက်မှာ အေးအေးဆေးဆေး သွားစကားပြောရအောင်"

ပန်းဝတ်လွှာက အထာနပ်သူပီပီ တိမ်တမန်ကို ပထုတ်လိုက်သည်။ ဝင့်ကြွားစွာပင် ပန်းဝတ်လွှာနှင့်ယှဉ်တွဲလျှက် တိမ်တမန် လျှောက်ထွက်သွားသည်။ မိုးစက်လင်းချို၏ တက်ခေါက်သံက သူ့နောက်ကျောတွင် ကပ်ပါလာလေသည်။

ခပ်လှမ်းလှမ်း ကားဘေးနားရောက်သည့်အခါမှ ...

"မိုးစက်လင်းချိုက တက်ခေါက်တာ တော်တော်ဝါသနာပါတယ်နဲ့တူတယ်"

"အဲဒါထားပါ ... ရှင့်ကို ကိုဘုန်းလွှတ်လိုက်တာ မဟုတ်လား"

"အမှန်ပေါ့ဗျာ"

"မိုးစက်လင်းချိုနဲ့အရင်တွေ့ပြီး ကျိုင်တက်နေတာ မဟုတ်လား"

"ဟုတ်ပ ... အရင်တစ်ခါ တွေ့ကတည်းက အဆင်မပြေတာ၊ အဲဒါကို မြတ်ဘုန်းခန့်က စေ့စပ်ရေးသမားလုပ်ခိုင်းနေသေးတယ်၊ တွေးကြည့်ရင် ဟာသပဲ"

"ရှင်တို့က အဲဒီလိုဖြစ်နေရင် ကျွန်မ ဘယ်လိုမိတ်ဆက်ပေးရမှန်းတောင် မသိတော့ဘူး"

"ခင်ဗျားတို့အဖွဲ့ကို အားပေးသူအနေနဲ့ မိတ်ဆက်ပေးပါ၊ အော်တိုထိုး



www.burmeseclassic.com

www.burmeseclassic.com



နိုင်းမယ်လေ ... ခင်ဗျားတို့ ယိမ်းခေါင်းဆောင် မိုးစက်လင်းချိုကတော့ ကျွန်တော့်ဆို အားတက်သရော အော်တိုထိုးပေးမှာပါ ... ကျွန်တော့်ပါးပေါ်မှာ သူ့လက်ဝါးနဲ့ ... "

"ရှယ်ညွှန့်သည်မို့ ရှယ်ညွှန့်ဝတ်ကျေချင်တဲ့သဘော ဖြစ်မှာပေါ့ရှင်"

ပန်းဝတ်လွှာက ပြုံးဖြီးဖြီးလေး ပြန်ပြောလိုက်၍ တိမ်တမန်ဘဝင်မြင့်သွားဟန် ရင်ကော့ပြလိုက်သည်။ ပန်းဝတ်လွှာ ပြန်ခေါ်သွား၍ မိန်းကလေးအုပ်စုနား ပြန်ရောက်သွားသည်။ မိုးစက်လင်းချိုကတော့ မကြည်ကြည့်၍ ကြိုဆိုသည်။

ပန်းဝတ်လွှာက သူမတို့အဖွဲ့သားများနှင့် မိတ်ဆက်ပေးသည်။ တိမ်တမန်လည်း အလိုက်အထိုက်ပြုံးပြ နှုတ်ဆက်ရသည်။ သူ့ကိုကြည့်ပြီး မိုးစက်လင်းချိုက မကြားတကြားပြောသည်။

"မျက်နှာရှူး"

တိမ်တမန်ကလည်း ...

"ခုနက အရေးပေါ်အကူအညီလိုနေတုန်း ရေပူးပေးတာ ကျွန်တော်နော် ... ငရုတ်သီးထိသွားတာ ဘယ်သူလဲမသိ၊ ယိမ်းခေါင်းဆောင်ထင်တယ်"

မိန်းကလေးများက မိုးစက်လင်းချိုကို ပြုံးစိစိ ဝိုင်းကြည့်ကြသည်။

"ပန်းဝတ်လွှာ ... ဒီလူနဲ့နင် ဘယ်လိုပတ်သက်တာလဲ"

"ငါ့အစ်ကိုဝမ်းကွဲပါ ... ရောက်တုန်းရောက်ခိုက် ငါတို့အဖွဲ့ကတာအားပေးပါဦးဆိုပြီး ခေါ်လာတာပါ"

"နင်နဲ့သူ နှစ်ကိုယ်ကြားကိစ္စက ဘာလဲ ... ရှုပ်ရှုပ်ယှက်ယှက်တွေ မလိုချင်ဘူးနော်၊ နင့်အိမ်က ကျိုင်ရှာရင် ငါဝင်မပါချင်ဘူး"

"တခြားကိစ္စပါဟာ ... ငါက ငါတို့အဖွဲ့ခေါင်းဆောင် မိုးစက်လင်းချို ကတာ အရမ်းကောင်းတယ်၊ မြင်ဖူးအောင် ကြည့်သွားဖို့ဆွယ်ထားလို့စောင့်နေတာဟ"

မိုးစက်လင်းချိုက နှာခေါင်းရှုံ့ကာ မဲ့ပြရင်း ...

"ဒီလူကြည့်မယ်ဆိုရင် ငါမကတော့ဘူး"

"ဟယ် ... အဲလိုကြီးတော့ မလုပ်နဲ့လေ ... "

"ဒီလိုဆို ... ကျွန်တော် ပြန်ရတော့မှာလား"

ပန်းဝတ်လွှာက တိမ်တမန် ဆက်မပွားနိုင်ရန် မုန့်လုံးရေပေါ်တစ်ပွဲနှင့်



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ပိတ်ပေးလိုက်သည်။ ဒုတိယမြောက် မုန့်လုံးရေပေါ်ကို ပါးစပ်ထဲထည့်ဝါးစဉ်

"အား ... "

မျက်စိမျက်နှာပျက်၍ ရှုံ့ရှုံ့ရှဲ့ရှဲ့နှင့် တိမ်တမန် စပ်ပြနေသောအခါ အနားတွင်ရှိနေသော ရေဖူးကို မိုးစက်လင်းချိုက လှမ်းဆွဲယူထားလိုက်သည်။ ရေဖူးရှာသလို လုပ်နေပြန်သည်မို့ ပန်းဝတ်လွှာက ...

"ငရုတ်သီး ဝါးမိလို့လား"

"ထန်းလျက်ခဲ သွားကြားညှပ်လို့ပါ"

ဘေးနားရှိ ယိမ်းအဖွဲ့သားများ ပြုံးသွားကြသည်။ မိုးစက်လင်းချိုက တော့ ဟာသပါရမီ ရင့်သန်လှသောသူကို မျက်စောင်းပြင်းပြင်းတစ်ချက်ဖြင့် ဒိုင်းခနဲ ချီးမြှင့်သည်။

ထိုအချိန်မှာပင် ... ဖင်ဗွေဖလားထဲ အမွှေးနံ့သာရည်များထည့်ပြီး သပြေခက်နှင့်ရေပက်သည့်အဖွဲ့ ရောက်လာသည်။ မိုးစက်လင်းချိုတို့တစ်ဖွဲ့လုံး ရေပက်ခံလိုက်ကြရသည်။

လက်သွက်ခြေသွက် နှုတ်သွက်တိမ်တမန်က လူငယ်တစ်ဦးထံမှ နံ့သာဖလားနှင့်သပြေခက်ကို ခဏငှားပြီး တစ်ဖွဲ့လုံးကို လိုက်ပက်ပြန်သည်။ မိုးစက်လင်းချိုတစ်ယောက်သာ အပက်မခံ။

"သကြံန်တွင်းမို့ ယဉ်ယဉ်ကျေးကျေး အမွှေးနံ့သာရည်ကို သပြေခက်နှင့် ပက်ဖြန်းတာ မငြင်းရဘူးလေ နှမလေးရဲ့ ... "

တိမ်တမန်၏ လေးယူလေသိမ်းနှင့် အပြောကြောင့် တစ်ဖွဲ့လုံးဝိုင်းဟားကြ ပြောင်ကြသည်။

"ဟယ် ... ဒါမှ ကျုပ်မောင်ကြီးတော့ ... "

"တို့မောင်ကြီးက အပြောကောင်းတယ်၊ တောပြောင်း ... နွားကျောင်း ... "

"ဟား ဟား ... မိုက်တယ်ဟေ့ ... မလိမ္မာဘူး၊ အရှုံး ... ဟူး"

မိုးစက်လင်းချိုပါ အားလုံး၏အပျော်ခါတ် ကူးသွားလေလားမသိ။

"ကျွန်မကို သပြေခက်နဲ့ ရေတစ်ခါပက်ရင် ရှင့်ကိုရေတစ်ပုံးလုံး ခေါင်းက လောင်းချတာ ခံရမယ်"

"ရတာပေါ့ နှမလေးရယ် ... ပက်ပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



တိမ်တမန်က မိုးစက်လင်းချိုကို သပြေခက်နှင့်ရေပက်သည်မှာ အဆက်မပြတ်။ မိုးစက်လင်းချိုက အကြိမ်အရေအတွက်ကို အသံထွက်မှတ်သည်။

"သုံးဆယ့်ငါး ... သုံးဆယ့်ခြောက် ... "

သူမ ရေတွက်သံက တိုင်မင်ခေါ်ပေးသလိုဖြစ်ပြီး ရေပက်သူကို ပိုပြီး အားတက်စေတော့သည်။ ထို့ကြောင့် ...

ဖလားထဲမှ နံ့သာရည်ကုန်မှသာ တိမ်တမန်က ရပ်တော့သည်။

ထိုအခါမှ မိုးစက်လင်းချိုက ...

"ပန်းဝတ်လွှာရေ ... နင့်အစ်ကိုမေတ္တာတော်ကြီးကို လူပျိုင်မ်းကြီး ကိုမောင်မောင်သန်းကို ရေလောင်းသလို ပြန်လောင်းလိုက်မယ်နော် ... ကဲ သူငယ်ချင်းတို့ရေ ... ဝိုင်းဝန်းအားပေးလိုက်ကြရအောင် ... အားလုံးအပုံး ခြောက်ဆယ်ပေ့"

ယိမ်းအဖွဲ့သားအားလုံး ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲကြတော့သည်။

ကြွက်စုတ်ရေမွှန်းသလို ရွှဲရွှဲနစ်နေသော်လည်း အလောင်းမရပ်ကြ။ နောက်ပိုင်း သူမတို့ လက်အံ့သေလာသဖြင့် ရေပုံးမှ ရေခွက်သို့ ပြောင်းလဲ လောင်းကြသဖြင့်သာ အနည်းငယ်ခံသာသည်။

မိုးစက်လင်းချိုကိုယ်တိုင် ရေခဲတုံးကြီးများ စိမ်ထားသော ပေပါပုံးထဲ မှခပ်၍ လောင်းသည်မှာ ဆယ်ပုံးတိတိ။ ဝတ္တုတ်မလေးကတော့ ဝင်အားပေးပါ သေးသည်။

"ငါ့အိုးပါး သနားပါတယ်ဟယ် ... ပုံးခြောက်ဆယ်ပြည့်ရင် ရပ် တော့နော်"

ပြောပြောဆိုဆို ကျွန်ကောင်မလေးတစ်ယောက်နှင့်အတူ နှစ်ယောက် ညှပ်၍ တိမ်တမန်ကို ဝိုင်းယပ်ခတ်ပေးကြသည်။

တိမ်တမန်တစ်ယောက် သွားချင်းတဂတ်ဂတ်ရိုက်ကာ ဟတ်ချိုး။ ဟတ် ချိုးတွေဖြစ်လာသည်ကိုကြည့်၍ မတ္တာပ်ရှိလူကုန် ဝိုင်းကြည့်ဝိုင်းရယ်ကြသည်။

မိုးစက်လင်းချိုလည်း ပါးစပ်ကိုလက်ဝါးလေးနှင့် မလုံတလုံပိတ်၍ အားရပါးရ ရယ်မောနေတော့သည်။

လူအများ ရယ်မောနေသည့်ကြားမှ မိုးစက်လင်းချို၏ ရယ်ဟာန်လေး



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ ထူးထူးခြားခြား သတိထားမိပြီး တိမ်တမန်ရင်ထဲ ဒိတ်ခနဲ ဖြစ်သွားသည်။

ဘာဖြစ်သွားတာပါလိမ့်။

သူတစ်ပါး ဒုက္ခခံစားရသည်ကိုမြင်မှ ပျော်ရွှင်မှုရသမြောက်သည်ဟု ထင်တတ်သည့် မိန်းကလေးမို့လား။ ဒါလည်း မဖြစ်နိုင်။ တခြား ဘာမှလည်း မရေရာ။

သေချာသည်ကတော့ တိမ်တမန်ရင်ထဲ တစ်ချက်ထိသွားသည်။ လော လောဆယ် သင်္ဂါရ ရသကြောင့်မဟုတ်တာမှန်း သေချာပေမယ့် ဘာရသကြောင့် မှန်းလည်း မဆန်းစစ်နိုင်သေး။

တိမ်တမန် မသိသေးသည်မှာ ...

မိုးစက်လင်းချိုဆိုတာ အဲဒီလိုမျိုး ပဟေဠိများကို ပေးစွမ်းနိုင်သည့် မိန်းကလေးမျိုး။

မည်သို့ပင်ဖြစ်စေ မိုးစက်လင်းချိုဆိုသည်မှာ ညှို့အားပြင်းသည့် မိန်း ကလေးတစ်ယောက်ဟု ဒီနေ့ အနီးကပ်နေကြည့်မှ တိမ်တမန် တစ်ယောက် လက်ခံသဘောပေါက်လိုက်ရသည်။

သူမ၏ အရယ် အပြုံး၊ အပျော်မျက်နှာလေးကိုတော့ သူ ထပ်မံမြင် တွေ့ခွင့် ရချင်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၉)

သကြံန်အကျနေ့မှ စတင်လိုက်သော တွေ့ဆုံမှုမှာ ရေလောင်းခံလိုက်ရပြီးသည်နှင့် တိမ်တမန်ကို စိတ်ကြိုက်လုပ်ခွင့်ရသွား၍လားမသိ။ မိုးစက်လင်းချို့ဘက်မှ တင်းမာမှုများ လျော့ပါးသင့်သလောက် လျော့ပါးသွားခဲ့သည်။

သူမကသည်ကိုလည်း အနီးကပ် ကြည့်ခွင့်ရသည်။

သွဲ့ပျောင်းနွဲ့နှောင်းသည့် ခြေချိုးလက်ချိုး မြူးကြွသွက်လက်သည့် သကြံန်ဒိုး၊ ချစ်ခင်စဖွယ် အပြုံးချိုချိုတို့ ပေါင်းစပ်လိုက်သည့်အခါ မြင်ရသူရင်အစုံကို ဟာသွားစေနိုင်သည်မှာမဆန်း။ ပရော်ဖက်ရှင်နယ်တစ်ယောက်ပမာရသမြောက် ကကြိုးကိုဖန်တီးကပြနိုင်သည်မှာ ရှုမငြီးစရာ။

သူမ၏အလှအတွက် ပုရိသများ မှတ်ချက်ပြုသမျှ မြောက်ပင့်မှုမဟုတ်မှန်း သတိထားမိသည်။ မြူးကြွကြွကဟန်ကို ဆလိုက်ရောင်စုံတို့ တွန်းပို့လိုက်သောအခါ အရှိုက်အဖို အနိမ့်အမြင့်များက ယောကျာ်းလေးတော်တော်များများကို တပ်မက်စေသည်မှာ မဆန်း။

ထို ... အလှနတ်သမီး ...

မာယာကေရီ ...

နှင်းဆီ ခရေဇီ ... ၏ ဆယ့်နှစ်ကြိုးအကမှာ လိပ်ပြာလွင့်ဖမ်းအားခံခဲ့ရသော ယောကျာ်းသား အသည်းနှလုံးများ မည်မျှများပြားခဲ့လေပြီလဲ။

ပန်းဝတ်လွှာက မိုးစက်လင်းချို့နှင့် ပိုမိုရင်းနှီးအောင် ရှာဆောင်ပေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ မိုးစက်လင်းချိုနှင့် နှစ်ယောက်တည်း စကားပြောခွင့်ရစေရန် ဖန်တီးပေးသည်။

မိုးစက်လင်းချိုကို မကြာခဏ ရေလောင်းခွင့်ရစေရန်လည်း အခွင့်အလမ်းကြိုဖန်ရှာ၊ ခွင်ဖန်ပေးတတ်သည်မှာလည်း ပန်းဝတ်လွှာ အစွမ်းအစများပင်။

မိုးစက်လင်းချို၏ ရွှေလည်တိုင် ဝင်းဝါနုစ်လေးအတွင်းသို့ စီးဆင်းကျသွားသော ရေအလျှင်အတိုင်း သူကိုယ်တိုင်ပင် မေ့မောစွာ လိုက်ပါသွားချင်မိသည်။ ချစ်ခြင်းရနံ့ ထုံမွှမ်းသော ကိုယ်သင်းရနံ့ကြောင့် တိမ်တမန်စိတ်တွေ ယိမ်းမူးသွားချင်သည်မှာ မကြာခဏ။

မိုးစက်လင်းချိုက ရှားရှားပါးပါး သင်္ကြန်အတက်နေ့တွင် တိမ်တမန်ကို ရေတစ်ခွက် ပြန်လောင်းသည်။ သို့သော်လည်း ...

ခွက်စောင်းခုတ်သလို လောင်းခြင်းမျိုးသာ ဖြစ်သည်။

တိမ်တမန်က မရမက ဖိတ်ကြား၊ ပန်းဝတ်လွှာကလည်း အသည်းအသန်တိုက်တွန်းလွန်းသဖြင့် တိမ်တမန်တို့ မဏ္ဍပ်သို့ မိုးစက်လင်းချိုတို့အဖွဲ့ နှစ်နာရီခန့် လာရောက်အားပေးကြသည်။

တိမ်တမန်ကို ဂစ်တာသမားမှန်းသိသွားသောအခါ မိုးစက်လင်းချိုကိုယ်တိုင် စိတ်လိုလက်ရ စကားတစ်ခွန်းစ၊ နှစ်ခွန်းစ ပြောလာသည်။ ဂီတာကို ဝါသနာပါသောသူအချင်းချင်းမို့ နားလည်မှု စရသည်မှာ ဂီတအကြောင်းက အခြေခံသည်။

နောက်နှစ်တွင် သူမ သူငယ်ချင်းများနှင့် VCD ထွက်ရန် စီစဉ်နေသည့်အကြောင်းမှ စတင်သည်။

သူမတို့အဖွဲ့ကို VCD ရိုက်ရန် လာခေါ်သည်မှာ ခဏခဏဖြစ်သော်လည်း သူမတို့က တေးရေးဆရာ သီးသန့်ငှားကာ အဖွဲ့လိုက် ကိုယ်တိုင်ဆို၊ ကိုယ်တိုင်ကာကွက်ဖော် သရုပ်ဆောင်၍ ကိုယ်ပိုင်စီးရီးထုတ်လိုကြသည်။ MRTV နှင့် မြဝတီ ရုပ်သံလိုင်းများတွင်တော့ လှုင့်ဖူးပြီးမို့ သရုပ်ဆောင်မှုအတွေ့အကြုံရှိပြီးဖြစ်သည်။

သင်္ကြန်သီချင်း သုံးပုဒ်ခန့် တိမ်တမန်တို့ဝိုင်းမှ ကူညီရေးစပ်ပေးစေလိုကြောင်း တောင်းဆိုလာသည်။ တိမ်တမန်တို့ မဏ္ဍပ်တွင် သင်္ကြန်သီချင်းအသစ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပုဒ်ကို သီဆိုကပြ ဖျော်ဖြေရာ ထိုသီချင်းကို မိုးစက်လင်းချို နှစ်သက်ပြီး သီချင်းရေးသူကို စုံစမ်းရာမှ တိမ်တမန် သီချင်းရေးကောင်းမှန်း သိသွားကာ ဆိုသို့ တောင်းဆိုလာခြင်းဖြစ်သည်။

"အခုအပုဒ်လည်း ကြိုက်တယ်၊ ကျွန်မတို့ VCD မှာ သုံးခွင့်ပေးပါ။ နောက်ဆုံးနှစ်ပုဒ်ကိုလည်း မဖြစ်မနေ စပ်ပေးနော်"

"အပ်ထည်လက်ခံနိုင်လောက်တဲ့အထိ ကျွန်တော့်မှာ အရည်အချင်းမပြည့်ဝသေးပါဘူးဗျာ"

"အခုပဲ တစ်ပုဒ်ရေးပြီးပြီလေ"

"အဲဒါက ... အပျော်တမ်းအဆင့်ပဲ ရှိမှာပါ"

"ဟာ ... မရဘူး ... မသိဘူး ... အဲလောက်ဆိုကြိုက်ပြီ၊ နောက်သုံးပုဒ်သာ ဖြစ်အောင်ရေးပေး၊ အနုပညာကြေးကတော့ ကြိုက်သလောက်တောင်း"

"မများရင် ပြီးရောပေါ့ ... "

"သိပ်မှန်တာပေါ့ရှင် ... "

"နောက်တာပါ ... ငွေကြေးနဲ့ မရောင်းပါဘူးဗျာ"

တိမ်တမန်စကားကြောင့် ကြွေရောင်ဥစက်နေသည့် ပါးပြင်လေးများပေါ် သွေးရောင်ဖြတ်ပြေးသွားသည်။

"မေတ္တာနဲ့လည်း မလဲလှယ်ပါဘူး"

အရောင်းပြောင်း ပါးပြင်လေး ပြန်လည်ဝင်းပလာသည်။

"စေတနာနဲ့ ရေးပေးမှာပါ"

"အလကားကြေးဆိုပါတော့"

"စေတနာနဲ့ပါ ... အလကားမဟုတ်ပါဘူး"

မိုးစက်လင်းချိုမျက်နှာ တစ်ချက်ညိုတိုတိုဖြစ်သွားကာ ...

"စကားက ... ဘယ်လိုကြီးလဲ"

"စေတနာမှာ သူ့တန်ဖိုးနဲ့သူ ရှိနေတာပဲ"

"ဘယ်လိုတန်ဖိုးတွေလဲ"

"စေတနာနဲ့တူညီတဲ့ တန်ဖိုးပေါ့ ... လောလောဆယ် ရယူတဲ့အနေနဲ့ ရေတစ်ဖလားလောင်းချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်လင်းချိုက အပြုံးချိုချိုနှင့် မျက်စောင်းတစ်ချက်ဝင့်ကာ သူမ ဆံပင်များကို တစ်ဖက်သို့ သိမ်းစုဖယ်ပေးသည်။ ရေလောင်းခွင့်ကို နှစ်လိုစွာ ခွင့်ပြုသည့်သဘော။

တိမ်တမန်က ရေအေးအေးလေးကို ဖြည်းဖြည်းချင်းလောင်းပြီး မိုးစက်လင်းချို၏ ရေစိုအလှကို တစိမ့်စိမ့်အနီးကပ် ခံစားရင်း ရင်မောသည်။ သူလောင်းပြီးသောအခါ မိုးစက်လင်းချိုကလည်း ...

"အစကတော့ ပြန်မလောင်းဘူးလို့ စိတ်ကူးတာပဲ ... ခုတော့ စိမ်ပြေနပြေ အလောင်းခံရလို့ ... ပြီးတော့ ... အကြောမခံချင်တဲ့ ညာဦလေးကလည်း ခေါင်းထောင်လာလို့ တစ်ခွက်တစ်ဖလား ပြန်လောင်းပါမယ်"

"ဟုတ်ကဲ့ ... ကြည်ကြည်ဖြူဖြူ ခွင့်ပြုပါတယ်"

မိုးစက်လင်းချိုက ပန်းဝတ်လွှာကို လက်ကုပ်ခေါ်သွားပြီး ပြန်လာသောအခါ သူမတို့နှစ်ယောက်ပေါင်းမှ ဆွဲမနိုင်မည့် ရေပုံးတစ်ပုံးအပြည့် ရေပါလာသည်။ တိမ်တမန် အနည်းငယ် မျက်လုံးပြူးသွားပြီး ...

"တစ်ခွက်တစ်ဖလားဆို ... "

"ဟုတ်ပါတယ် ... သာမန်ထက် နည်းနည်းပိုကြီးသွားတဲ့တစ်ခွက်ပါ။ ပေပါပုံးကို ကိုင်းတတ်ထားတဲ့ ခွက်မဟုတ်လို့ ခုနပြောသလိုပဲ ကြည်ဖြူစွာ အလောင်းခံလိုက်ပါ"

ရေလောင်းခံရန် တစ်ဖက်သို့ လှည့်ပေးသော်လည်း မလောင်းသေး။

"စုလေးရေ ... ဟိုနားက ပလတ်စတစ်ခုံလေး ဒီနားကို ယူခဲ့ညီမလေး ... "

မိုးစက်လင်းချိုက ဝတုတ်မလေး ယူလာသည့် ပလတ်စတစ်ထိုင်ခုံကို ညွှန်ပြကာ ...

"ကျေးဇူးပြုပြီး ဒီခုံပေါ်မှာ ထိုင်လိုက်ပါ။ ရှင့်အရပ်ကြီးက ရှည်တော့ ကျွန်မတို့နှစ်ယောက် ပေါင်းမထားရတဲ့ ခွက်နဲ့ မီအောင်မလောင်းနိုင်ဘူး"

တိမ်တမန် ထိုင်ပေးမှ သုံးဂါလံခန့်ရှိသည့် သူတို့အခေါ် ရေခွက်ကြီးဖြင့် စိမ်ပြေနပြေ လောင်းချကြသည်။ ကျွန်ဝိုင်းကြည့်နေကြသည့် သူမအဖွဲ့သားများက လက်ခုပ်ဩဘာပေးရင်း ဝိုင်းရယ်ကြသည်။ ဝတုတ်မလေးက ...



www.burmeseclassic.com

www.burmeseclassic.com



"မကြီးမိုးစက်တို့ဟာက သက်ကြီးရွယ်အိုကို ရေကန်တော့တာနဲ့ တူနေပြီ"

ပန်းဝတ်လွှာကလည်း ...

"ဟုတ်ပဟယ် ... ကိုတမန်ကလည်း ဆုပြန်ပေးလေ"

"အဟီး ... အဲဒါဆို တစ်ခါတည်း ခေါင်းလျှော်ရေချိုးပေးပြီး ခြေသည်းလက်သည်းပါ လှီးပေးလိုက်ရအောင်လေ ... ပြီးမှ ကန်တော့ရမယ်"

စုလေးစကားကို အားလုံးသဘောကျကာ ဝိုင်းဟားကြပြန်သည်။

"ကဲ ... မိစုလေး ... ညည်းဆန္ဒရှိရင်တော့ ဒီမှာတစ်ယောက်တည်းနေခဲ့ပြီး ကြိုက်သလိုစီမံ၊ လိုအပ်ရင် ဝတ်ကြီးဝတ်ငယ်ပါ ပြုစုပေးလိုက်"

ပြောပြောဆိုဆို လှည့်ထွက်ရန်ပြင်သည့် မိုးစက်လင်းချိုလက်ကို ဖမ်းဆွဲရင်း စုလေးက မရရအောင် နောက်လိုက်သေးသည်။

"ပြုတော့ ပြုစုပေးချင်ပါတယ်၊ ဒါပေမဲ့ ... တစ်ယောက်တည်းတော့ မနေခဲ့ချင်ပါဘူး ... မီးမီးကြောက်ကြောက် ... "

စကားအဆုံးတွင် မိုးစက်လင်းချို လက်ခေါက်က စုလေးခေါင်းကို ခေါက်ဆိုကျရောက်သွားလေတော့သည်။

ခပ်လှမ်းလှမ်းရောက်မှ မိုးစက်လင်းချိုက ထိုအချိန်ထိ နောက်မှရပ်ကြည့်နေသေးသည့် တိမ်တမန်ကို လှည့်ကြည့်၍ ပြုံးပြကာ လက်ချောင်းသုံးချောင်းထောင်၍ ချစ်စဖွယ်လှုပ်ရမ်းနှုတ်ဆက်ကာ အော်သွားသည်။

"သုံးပုဒ်နော် ... "

တိမ်တမန်နှင့်မိုးစက်လင်းချိုတို့၏ ဆက်ဆံရေးတိုးတက်မှုအခြေအနေကို မြတ်ဘုန်းခန့်က တစ်နေရာရာမှ လေ့လာအကဲခတ်နေမှာ သေချာသည်။ မိုးစက်လင်းချိုအကြောင်းကို သိပြီးဖြစ်သဖြင့် သူကိုယ်တိုင် အနီးကပ်ဝင်လာရန် မဖြစ်သေး။

မိုးစက်လင်းချိုက လူတစ်ယောက်ကို ငြင်းပယ်ပြီးလျှင် တစ်သက်ခွဲလောက် တစိမ်းဆန်ဆန်နေပြတတ်သည်။ အကပ်မခံ အရောမခံ၊ နောက်မှသာ



www.burmeseclassic.com

www.burmeseclassic.com



သိကျွမ်းဟောင်း မိတ်ဆွေအဖြစ် လက်ခံလိုက လက်ခံတတ်သည်။ သူမကို အတင်းအကျပ် ချဉ်းကပ်အကြမ်းဖက်လျှင်တော့ ရာသက်ပန် ရန်သူအဖြစ် သတ်မှတ်စာရင်း သွင်းတတ်သည်။

မြတ်ဘုန်းခန့်က အကင်းပါးသူပီပီဖို့ အံနီးကပ်မလာသော်လည်း သိလိုသည့်အခြေအနေကို ပန်းဝတ်လွှာမှတစ်ဆင့် စုံစမ်းနေတတ်သည်။

"ကိုတမန်က ပေါင်းသင်းတတ်တဲ့နေရာမှာ အဝင်အထွက် တကယ် ညက်တယ်ဆိုတာ ယုံသွားပြီသိလား ... အကျနေ့ကတွေ့တယ်၊ အကြတ်နေ့မှာ ခင်စပြုပြီ၊ အတက်နေ့မှာ ရင်းနှီးခွင့်ဖြစ်ထွန်းမယ့် ချည်နှောင်မှုနဲ့တုပ်နှောင်ပြီးသွားပြီ ... တကယ်အံ့သြတယ် ... ဒီလိုအရည်အချင်းမျိုးကြောင့်လည်း မြတ်ဘုန်းခန့်က တမင်ရွေးချယ် လွှတ်ပေးလိုက်တာဖြစ်မယ်"

"ကျွန်တော့်ကြောင့်ချည်း မဟုတ်ပါဘူး၊ မြတ်ဘုန်းခန့်နဲ့ ဟောဒီ ပန်းဝတ်လွှာတို့က ခွင်ဆင်ပေးတာကောင်းလို့ ဒီလောက်အဝင်လွယ်သွားတာပါ၊ ကိုယ့်ဘာသာကိုယ်ဆို ပါးယားချင်စရာကြီးပါ"

"အဟင်း ... မိုးစက်လင်းချိုကလည်း တော်တန်ရုံ ယောက်ျားလေးကို အကပ်ခံတာမဟုတ်ဘူး၊ သူ့စိတ်ထဲ အာရုံရှိတဲ့သူမှသာ မုန်းနေတဲ့အခင့်ဆိုရင်တော့ ပြောမနေနဲ့တော့"

"ကျွန်တော်နဲ့က မုန်းတော့ မုန်းနေတယ်၊ ဒါပေမဲ့ ... မုန်းလောက်တဲ့အကြောင်းရင်းခံက အားပျော့တယ်လေ၊ ကျွန်တော် သူ့ရှေ့မှာ ဝါးတူနှစ်ချောင်းပွတ်ရင် သူဒေါသထွက်မှာဆိုပေမယ့် သူဟန်ဆောင် သမ်းပြရင်တောင် ကျွန်တော်လည်းထိန်းမရ သိမ်းမရ လိုက်သမ်းမိတာ၊ ဒါကြောင့် ... ကျွန်တော့်အပေါ် မုန်းစရာက ဟာသနဲ့နွယ်တဲ့ အမုန်းဖြစ်နေမှာ"

သင်္ကြန်နောက်ဆုံးနေ့ ပြီးဆုံးသွားသည့်ညတွင် မြတ်ဘုန်းခန့်က ဘီယာဆိုင်သို့ခေါ်ပြီး ကျွေးမွေးဧည့်ခံသည်။ တိမ်တမန်ကလည်း သူ၏လက်ရှိ သံခင်းတမန်ခင်းဖြစ်ပေါ် တိုးတိုးတက်မှုများကို မခြွင်းမချန် ရှင်းပြသည်။ တိမ်တမန်ဘက်က ပြောပြစရာ progress က များပြားသည်။ သို့သော် ...

မြတ်ဘုန်းခန့်ဘက်တွင် အဝေရာနှင့်ပတ်သက်၍ သတင်းသိရှိမှုများ အလွန်နည်းပါးသည်။ သင်္ကြန်တွင်း သူနှင့်အဝေရာတို့ လည်ပတ်လျှောက်ခဲ့ထွက်ခဲ့သည်ကိုတော့ ရိုးသားမှုပြသည့်သဘောနှင့် ဖွင့်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



အဝေးရောက်ကို ပြန်လည်ဆုံတွေ့လိုစိတ်ရှိသော်လည်း တွေ့သည်နှင့်အနိုင်ယူလိုစိတ်က အလေးသာကာ ဆက်ဆံတတ်သူမို့ ကြည်နူးစရာထက် ရင်မောဖွယ်ရာကသာ စိုးမိုးခဲ့သည်မို့။

မြတ်ဘုန်းခန့် ငုံ့တိုက်သော ဘီယာကို တစ်ကျိုက်မော့သောက်လိုက်ပြီး ငါးမုန့်ကြော်တစ်ခုကို ကောက်ဝါးလိုက်သည်။ ဝါးပြီးစမှာပင် မြတ်ဘုန်းခန့်က ...

"မိုးစက်အတွက် သီချင်းကို ခင်ဗျား စရေးနေပြီလား"

"အိုင်ဒီယာတောင် မထုတ်ရသေးဘူး၊ ဝေးပါသေးတယ်ဗျာ ... အချိန်ရပါသေးတယ်"

"ဘာပဲပြောပြော ခင်ဗျားရဲ့ရမှတ်တွေက အိုကေအဆင့်ထက်ပိုနေပါတယ်၊ သုံးပတ်လောက်အချိန်အတွင်းမှာတင် ကျွန်တော့်အပေါ် မိုးစက်စိတ်ပြန်လည်လာအောင် စွမ်းဆောင်နိုင်မယ်ထင်တယ်"

"ကြိုးစားကြည့်ရမှာပေါ့ဗျာ"

"တစ်ခုတော့ သတိထပ်ပေးချင်တာရှိသေးတယ်၊ တဖြည်းဖြည်းနဲ့ ခင်ဗျားက မိုးစက်ရဲ့အတွင်းစည်းထဲကို ရောက်သွားပြီဆိုတော့လေ ... "

"ဆိုပါဦးဗျာ"

"မိုးစက်အပေါ် ခင်ဗျားရဲ့ရင်ခုန်သံတွေနဲ့ အာရုံတွေဖြစ်ထွန်းလာမှုအပေါ် Control မလွှတ်စေဖို့ပါ"

မြတ်ဘုန်းခန့်စကားက တိမ်တမန်ရင်ကို ဆတ်ခနဲ ထိသည်။

"အခုထိတော့ လုံးဝမယိမ်းမယိုင်သေးဘူးဆိုတာ သေချာပါတယ်"

"နောင်မှာ အာမမခံဘူးဆိုတဲ့သဘောလား"

"ခင်ဗျားနဲ့မိုးစက်လင်းချို ဘာမှမဖြစ်တော့မှ ကျွန်တော့်ဘာသာ မိုးစက်လင်းချိုရဲ့ သားကောင်ဖြစ်ချင်ဖြစ်၊ မုဆိုးဖြစ်ချင်ဖြစ်၊ ချစ်ချင်ရင်လည်းချစ်မယ်၊ မချစ်ချင်ရင်လည်းပစ်မယ် ... ခင်ဗျားနဲ့ဖြစ်နေသမျှတော့ မိုးစက်လင်းချိုနဲ့ပတ်သက်လာရင် ကျွန်တော့်နှလုံးသားကို လော့ခ်အထပ်ထပ်ချထားမယ်၊ ခင်ဗျားသိထားဖို့က စည်းဖောက်တတ်တဲ့ လူစားထဲမှာ ကျွန်တော်မပါဘူး။ အဲဒီလိုစည်းရှိလို့လဲ ဒီလိုမြားနတ်မောင်ရာထူးကိုအလိုလို ရလာတာပဲ၊ ခင်ဗျားမတိုင်ခင် ကျွန်တော် အကျိုးဆောင်ပေးခဲ့တဲ့လူတွေများလှပေါ့"



www.burmeseclassic.com

www.burmeseclassic.com



တိမ်တမန် စကားအဆုံးတွင် မြတ်ဘုန်းခန့်က မတ်တတ်ထရပ်ပြီး လှိုက်လှိုက်လှဲလှဲပြုံးပြကာ လက်ကမ်းပေးသည်။ တိမ်တမန်ကလည်း အလိုက်သင့် လက်ဆွဲနှုတ်ဆက်လိုက်သည်။ ပြီး ...

ကိုယ်စီ ဘီယာခွက်များကိုင်ကာ ခွက်ချင်းခြွင်ခနဲမြည်အောင်တိုက်၍

"ကမ်းပေ့ ... "

ဘီယာခွက်များကို ပြိုင်တူမော့သောက်လိုက်ကြသည်။ ပြီးနောက် နှစ်ယောက်လုံးကုန်ပြီအထင်နှင့် ခွက်ကို ပြန်ချလိုက်ကြသည်။

ခွက်နှစ်လုံးစလုံးတွင် အမြှုပ်ပမာ အရည်ရောရာ လက်တစ်ဆစ်စာခန့်ကျန်နေခဲ့သည်ကို နှစ်ယောက်စလုံး သတိမထားမိကြ။

တစ်ယောက်တစ်ပြန်သိစေရန် တစ်ကွက်ကျန် ရင်တွင်းသန္တအမှန်များက ထင်ဟပ်ပြနေသည်လားဆိုသည်မှာတော့ မသေချာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

သကြံန်ပြီးသည့် နှစ်ဆန်းတစ်ရက်နေ့တွင် တီးဝိုင်းတစ်ဖွဲ့သားလုံး ညှုသ်စောင့်ဖြစ်ကြသည်။ နှစ်ဟောင်းမှ အညစ်အကြေးများကို တစ်ပိုင်တစ်နိုင် သီလဖြင့် ကြိုးပမ်းဆေးကြောကြခြင်း ဖြစ်သည်။

ကျောင်းဒကာကြီးရုပ် ပေါက်နေသော အေးမင်းဟန် ...

ပစ္စည်းလေးပါး ဒါယကာကြီးပုံစံဖမ်းနေသော ဝေယံ ...

ကျောင်းထိုင်ဆရာတော်ကြီးပမာ ဣန္ဒြေသိက္ခာကြီးမားနေသော ကိုမျိုးဟန် ...

အနစ္စ၊ ဒုက္ခ၊ အနတ္တ မပြတ် ရွတ်ဆိုတရားမှတ်နေသော ဖောထွက်ကြီးဟု အတင်ရောက်ချင်စရာ တိမ်တမန် ...

နေလွဲညစာကို မသုံးဆောင်ရသဖြင့် ရေကိုသာ ဖိသောက်ပြီး တရားမှတ်နေကြသည်။

ခဏနားချိန်တွင် တိမ်တမန်က လက်ထဲမှ စိတ်ပုတီးကိုမြှောက်ပြရင်း

"မတရားတာကို တရားတာနဲ့ပဲ အနိုင်ယူနိုင်တယ်၊ အဓမ္မကို ဓမ္မက နိုင်တယ်လို့ဆိုလိုတာပေါ့ ... ဒါကြောင့် လောကမှာ ဓမ္မတရားတွေ ပွားများစေရမယ်၊ အဲဒီမှာလည်း တရားရှာ ကိုယ်မှာတွေ့ဆိုသလို ဝေးဝေးလံလံသွားရှာရာမလိုဘူး၊ အထုံပါရမီနဲ့ ရှာဖွေပွားများကျင့်ကြံတတ်ဖို့ပဲလိုတာ ..."

အကြောင်းသိနေသည့် အေးမင်းဟန်က ...



www.burmeseclassic.com

www.burmeseclassic.com



“ဘုရားဒကာကြီး ဥပုသ်ကြီးနဲ့နော် ... မိုးစက်မှန်တဲ့အကြောင်း ပြောချင်လို့ နိဒါန်းပျိုးနေတာ ကျုပ်ရိပ်စားမိတယ်၊ စိတ်လျှော့ဘုရားဒကာ တရားလက်ကိုင်ပြု မွေ့လျော်နေတဲ့အချိန်မှာ တဏှာဥပါဒါန်ကို စွန့်ခွာထား

“ကျုပ်ဘာသာမွေ့နေတာ ကျောင်းဒကာကြီး အစဖော်ပေးလိုက်မှ သတိရသလိုဖြစ်သွားပြီ ... သတိရ ဒုက္ခ ... အဲ ... အနိစ္စ ... ဒု အနတ္တ ... ဟူး ... မမြဲတဲ့ တရားတွေပါလားနော်”

တိမ်တမန်ကိုကြည့်ပြီး တစ်ဖွဲ့လုံး ဥပုသ်ကြီးနှင့်မို့ အော်ဟာစ်ရယ် ချင်စိတ်ကို အတင်းကြိတ်မှိတ်မျိုချကြရသည်။

ဘုန်းကြီးကျောင်းတွင် ညအိပ်ပြီး နောက်တစ်နေ့တွင် ဥပုသ်ထွက် ကျောင်းမှအားလုံး ရွှင်ရွှင်လန်းလန်းဖြင့် လမ်းလျှောက်ပြန်လာကြသည် အေးမင်းဟန်က ...

“ငါတို့ကို အသိပေးလိုက်တာ မြတ်ဘုန်းခန့် နှာတင်းသွားသေးလား တမန် ...”

“လိုအပ်လို့ အသိပေးရတာပဲကွာ ... သူလည်း ပန်းဝတ်လွှာ အသိပေးပြီး အကူအညီတောင်းခဲ့သေးတာပဲ ဘာထူးလို့လဲ ...”

“ထူးတာပေါ့ကွ ... ပန်းဝတ်လွှာက မြတ်ဘုန်းခန့်ရဲ့ ကြားခံလူ သလို မိုးစက်လင်းချိုရဲ့သူငယ်ချင်း မြတ်ဘုန်းခန့်ကတင်းပြီး ပန်းဝတ်လွှာ နှစ်ဖက်ချွန်လုပ်ခိုင်းလိုက်ရင် မင်း ... ဘုမသိဘမသိနဲ့ မိုးစက်လင်းချိုက ထုတာ ခံစားရနိုင်တယ်၊ မြတ်ဘုန်းခန့်ကိုယ်တိုင်ရဲ့ စိတ်သဘောကလည်း ပြော ရတာမဟုတ်ဘူး”

ဝေယံကလည်း ဝင်ပြောလာသည်။

“အေး ... အဲဒါဆို ငါလည်းဝင်ပြောချင်လာပြီ ... မင်းကအေ အဝေရာကို ရင်ထဲမှာရှိသေးလို့လား၊ ငါ့အတွေးထဲမှာတော့ မြတ်ဘုန်းခန့်က ပေးမှ မင်းပြန်ရမလို ဆိုတာကြီးကို သိပ်ဘဝင်မကျဘူးကွာ၊ ငါလည်း မင်းဟ လိုပဲ ... မြတ်ဘုန်းခန့် လှုပ်ရှားမှုကို သိပ်သဘောမတွေ့ဘူး”

ဝေယံနှင့်မင်းဟန်တို့က မြတ်ဘုန်းခန့်နှင့်အဝေရာတို့ သ ယှဉ်တွဲလည်ပတ်ပုံကို သိပ်အစာမကျေကြဟန်တူသည်။

“ငါလည်း အဝေရာအပေါ်မှာ သိပ်ပြီး အာရုံမရှိတော့ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... မိုးစက် ထိမှန်ခံထားရလို့လား"

"မဟုတ်သေးပါဘူးကွ ... ငါစကားကို ဆက်နားထောင်ပါဦး။ ငါ ည်း လက်ခံထားတဲ့ မိုးစက် ပရောဂျက်လေးပြီးရင် ဗိုင်းခေါင်းဆောင်ကြီးကို ျိုးမာန်လို ကိုယ့်ဘာသာ နားအေးပါးအေးလူပျိုကြီးလုပ်ပြီး အနုပညာလုပ်ငန်း ထဲမှာပဲ ကိုယ့်ဘဝကိုယ် မြှုပ်နှံထားလိုက်တော့မလားလို့"

တိမ်တမန် စကားကြောင့် ကိုမျိုးမာန် တွန့်ခနဲ ဖြစ်သွားသည်။

"အချင်းချင်းရှေ့မှာ ဒီလိုကိုးကားပြောတာအကြောင်းမဟုတ်ဘူး။ ခြားလူတွေ ... အထူးသဖြင့် ... မိန်းကလေးတွေရှေ့မှာ ဒီလိုပြောမိရင် တော့ မင်းနာပြီမှတ်"

"ဒါဆို ... ကိုမျိုးမာန်က မျှော်လင့်ချက်ရှိသေးတယ်ပေါ့"

"ဟ ... လူကွ ... မျှော်လင့်ချက်နဲ့အသက်ရှင်နေတာ"

"ဟော့ကောင် တမန် ... မင်းက ငါတို့ဗိုင်းခေါင်းဆောင်ကို ဒီလို မျှော်လင့်ချက်မဲ့ အိုးခြမ်းပဲ့ စကားမပြောပါနဲ့ကွ ... ကိုမျိုးမာန်ကြီးက ခန့် ချောကြီးချောတဲ့အကြောင်း၊ သီချင်းဆိုရင်လည်း အဆိုတော်ကြီးကို အံ့ကြီးလို းမှာစွဲစေတဲ့အကြောင်း ဗိုင်းပြောကြတာ ငါကိုယ်တိုင်ကြားခဲ့သေးတာပဲ"

"ဘယ်တုန်းကလဲ"

"သူ့အစ်မ အပျိုကြီးကပြောတာ ဖြစ်မှာပါ"

"မဟုတ်ဘူး ... မင်းတို့လည်းပါတယ်လေ၊ ဆွဲ့အနားမကြား ကျောင်းရုံပွဲ့ပွဲ သွားဖျော်ဖြေတုန်းက ကျောင်းသားကျောင်းသူတွေက ဗိုင်းပြော ကြတာ"

ကိုမျိုးမာန်ကို ဗိုင်းစနေကြ၍ တိမ်တမန် သက်သာသွားသည်။ သီချင်း ရေးပေးဖို့ အပ်ထားတာကိုပါ တစ်ဆက်တည်း သတိရသွားသည်။ သီချင်းရေးခ စတနာကြေးရမည်ဆိုလျှင် ...

မြတ်ဘုန်းခန့်နှင့် ပြန်လည်သင့်မြတ်လို့ တောင်းဆိုလိုက်ရုံပင်။

မိုးစက်လင်းချိုကတော့ လွယ်လွယ်နှင့်လုံးဝ ပြန်လက်ခံလိမ့်မည်မဟုတ်။ ဖြည်းဖြည်း ကြိုးပမ်းရမည်သာ။

မိုးစက်လင်းချိုသာ မိမိ၏အလုပိုက်ကွန်မာယာဖြင့် ဖမ်းစားညှို့ပြီး ကြာမီမှာပင် အပြစ်ရှာ၍ လွယ်လွယ်ကလေး မုန်းတီးစွန့်ခွာတတ်သည့်သဘော



www.burmeseclassic.com

www.burmeseclassic.com



ကို မျှော်နိုင်ပါက မည်မျှကောင်းလေမည်နည်း။

အဲ ... မြတ်ဘုန်းခန့်အတွက်ကောင်းမှာလား သူကိုယ်တိုင်အတွက်ကောင်းမှာလား ... တိမ်တမန် မရေမရာအတွေးပွားမိသည်။ ထိုအချိန်မှာ

"ဟော့ကောင် ... ဘာတွေငေါင်ပြီး တွေးနေတာလဲ"

ဝိုင်းခေါင်းဆောင်၏ အသံပြုကြီးကြောင့် အတွေးပျက်သွားသည့် တိမ်တမန် အနည်းငယ်ဖုသွားပြီး ဘုတောတော့သည်။

"ဟိုဟိုဒီဒီ တွေးနေတာဗျာ"

"ဘာလဲ ... ဟိုဟိုနဲ့ ဒီဒီဆိုတာ"

"ဩော် ... သိပ်သိချင်နေတယ်ပေါ့၊ ဒါဆိုလဲ ရှင်းပြရမှာပေါ့၊ ဟိုဟိုဆိုတာ ခင်ဗျားလိုလူပျို်ကြီး ... ဒီဒီဆိုတာက ... ဆိုတာက ... အေအိုင်ဒီအက်စ် အဲဒီနှစ်ခုက ဝမ်းဆက်လေဗျာ".

ပြောပြီးပြီးချင်း ဝိုင်းခေါင်းဆောင်နှင့်ဝေးရာသို့ တိမ်တမန် အမြန်ခွာသည်။

ကိုမျိုးမာန် တခွီးခွီးနှင့် ဒေါသဖြစ်သွားပေမယ့် ကျန်အဖွဲ့သားအားလုံး အားရပါးရ ဟားလိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၁)

သောင်းသိန်းသန်းဆိုသည့် ငတိလေး၏အမည်သည် မြတ်တုန်ခန့်နှင့် မိုးစက်လင်းချိုတို့၏ တစ်ခန်းရပ် ဇာတ်သိမ်းခန်းအတွက် အဓိက ဇာတ်ကောင်နာမည် ဖြစ်ခဲ့ဖူးသည်။

ထိုသောင်းသိန်းသန်းနှင့်ပတ်သက်မှုကို ပေါ်လွင်နေစေမည့် မေးခွန်းကို တိမ်တမန်က လှည့်ပတ်မေးမိရာ မိုးစက်လင်းချိုက စိတ်မဆိုးသည့်အပြင် ထိုလားစွာပင် စီကာပတ်ကုံး ရှင်းပြသည်။ တိမ်တမန် တစ်ယောက် သူ၏စကားပရိယာယ်ကို သူကိုယ်တိုင် ဂုဏ်ယူမိသွားစေတော့သည်။

“သောင်းသိန်းသန်းက ကျွန်မသူငယ်ချင်းဝေမာသန်းရဲ့ မောင်လေးပါ။ သူတို့က မိုးကုတ်အဆက်တွေ၊ ဆွေစဉ်မျိုးဆက်ချမ်းသာကြတာ၊ ကျွန်မတို့နိမ့်ပါးချိန်မှာ ဝေမာသန်းရဲ့ကျေးဇူး ကျွန်မအပေါ်မှာသိပ်မကင်းဘူး။ သူတို့အိမ်သွားရင် သောင်းသိန်းသန်းက သူ့အစ်မကြီးလို့ ကျွန်မကို နွဲ့ဆိုးဆိုးနေကျ။ လွန်ခဲ့တဲ့ (၆)လလောက်က ဝေမာသန်းတစ်ယောက် ရင်သားကင်ဆာရောဂါနဲ့ ကွယ်လွန်သွားတယ်၊ မောင်နှမ နှစ်ယောက်တည်းမို့ သောင်းသိန်းသန်းတစ်ယောက် ဆောက်တော်ခံစားခဲ့ရတယ်၊ ကျွန်မကိုမြင်ရင် သူ့အစ်မကြီးလို ချွဲနွဲ့နေတော့တာပဲ ... သောင်းသိန်းသန်းကို ကျွန်မ ဦးစားပေးလွန်းလို့ တချို့ဆို ကျွန်မကို နားလည်မှုအကြီးအကျယ် လွဲသွားကြတယ်၊ ကျွန်မဘက်က အထူးတလည် ဖြေရှင်းပြမနေပါဘူး။ သိချင်ချင် သူတို့ဘာသာ စုံစမ်းကြည့်ပေါ့ ... ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မထေ့သော ခုံစင်းသဲနဲ့ စွတ်တင်းနေတဲ့ သူမျိုးဆိုရင်တော့ ကျွန်မဘက်ကပြောင်းပဲ စစ်ကြေငြာလိုက်တော့တယ် ... ဟုတ်တယ်လေ ... ဇာတ်ရှုပ်ကြီးထဲမှာ ဝင်မျောမနေချင်တော့ဘူး"

"အခု ... သောင်းသိန်းသန်းကို အနားမှာမတွေ့ရပါလား"

"ဆေးငြိပြီး သက်ဆိုင်ရာက ထိန်းထားတယ်လေ"

"စိတ်အလိုလိုက်မိတဲ့ အကျိုးဆက်ပေါ့ ... "

"နေပါဦး ... ရှင်နဲ့ပတ်သက်တာကိုလည်း ကြားဖြတ်ပြောချင်သေးတယ်၊ ရှင် ... ကျွန်မနဲ့ ရင်းနှီးအောင်လုပ်နေတာ သိပ်သိသာတယ်၊ အဲဒါ ဘာသဘောလဲ ... လွတ်လပ်တဲ့ အပျိုစင်မို့ လူပျိုစကားပြောချင်လို့များလား၊ ပွင့်ပွင့်လင်းလင်းမေးတတ်တာလည်း ကျွန်မအကျင့်မို့ပါ၊ လျှို့ဝှက်ချင်တဲ့အခါ လျှို့ဝှက်သိပ်သည်းနေတတ်တာလည်း ကျွန်မအကျင့်ပါပဲ၊ ကြိုတုန်း ကျွန်မနဲ့ ပတ်သက်လို့ နားလည်နိုင်တတ်အောင် ရှင်းပြထားတာပါ"

"ကျွန်တော် ... မိုးစက်လင်းချိုကို လူပျိုစကားမပြောရဲပါဘူး၊ ပြောခွင့်ကြုံလည်း မပြောဖြစ်စေရပါဘူး"

"ဒါဆို ... ရှင့်ကို အရိုးသားဆုံးယောကျ်ားဆု ပေးရမလိုဖြစ်နေပြီ"

"လှောင်ချင်သလိုလှောင်ပါ ... ခုချိန်မှာ ကျွန်တော့်နှလုံးသားက ပကတိ ရိုးသားမှုကိုပဲ ခံစားချင်တယ်"

"ကျွန်မနဲ့မိတ်ဆွေသူငယ်ချင်းလို ခင်မင်ချင်လို့ ချဉ်းကပ်လာတာလား။ အဲဒါဆိုရင်တော့ ရယ်ချလိုက်မိမယ်နော် ... "

"ကျွန်တော့်ကို အဲဒီလိုထင်ချင်တာထင်မနေစေချင်ဘူး၊ ကျွန်တော် အစိက လုပ်ပေးရမှာက သီချင်းသုံးပုဒ်ပေးဖို့ ... ဆိုမယ့်သူရဲ့ အသံနေအသံထား၊ အပြောအဆို ဝလေ့စရိုက်နဲ့ ကိုက်အောင်ရေးစပ်ရင် ဆိုရပိုအဆင်ပြေမှာမို့ လေ့လာနေတယ်ဆိုရင် နံပါတ်တစ်မှန်ပါတယ်"

"နံပါတ်နှစ်က ဘာလဲ ... "

"စေတနာကြေး တောင်းမယ့်ကိစ္စ"

တိမ်တမန်စကားကြောင့် မိုးစက်လင်းချို မျက်လုံးလေးပြူးကျယ်သွားသည်။

"အဲဒီစေတနာကြေးဆိုတာ ဘာလဲ ... ခုထိ မရှင်းသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မြတ်ဘုန်းခန့်ကို မှတ်မိလား"

ထိုစကားကြောင့် မိုးစက်လင်းချို မျက်နှာညိုခနဲ ဖြစ်သွားသည်။

ပြီး ... တွေးတောနေဟန်ဖြင့် ...

"ခုနက သောင်းသိန်းသန်းအကြောင်းမေးတယ်၊ အခု မြတ်ဘုန်းခန့် နာမည်ပါလာပြီ ... ဒါဆို ... "

"ဟုတ်ပါတယ် ... မြတ်ဘုန်းခန့်ကိုယ်စား တောင်းဆိုမှာပါ"

မိုးစက်လင်းချိုက မျက်မှောင်တွန့်ကွေးရင်း ပြန်ကြည့်နေသည်။

"မြတ်ဘုန်းခန့်ကို မိုးစက်လင်းချိုအနေနဲ့ ပြန်လည်နားလည်ပေးပါလား။ ခွင့်လွှတ်နိုင်တဲ့အဆင့်အထိတော့ မြတ်ဘုန်းခန့်ကိုယ်တိုင် ဆက်တောင်းပန်ပါလိမ့်မယ်"

"ဩော် ... နောက်ဆုံးတော့လည်း မိုးစက်လင်းချိုတို့ ဘယ်လိုမှ မထင်မှတ်တဲ့အကွက်နဲ့ တိုက်ခိုက်ခံရတာပါလား"

"တိုက်ခိုက်ခံရတယ်လို့ သဘောမထားပါနဲ့ဗျာ ... ကျွန်တော် ခုလို တောင်းဆိုရတဲ့အပေါ်မှာ နားလည်ပေးပါ"

မိုးစက်လင်းချိုက မျက်နှာတစ်ခြမ်းမဲ့ပြပြီး ...

"ခုချိန်မှာ မြတ်ဘုန်းခန့်နဲ့ကျွန်မတို့က လုံးဝတခြားစီဖြစ်သွားပြီ၊ ဘာဆိုဘာမှ မသက်ဆိုင်တော့ဘူး"

"အဲဒါက မိုးစက်လင်းချိုဘက်က စိမ်းလိုက်လို့ပါ၊ မြတ်ဘုန်းခန့်က တော့ လုံးဝ မယိမ်းသေးပါဘူး ... မိုးစက်လင်းချိုကသာ နားလည်ခွင့်လွှတ်ပေးမယ်ဆိုရင် မြတ်ဘုန်းခန့်ရဲ့ဘဝ လုံးဝလန်းဆန်းသွားမှာပါ"

"အခုလောလောဆယ် အဲဒီပုဂ္ဂိုလ်က ညှိုးကုပ်နေလို့လား"

"မိုးစက်လင်းချိုရဲ့ မြင်ကွင်းရှေ့ရောက်မလာဖို့ ကျွန်တော် အသိပေးထားလို့ လောလောဆယ်တော့ မိုးစက်လင်းချိုကိုယ်တိုင် မြင်ရဖို့ မဖြစ်နိုင်ပါဘူး"

"ရှင့်စကားကျတော့ နားထောင်သားပဲနော် ... ဒါနဲ့ ဒီကိစ္စမှာ အကျိုးဆောင်ခ ရှင်ဘယ်လောက်ရလိုက်လို့လဲ"

"အဲဒီလို သဘာဝမျိုး ကျွန်တော်တို့ coutract မလုပ်ထားပါဘူး။ မြတ်ဘုန်းခန့်က မိုးစက်လင်းချိုနဲ့ အရင်အတိုင်းပြန်ဖြစ်ချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူဖြစ်ချင်တိုင်း ပြန်ဖြစ်လို့မရတော့ဘူးလေ ... ရှင်မှတ်မိလား အဘွားရှိဆိုတဲ့ဆိုင်မှာ ရှင်နဲ့ထိုင်တဲ့ မိန်းမနဲ့ မြတ်ဘုန်းခန့် ကော့ကော့ ... ကော့ကော့နဲ့ပါသွားတာ"

"အဲဒါ အဝေရာလို့ခေါ်ပါတယ်၊ ကျွန်တော့်ရဲ့ချစ်သူဟောင်းဆိုပါတော့ ကျွန်တော်တို့က အဲဒီနေ့ အဲဒီဆိုင်မှာပဲ လမ်းခွဲခဲ့တာ"

"မြတ်ဘုန်းခန့်နဲ့ရှင် ... အရင်ကတည်းက သိတာလား၊ ခုနောက်ပိုင်းမှ သိလာတာလား"

"အခုနောက်ပိုင်းမှသိလာကြတာပါ ... အဝေရာနဲ့မြတ်ဘုန်းခန့်က တော့ သိဟောင်းကျွမ်းဟောင်းတွေတဲ့ ... "

မိုးစက်လင်းချိုက တစ်ခုခုကိုတွေးနေပုံနှင့်အတူ တိမ်တမန်ကို ဝင်းလက်တောက်စားသော အကြည့်ဖြင့် အတန်ကြာကြည့်နေသည်။ မျက်ဝန်းချင်း မဆုံမိအောင် တိမ်တမန် ကြိုးစားထိန်းသိမ်းနေရသည်။

ပြီးနောက် ... မျက်လွှာအောက်ချကာ မိုးစက်လင်းချို ခေတ္တငြိမ်သက်နေသည်။

"ကျွန်တော် ခုနကပြောသလို မြတ်ဘုန်းခန့်အပေါ်မှာပြန်စဉ်းစားပေးပါလား။ ခုချိန်ထိ မိုးစက်လင်းချိုကို မြတ်မြတ်နိုးနိုးနဲ့ မျှော်ကိုးနေတုန်းပါ။ ကျွန်တော့်ကို အကျိုးဆောင်သဘောမျိုးနိုင်းလို့လည်း ငြင်ငြင်မနေစေချင်ပါဘူး။ အများသူငှာ စိတ်ချမ်းသာတော့လည်း ကျွန်တော် ပီတိဖြစ်ရတာပေါ့"

မိုးစက်လင်းချိုက တိမ်တမန်ကို တစ်ချက်ငေးသလိုမျိုးလေး လှမ်းကြည့်သည်။ ပြီးမှ ... ဘာမှမဖြစ်သလို ခံစားချက်မဲ့ မျက်နှာဖြင့် ...

"ဝမ်းနည်းပါတယ် ... ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး၊ ကျွန်မက လူတစ်ယောက်ကို ရင်ထဲကဆွဲထုတ်ပြီးရင် အရှင်းပဲ ... ဆင်စွယ်လိုကျင့်တဲ့ လူမျိုး။ ထုတ်ပြီးပြီမို့ ပြန်ဝင်ခွင့်မပြုဖို့ပါ တစ်ခါတည်း စဉ်းစားပြီးမှ စခဲ့တာ"

"ဘာပဲဖြစ်ဖြစ်ဗျာ ... ကျွန်တော့်စကားကို အလေးထားတဲ့အနေနဲ့ Only one တစ်ကြိမ်လောက်လေးပဲ ပြန်စဉ်းစားကြည့်ပေးပါ"

မိုးစက်လင်းချိုက တိမ်တမန်ကို တစ်ချက်ပြုံးပြုံးလေးကြည့်ကာ ...

"ရှင့်ကိုမေးရဦးမယ် ... ကျွန်မအကြောင်းကို ရှင်ဘာသိလောက်သိ



www.burmeseclassic.com

www.burmeseclassic.com



ထားလဲ”

“မြတ်ဘုန်းခန့်နဲ့ ပန်းဝတ်လွှာ ပြောပြသလောက် တို့တို့တိတိနေမှာပါပဲ”

“မြတ်ဘုန်းခန့်တို့ အသိုင်းအဝိုင်းမှာတော့ ကျွန်မဘဝက ပန်းစားဘီလူးမအဆင့်လောက် ရောက်နေမှာပါ”

“အဲ ... အဲဒီလောက်လည်း မဟုတ်ပါဘူးဗျာ”

“အဲဒီလောက်နီးပါးဖြစ်မှာပါ ... ဘာပဲဖြစ်ဖြစ်လေ၊ တမန့်အနေနဲ့လည်း မိုးစက်ရဲ့ဘဝအမှန် စိတ်နေစိတ်ထားအမှန်ကိုသိဖို့ ကြိုးစားပါဦး ... မိုးစက်လည်း နာခဲ့သမျှဘဝကို သာတဲ့ဘဝရောက်အောင် အသည်းအသန်ကြိုးစားနေတုန်းပါ၊ လူငယ်ပီပီ အချိန့်ပြည့် ပေါ့ပေါ့နေ ပျော်ပါးမော်ကြွားနေတာ မဟုတ်ဘူးဆိုတာတော့ အသိပေးပါရစေ”

ပြောပြောဆိုဆိုနှင့် သူမကားလေးပေါ်တက်ကာ အပြုံးချိုချိုနှင့် လက်လေးနှစ်ချောင်းတည်းလှုပ်ပြီး ဘိုင်ဘိုင့်လုပ် နှုတ်ဆက်၍ တိမ်တမန်ရှေ့မှ မောင်းထွက်သွားသည်။

တိမ်တမန် တစ်ယောက်တည်းသာ သူမပြောသွားသမျှ အပြန်ပြန်အလှန်လှန် စဉ်းစားရင်း ကျန်ခဲ့သည်။ သို့သော်လည်း ...

သူ၏အမိက ကိစ္စမှာ တစ်ကြိမ်တည်းနှင့် မဖြစ်နိုင်ကြောင်းသိသည်။ ရေလှိုင်းတစ်ချက် ပုတ်ရုံနှင့် ကျောက်ဆောင်ကြီး မလှုပ်သွားနိုင်သည်ကို တိမ်တမန် သဘောပေါက်ပြီးဖြစ်သည်။

စတင်ရိုက်ခတ်မှုတွင် အပြင်းအထန် ငြင်းဆန်လိုဟန်မပြသည်ကပင် မြတ်ဘုန်းခန့်အတွက် အခြေအနေကောင်းသည်။ သို့သော်လည်း ...

လူ့စိတ်နေစိတ်ထားဆိုသည်က ဝေဖန်ပိုင်းခြားဖို့ လွယ်သည့်အရာမဟုတ်။ မည်းသော်လည်း မရွှာ၊ ရွာသော်လည်း မမည်းဘဲ သည်းတတ်သလိုမျှော်လင့်ဘဲ ကွက်ကြားမိုးဆိုသည်ကလည်း ရွာတတ်သည်မို့ ... ။



www.burmeseclassic.com

www.burmeseclassic.com



တိမ်တမန်တစ်ယောက် မြတ်ဘုန်းခန့်နှင့်တွေ့သောအခါ အခြေအနေကောင်းကို ဝမ်းသာအားရ ပြောပြမိသည်။ မြတ်ဘုန်းခန့်ကတော့ ဝမ်းမသာ။

"မိုးစက်လင်းချို့ရဲ့ အကြောင်းကို ကိုတိမ်တမန် ကောင်းကောင်း မသိသေးလို့ ပျော်သင့် မျှော်လင့်သင့်တယ် တွေးနေတာပါ"

မြတ်ဘုန်းခန့်စကားကြောင့် တိမ်တမန် စဉ်းစားသွားရပြန်သည်။ မိုးစက်လင်းချိုကို လိုသည်ထက်ပိုမို ပုံကြီးချဲ့တွေးနေကြသည်လား။ ကိုယ်တိုင်ခံစားဖူးထားသူမို့လည်း သူတို့စကားကို မယုံ၍မရ။ မိုးစက်လင်းချို မည်မျှအဆိပ်ပြင်းပါသလဲ။

မိုးစက်လင်းချို၏ကိုယ်တိုင်နှုတ်ထွက်စကားမှာတော့ မြတ်ဘုန်းခန့်တို့တွေးထင်သလောက် မပြင်းထန်ကြောင်း သိစေခဲ့သည်။ တစ်ဖက်ကတွေးပြန်တော့လည်း စပျစ်သီးချဉ်သည့် မြေခွေးစကားများ ဖြစ်လေမလား။

တိမ်တမန် အတွေးထဲမှာ မိုးစက်လင်းချိုက အချိန်ကြာကြာနေရာယူတတ်လာသည်။ မိုးစက်လင်းချိုနှင့် တွေ့လိုက်ရသည်နှင့် ပုံမှန်ရင်ခုန်သံထက် အနည်းငယ်ပိုမြန်ချင်လာသည်ကို ဘာသာသတိထားမိလာသည်။

မိုးစက်လင်းချိုနှင့် နောက်ဆုံးတွေ့သည့်နေ့က နောက်ဆုံးစကားတွင် သူ့ကိုယ်စားကို တမန်ဟုရင်း၊ သူမကိုယ်သူမ မိုးစက်ဟုလည်းကောင်း သုံးနှုန်းခဲ့သလို၊ တွေ့စကထက် သိသိသာသာ ချိုနေသည့်လေသံကိုလည်း မှတ်မိနေသည်။

ခုတော့ ... တိမ်တမန်ဘဝက ...
သူ့ရင်မှာ ဖြစ်တည်စ အဖူးအငုံကို ...
ပွင့်အာလာမှာလည်း စိုး ...
ညှိုးလျော်သွားမှာလည်း စိုး ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

တိမ်တမန်၏ မိဘများမှာ နယ်မြို့ကြီးတစ်မြို့မှဖြစ်ပြီး အချမ်းသာကြီး မဟုတ်သော်လည်း ထိုမြို့တွင်တော့ မြို့မျက်နှာဖုံးသူဌေးစာရင်းဝင်သည်။ တိမ်တမန်ကို ရန်ကုန်တွင် တိုက်ခန်းတစ်ခန်း ဝယ်ပေးကာ ကျောင်းပြီးအောင် ထားစေခဲ့သည်။

ကျောင်းပြီးသောအခါ ထိုတိုက်ခန်းမှာပင်ဆက်နေကာ မိဘများ၏ အလုပ်အတွက် စီးပွားရေးမြို့တော်မှ ကိုယ်စားလှယ်သဘောမျိုးလုပ်ကိုင်နေသည်။ ပွဲရုံပေါင်းစုံနှင့် သတင်း၊ ကုန်ပစ္စည်း၊ ငွေကြေး ဖလှယ်ဆက်ဆံရေး အဓိက လှုပ်ရှားပေးရသည်။

အားလပ်သည့်အချိန်တွင် ဝါသနာအရင်းခံ ဂစ်တာတီးခြင်းကို လေ့လာ လိုက်စားသည်။ စာဖတ်ခြင်း၊ သီချင်းရေးခြင်းနှင့် ဘောလုံးကန်ခြင်းတို့ကိုလည်း အခါအခွင့်သင့်သလို လက်မလွှတ်စေရ။

ပွဲရုံအတွက် ငွေစာရင်းပြေစာသွားပို့စဉ် အေးမင်းဟန်ကို အဖော်ခေါ် သွားမိသည်။ အပြန်တွင် မြို့ထဲရှိ စာအုပ်ဆိုင်များဝင်မွှေပြီး အဆာပြေစားရန် ဘမ်ဘာဂါဆိုင်ထဲ ဝင်မိသည်။ ထိုဆိုင်တွင် ...

ကြို့တင်ရောက်နှင့်နေသော စုံတွဲတစ်တွဲနှင့် ပက်ပင်းတိုးသည်။

မြတ်ဘုန်းခန့်နှင့်အဝေရာ ...

ဝင်လာသော တိမ်တမန်တို့နှစ်ယောက်ကို မမြင်။ အကြည်ဆိုက်နေကြ



www.burmeseclassic.com

www.burmeseclassic.com



ပုံမှာ အအေးခွက် တစ်ခွက်တည်းကို ပိုက်နှစ်ချောင်းတပ်ပြီး ချစ်သူရည်းစားများကဲ့သို့ ခေါင်းချင်းဆိုင်ကာ စုတ်သောက်နေကြသည်။ ပြုံးပျော်ပီတိဖြစ်နေကြသည်မှာလည်း ပတ်ဝန်းကျင်ကို မေ့လျော့နေသည်အထိ။

အေးမင်းဟန်က တိမ်တမန်ကို တစ်ချက်အကဲခတ်လိုက်ပြီး ...

"အာရုံနောက်စရာ ပတ်ဝန်းကျင်တော့ ဖြစ်နေပြီ၊ ငါတို့ပြန်ထွက်ကြမလား"

တိမ်တမန်က ခေါင်းခါပြပြီး ...

အဝေရာတို့အတွဲနှင့် နှစ်စားပွဲအကွာလောက်တွင် ဝင်ထိုင်သည်။ အဝေရာကို လက်ကျန်ခံစားမှု လုံးဝခမ်းခြောက်သွားစေသည့် မြင်ကွင်းဖြစ်သော်လည်း မြတ်ဘုန်းခန့်ကိုတော့ နားမလည်နိုင်မှုနှင့်အတူ မကျေမနပ် စိတ်ခုချင်သည်။

မြတ်ဘုန်းခန့်က တိမ်တမန်ကို လှမ်းမြင်ပြီး မျက်နှာပျက်သွားသည်။ တိမ်တမန်က မသိယောင်ဆောင်ပြီး ဝယ်လာသည့်စာအုပ်ကို ဖွင့်ဖတ်နေလိုက်သည်။

မြတ်ဘုန်းခန့်က တီးတိုးပြောလိုက်၍ အဝေရာ လှမ်းကြည့်သည်။ အေးမင်းဟန်ကလည်း တည့်တည့်ပြန်ကြည့်လိုက်သည်။ အဝေရာက ဂရုမစိုက်အရွဲ့တိုက်ဟန်ဖြင့် မြတ်ဘုန်းခန့်အနား ပိုတိုးကပ်ပြလိုက်သေးသည်။

"အဝေရာက ငါတို့ကို ရွဲ့ပြနေတာလား၊ တကယ်ဖြစ်နေကြတာလားမသိဘူး၊ စောစောက အအေးသောက်နေပုံ မြင်ကွင်းအရဆို မြတ်ဘုန်းခန့်ဆိုတဲ့ ကောင် အစာမကျေချင်စရာ တော်တော်များတယ်နော်"

"ကိုယ့်အကြောင်းပဲ ပြောရအောင်ကွာ"

"မင်းအစား ငါကြည့်မရလွန်းလို့ပါကွာ"

"ထားလိုက်ပါကွာ ... ဟမ်ဘာဂါ မြန်မြန်စားပြီးရင် ပြန်ကြမယ်"

"အဲဒီလို လုပ်စရာတောင်မလိုတော့ဘူး၊ သူတို့ဘီလ်ရှင်းပြီး ထရပ်နေပြီ"

မြတ်ဘုန်းခန့်က သိသာသိစေ၊ မမြင်စေလိုဟန်ဖြင့် မျက်နှာလွှဲ၍ ခပ်ကွယ်ကွယ်နှင့် လျှောက်သွားသည်။ အဝေရာက ကလိသံ ရိသံနှင့် ပလှောင်ရယ်သံအသားလွှတ်ပေးကာ မြတ်ဘုန်းခန့်လက်ကိုတွဲလျက် ကန့်လန့်ဖြတ် လျှောက်



www.burmeseclassic.com

www.burmeseclassic.com



ပြုသွားသည်။

ခုမှပင် ... တိမ်တမန်ရင်ထဲမှ အဝေရာနှင့်ပတ်သက်သမျှ ခံစားမှု လက်ကျန်တို့ လုံးဝ ပပျောက်ကုန်တော့သည်။

"မင်းတော့ အသုံးချခံလိုက်ရပြီ၊ မြတ်ဘုန်းခန့်က မိုးစက်လင်းချိုကို ပြန်သိမ်းပြီးရင် မင်းကို ပိုက်ဘောကြီးနဲ့ အဝေရာထိုးအပ်တော့မယ်"

"စိတ်မပူပါနဲ့ကွာ ... ငါ့ရင်ထဲက လက်ကျန်ရှင်းတမ်းကို အခုလေး တင် ဖြတ်ပြီးပါပြီ"

ထိုအချိန်မှာ မြတ်ဘုန်းခန့် တစ်ဦးတည်း ဆိုင်အတွင်းသို့ ပြန်ဝင်လာ သည်။

"အဝေရာ စိတ်ပျော်အောင် လိုက်လျှောပေးနေတာကို ခင်ဗျားတစ် ချိုးထင်မှာစိုးလို့ ချက်ချင်း လာရှင်းပြတာပါ၊ ကိုတိမ်တမန် အမြင်ရှင်းစေချင် သယ်"

မြတ်ဘုန်းခန့်က အလောသုံးဆယ်ပြောသည်။ အေးမင်းဟန်က မကြည့် ချင်မမြင်ချင်ဟန်နှင့် တစ်ဖက်လှည့်နေသည်။ တိမ်တမန်ကသာ ...

"ဘာမှအမြင်ရှုပ်စရာမရှိပါဘူးဗျာ ... လမ်းခွဲပြီးသူတွေဆိုတာ သီးတိ တစ်စိမ်းတွေပါပဲ၊ ကိုယ့်စိတ်စေရာအတိုင်း လှုပ်ရှားကြတာမို့ အပြစ်ဆိုစရာ လည်း ဘာရှိမှာလဲ"

တိမ်တမန် စကားကြောင့် မြတ်ဘုန်းခန့် လှုပ်လှုပ်ပျာပျာ ဖြစ်သွား သည်။

"အဲဒီလိုမျိုး မတွေးပါနဲ့ဗျာ ... ကျွန်တော်လည်း အခု ခင်ဗျား အတွက် လှုပ်ရှားပေးနေတာပါ၊ အဝေရာကလည်း ခင်ဗျားကို ခေါင်းထဲထည့် စားတုန်းပါ၊ခုနက လျှောင်ရယ်သလို ရယ်သွားတာကလည်း ခင်ဗျားက သူ့ အပေါ် ပြန်မချဉ်းကပ်ဘဲ အေးစက်နေလို့ ခင်ဗျားရဲ့ မခံချင်စိတ်ကို တမင်ဆွ ပေးလိုက်တဲ့ သဘောဖြစ်မှာပါ"

တိမ်တမန်က ခေါင်းတညိတ်ညိတ်လုပ်ပြလိုက်သည်။ မြတ်ဘုန်းခန့် က နောက်ဆံတင်းနေဟန်ဖြင့် ...

"ဒါဆို ... ကျွန်တော် သွားတော့မယ် ... ဟိုမှာ ကားပေါ်ထိုင် စောင့်နေလို့ ... "



www.burmeseclassic.com

www.burmeseclassic.com



တိမ်တမန်က စိတ်မပါ လက်မပါ ဝတ်ကျေတန်းကျေ ခေါင်းညိတ်ပြ ပြသည်။ မြတ်ဘုန်းခန့်က တိမ်တမန် အစာမကျေတာကို ရိပ်စားမိသော်လည်း ကြာရှည်ရှင်းပြနေချိန်မရ၍ ခပ်သုတ်သုတ် လှည့်ပြန်သွားသည်။

"မင်းကို နဖားကြိုးထိုးချင်လို့ အယုံသွင်းနေတာနော် ... သဘော ပေါက်"

တိမ်တမန်က ခေါင်းတညိတ်ညိတ်။

"ခေါင်းပဲညိတ်နေ ... ပုတ်သင်ညိုကြီးလုပ်မနေနဲ့"

"အဲဒီလိုမနေလို့ ငါက ဘယ်လိုနေရဦးမှာလဲ"

"ကိုယ့်ရည်းစား သူများနောက်ပါသွားတာပဲ၊ ပျော်လို့ဆိုပြီး ထက ပေါ့"

"အဝေရာက ငါ့ရည်းစားမှ မဟုတ်တော့တာ"

"မင်းပါ မလိမ့်တစ်ပတ် လုပ်တတ်လာပြီ ... အဝေရာကိုပြန်လိုချင် လို့ မိုးစက်လင်းချိုနားကို ဒုက္ခခံရောက်သွားခဲ့တာ မဟုတ်လား"

"သိပြီးသားတွေ ထပ်မပြောနဲ့ကွာ ... နားငြီးတယ်"

"အေး ... အခု မင်းအပင်ပန်းခံနေတာတွေ အလကားဖြစ်သွား ပြောနေတာ၊ အခု ... မင်းဟာလေး ပါသွားပြီ၊ ဒီတော့ မင်းဘာမှဆက်လု ရှားဖို့ မလိုတော့ဘူး ... ရပ်တော့ ... "

"တိမ်တမန်က မကြားယောင်ဆောင်ပြီး ... "

"ပြန်မယ် မင်းဟန် ... နယ်ကအိမ်အတွက် ကုန်စည်စာရင်းတွေ ဖုန်းနဲ့လှမ်းသတင်းပို့ရဦးမယ်"

"နေဦး ... အကြောင်းအရာ ရှန်တိန့်မလုပ်နဲ့ဦး ... လောလော ဆယ် ငါပြောနေတာ မိုးစက်လင်းချိုအကြောင်း၊ မင်းကို နှင်းဆီဆူး စူးမှာစိုး လို့"

"မင်းက ခုမှပြောနေ ... ငါ့ကိုနှင်းဆီဆူး စူးတာကြာပေါ့၊ သူ့အဆိပ် တောင် အခုလေးတင် ငါ့အသည်းထဲရောက်သွားပြီ"

"ဘာ ... ဘာပြောတာ"

"နှင်းဆီဆူးက ငါ့ရင်ကို မထိတထိလေးညိနေတာ ခုနက မြတ်ဘုန်းခန့် နဲ့အဝေရာတို့ မြင်ကွင်းကို မြင်ရမှ မထိတထိက လုံးဝငြိသွားတော့တယ်



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ... ငါ့ကိုယ်ထဲမှာ နှင်းဆီဆူးအဆိပ်တွေ ပျံ့နှံ့နေပြီပေါ့"

တိမ်တမန်စကားကြောင့် အအေးတစ်ငုံသောက်မည့် အေးမင်းဟန် တစ်ယောက် အအေးခွက်ကို မလျှက်နှင့် မသောက်ဖြစ်ဘဲ ပါးစပ်ကြီးဟလျှက် နေ၏။

"အဲဒါ ဘာသဘောလဲ ... အဆိပ်ဆူးငြိမှတော့ မင်းပါလျှော့မှာနော်"

တိမ်တမန်က ပြန်မပြောခင် တစ်ချက်ပြုံးလိုက်သေးသည်။

ပြီးမှ ...

"မင်း ယုံမလားတော့မသိဘူး။ အချစ်နဲ့ပတ်သက်လာရင် ငါက ဝေ ည်းအတူ ကြွေလည်းအတူဆိုသလို ခံစားချက်ပြင်းပြတဲ့လူမျိုး"

"အေး ... ငါသိပြီးသား။ မင်းက အချစ်နဲ့ပတ်သက်လာရင် အဲလို နဲ မိုက်လုံးကြီးတဲ့လူဆိုး"

တိမ်တမန်က အေးမင်းဟန်လက်ထဲတွင် မသောက်သေးဘဲ ကိုင်ထား ဖြစ်သည့် အအေးခွက်ကို ဆတ်ခနဲဆွဲယူ သောက်ပြစ်လိုက်သည်။

ငါးမရလို့ ရေချိုးပြန်တာမှ မဟုတ်တာ။ ငါးမျှားပြီးလို့ ရေချိုးသန့်စင် ပြီး အိမ်ကိုပြန်မယ့်သဘောမို့ ... ။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃)

သင်္ကြန်သီချင်းတစ်ပုဒ်ရေးပြီးသွားသဖြင့် သီချင်းအလိုက်နှင့် အဆ
ကိုက် မကိုက် တီးဝိုင်းနှင့်အတူ တိုက်ကြည့်ချင်၍ မိုးစက်လင်းချိုကို ချိန်းဆို
သည်။ ပန်းဝတ်လွှာ၏ အစ်ကိုဝမ်းကွဲအဖြစ် သတ်မှတ်မိတ်ဆက်ခံထားရ
မိုးစက်လင်းချိုက ပန်းဝတ်လွှာကိုပါ ခေါ်လာမည်ဆိုလာသည်။

မိန်းကလေးအဖော်ပါမှ သင့်တော်မည်ဟုဆိုသဖြင့် လက်ခံလိုက်
သည်။ ပန်းဝတ်လွှာမှာ မြတ်တုန်းခန့်၏လူဖြစ်နေသဖြင့် တိမ်တမန် အနေအထ
ဆင်ခြင်ရမည်ဖြစ်သည်။ ထို့ကြောင့် ... မိုးစက်နှင့်လွတ်လပ်စွာ စကားပြေ
နိုင်ခွင့်ကို ဖန်တီးယူခွင့် ပျောက်ဆုံးသွားတော့သည်။

တိမ်တမန်တို့အုပ်စုက အေးမင်းဟန် မိဘများပိုင်သော ကုန်ပစ္စည်း
သိုလှောင်ရုံကို စတီရီယိုအဖြစ် ယာယီဖန်တီးထားရသည်။ ထိုစတီရီယိုထဲတွ
ပင် အသံဖမ်းစက်၊ တီးဝိုင်းပစ္စည်းစုံနှင့် အသံသွင်းခန်းများရှိသည်။

သင်္ကြန်သီချင်းမို့ ဒိုးသမားနှင့်လေမှုတ်တူရိယာ ပညာရှင်များပါ ရော
ရှိနေကြကာ တူးပို့တူးပို့သံပင် စတင်ကြားနေရပြီဖြစ်သည်။

မိုးစက်လင်းချိုတို့ ရောက်လာသည်နှင့် တိမ်တမန်က သီချင်းအလ
ကို လေးငါးခြောက်ခေါက်ခန့် ချပေးလိုက်သည်။ မိုးစက်လင်းချို ပိုင်ပိုင်နိုင်
ဆိုနိုင်သွားသည်။ ပြီးနောက် ... စာသားအဓိပ္ပါယ်ပေါ်တွင် ခံစားမှုအပြ
သွင်းနိုင်စေရန် တစ်ဦးတည်း တီးတိုးရွတ်ဆိုလေ့ကျင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



တီးဝိုင်းအဖွဲ့မှာ တေးသွားသက်သက် ကြိုတိုက်ထားပြီးဖြစ်သည့်အတွက် အင်ထရို စတင်လိုက်သည်နှင့် နားဝင်ပီယံ ငြိမ့်ညောင်းသာယာသံထွက်ပေါ်လာသည်။ မိုးစက်လင်းချို၏ သီဆိုသံထွက်ပေါ်လာသောအခါ ပီတိတွေ စိမ့်ခနဲ ဖြစ်သွား၍ တေးရေးဆရာ တိမ်တမန်ကိုယ်တိုင်ပင် ဂစ်တာလက်ကွက်များ ကသောင်းကနင်း ဖြစ်ချင်သွားသည်။

ယခုလေးပင် တီးတိုးရွတ်ဆိုသံကို ဆယ်ခေါက်နီးပါး နားထောင်ရပြီးဖြစ်သော်လည်း အီလက်ထရောနစ်ပစ္စည်းများ၏ ပံ့ပိုးမှုနှင့်အတူ ဖွင့်ဆိုလိုက်သောအခါ ဝေစည်လွင်ထွက်လာသည့်အသံကြောင့် ကိုယ့်ငါးချဉ် ကိုယ်ချဉ်စိတ်ဖြင့် တိမ်တမန် ကိုယ်တိုင် လက်ခုပ်ထတီးချင်သွားသည်။

မြန်မာ့ရိုးရာ သင်္ကြန်ဒိုးသံတစ်ပိုဒ်၊ ခေတ်ပေါ်တေးဂီတ တီးခတ်မှုတစ်ပိုဒ်ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် သီချင်းအဆုံးသတ်သွားသောအခါ ...

ဝိုင်းခေါင်းဆောင်မှ စတင်လိုက်သော လက်ခုပ်သံများ ဆူညံသွားတော့သည်။ လက်ခုပ်သံများ တော်တော်နှင့်မစဲ။

"အိုကေ ... အားလုံးကောင်းပါတယ်၊ ရီကော်ဒင်းလုပ်မယ်ဆို လုပ်လို့ရပါပြီ"

"သီချင်းတွေ အစုံမရသေးဘူးရှင့်၊ တီးဝိုင်းနဲ့လည်း မညှိရသေးဘူး။ ရီကော်ဒင်းလုပ်ဖို့ စတီရီယိုဒိတ်ချိတ်ဖို့ကအစ ဘာမှမလှုပ်ရှားရသေးပါဘူး"

"ပရိုဂျူဆာရော တွေ့ပြီလား"

"ကျွန်မကိုယ်တိုင်ပဲလေ"

"အကြမ်းအဆင့်မှာတင် နှစ်သက်လို့ တခြားထုတ်လုပ်ရေးက အပြတ်လာဝယ်ရင် ရောင်းဖို့ အစီစဉ်ရှိလား"

"မရောင်းပါဘူး ... ဖြန့်ချိရေးလုပ်မယ့် တေးသံသွင်းနဲ့ညှိပြီးသားပါ"

မိုးစက်လင်းချိုက ကြိုတင်စဉ်းစားသင့်သည်ကို စဉ်းစားစီစဉ်ထားသဖြင့် သွက်လက်စွာပင် ပြန်ပြောသည်။ အေးမင်းဟန်ကလည်း သူ၏ ဂိုထောင် စတီရီယိုကို ပွဲထုတ်ချင်ဟန်ဖြင့် ...

"ကျွန်တော်တို့ စတီရီယိုမှာ သွင်းလို့လည်းရပါတယ်၊ ကွာလတီအောင် ကျွန်တော့် စတီရီယိုမှာ လိုအပ်တာတွေ ထပ်ဖြည့်ဦးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဝေယံကလည်း ...

"ကျွန်တော်တို့နဲ့ အခုသီချင်းတိုက်တာ ဘယ်လောက်အဆင်ပြေလဲလို့ ကျွန်တော်တို့ဝိုင်းနဲ့ပဲ သွင်းပါလား။ ကျွန်တော်တို့ဝိုင်းလည်း အပျော်တမ်းဝိုင်းဆို ပေမယ့် ကြေးစားပရော်ဖက်ရှင်နယ်ဝိုင်းတွေနီးပါး ကွာလတီ ရှိပါတယ်"

မိုးစက်လင်းချိုက အားလုံးကို အပြုံးမြမြဖြင့် ဝေ့ဝဲကြည့်ကာ စဉ်းစား နေပုံရသည်။ တိမ်တမန်ကတော့ သူ့အတွေးနှင့်သူမို့ ...

"ဒီလိုလုပ်ရင် အဆင်ပြေမယ်ထင်တယ်၊ ကျွန်တော်ရေးတဲ့သီချင်းတွေ ကို ကျွန်တော်တို့ပဲ နားလည်အထာညက်တာမို့ ကျွန်တော်တို့ဝိုင်းနဲ့ သွင်းပါလား၊ အကောင်းဆုံးဖြစ်အောင် ကျွန်တော်တို့ တီးပေးပါ့မယ်၊ ကျန်တဲ့သီချင်းတွေကို တော့ ကြိုက်တဲ့ဝိုင်းနဲ့ ကြိုက်တဲ့စတီရီယိုမှာ သွင်းပေါ့"

"ကိုတမန်ရဲ့သီချင်းတွေအားလုံးကို ကျွန်မပဲဆိုမှာ"

"ဒါဆိုလည်း တီးဝိုင်းကြီး၊ စတီရီယိုကြီးတွေနဲ့ အတွေ့အကြုံရအောင် တစ်ပုဒ်လောက်တော့ အဲဒီစတီရီယိုကြီးတွေမှာ သွင်းလိုက်ပေါ့"

"ကျွန်မ အဖွဲ့သားတွေနဲ့ ညှိလိုက်ဦးမယ်လေ"

ပန်းဝတ်လွှာကလည်း ဝင်ပြောသည်။

"အဖွဲ့သားတစ်ယောက်ဖြစ်တဲ့ ဝတ်လွှာကတော့ သဘောတူတယ်၊ အပျော်တမ်းဝိုင်းပေမယ့် ကိုတမန်တို့ဝိုင်းက ကြေးစားလက်သံကိုမီတာ အသိ သာချည်း"

မိုးစက်လင်းချိုက ပန်းဝတ်လွှာ၏အမြှောက်အပင့် စကားကြောင့် သူမ ပခုံးကို လက်နှင့်ပုတ်ရင်း ခပ်ဟဟရယ်သည်။ ပြီးမှ ... သီချင်းတိုက်ခအတွက် ကုန်ကျစရိတ်ကို မိုးစက်လင်းချိုက အတင်းပေးချေသည်။ တိမ်တမန်က လက် မခံ။

"သူတို့အားလုံး မအားတဲ့ကြားက ဝါသနာပါလွန်းလို့သာ ကူညီကြ တာပါ၊ မယုံရင် မိုးစက်လင်းချိုကိုယ်တိုင် လိုက်ပေးကြည့်လေ၊ ဘယ်သူမှယူမှာ မဟုတ်ဘူး"

မိုးစက်လင်းချိုက တစ်ယောက်ချင်းလိုက်ပေးကြည့်နေသည်၊ အားလုံး အပြင်းအထန်ငြင်းဆန်ကြ၏။ တိမ်တမန်အနားတွင် ရပ်ကျန်နေခဲ့သော ပန်း ဝတ်လွှာက ...



www.burmeseclassic.com

www.burmeseclassic.com



"မိုးစက်လင်းချိုကိုယ်တိုင် ပရိုဂျူဆာလုပ်မယ်ဆိုတာ သိပ်မဖြစ်နိုင်ပါဘူး။ အဲဒီလောက် အများကြီးရင်းနှီးဖို့ သူ့မှာကိုယ်ပိုင်ငွေ မရှိနိုင်ဘူး။ သူ့အိမ်ကလည်း ထုတ်ပေးမယ်မထင်ဘူး၊ သူ့နောက်မှာ ငွေထုတ်ပေးမယ့် ဘောစိတစ်ယောက်ယောက် ရှိနေလိမ့်မယ်၊ ကျွန်မထင်တာ ဘယ်လိုသဘောရလဲ ကိုတိမ်တမန်"

"အင်း ... ဟုတ်ချင်လည်း ဟုတ်မှာပေါ့လေ၊ မိုးစက်လင်းချို အကြောင်းကို အဲဒီလောက်အထိ ထဲထဲဝင်ဝင်မှ ကျွန်တော် မသိနိုင်တာ၊ ဝတ်လွှာက ပိုသိမှာပေါ့"

"အဲဒီ သီချင်းသွင်းဖို့ကိစ္စ စပြီးတိုင်ပင်ကတည်းက မေးကြည့်ဖူးပါတယ်နော် ... သူ့ကိုအထင်သေးပြီး မေးရမလားဆိုပြီး ကျွန်မကို တစ်လလောက် စိတ်ကောက်နေလို့ မနည်းပြန်ချော့ထားရတယ်၊ နောက်တော့ မမေးရဲတော့ဘူး"

ဘာရည်ရွယ်ချက်နှင့် ဘယ်လိုစကားကိုခြုံပြီး ပြောနေမှန်းမသိသဖြင့် တိမ်တမန် စကားမပြန်ရဲ။ ငြိမ်ကြည့်နေမိသည်။ ထိုအခိုက် ငွေလိုက်ရှင်းပေးသော်လည်း မယူကြသဖြင့် စိတ်ပျက်ပြီး အနားပြန်ရောက်လာသည့် မိုးစက်လင်းချိုကြောင့် စကားပြတ်သွားတော့သည်။

"ဟူး ... ဘယ်သူမှလည်းမယူပါဘူး ကိုတမန်ရယ် ... အဲဒါဆို အဲဒီပိုက်ဆံနဲ့အားလုံးကို တစ်ခုခုလိုက်ကျွေးရင် ကောင်းမယ်ထင်တယ်"

"သူတို့သဘောကို မေးကြည့်လေ"

မေးသော်လည်း တချို့က တီးမှုတ်ပြီး၍ အိမ်အမြန်ပြန်လိုကြသဖြင့် နှုတ်ဆက်ကာ ပြန်သွားကြသည်။ တချို့ကတော့ စားရန်သဘောတူကြသည်။ အားလုံးအဆင်ပြေစေရန် ဝိုင်းခေါင်းဆောင် ကိုမျိုးမာန်နှင့်ဝေယံတို့က လမ်းထိပ်ခေါက်ဆွဲဆိုင်မှ ခေါက်ဆွဲကြော်၊ ထမင်းကြော်များ ဟက်ကင်သွားဝယ်ကြသည်။

အားလုံး တပျော်တပါး ဝိုင်းဖွဲ့စားသောက်ကြပြီးလျှင် လူစုခွဲပြီး အသီးသီးအိမ်ပြန်ကြသည်။ တိမ်တမန်က မိုးစက်လင်းချိုကို လိုက်ပို့ပေးသည်။ အနားတွင် ကပ်ပါလာသော ပန်းဝတ်လွှာကို အေးမင်းဟာန်နှင့်ဝေယံတို့က ပထုတ်သွားသဖြင့် တိမ်တမန် လွတ်လပ်စွာ စကားပြောခွင့် ရသွားသည်။

"လူတွေဟာ ကိုယ်လုပ်ချင်တာလုပ်နေရရင် ပျော်နေကြတာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



စကားအဆက်အစပ်မရှိဘဲ ရုတ်တရက် ပြောလိုက်သော မိုးစက်လင်းချို့စကားကြောင့် တိမ်တမန်လည်း ခပ်လွှယ်လွှယ်ပင် အင်းလိုက် လိုက်ရသည်။

"တမန်ရော ... အဲဒီလိုမျိုးပဲလား ... "

"ကျွန်တော်လည်း လူတွေထဲက လူတစ်ယောက်ပဲလေ"

"ဒါဆို ... အများမိုးခါးရေသောက်ရင် တမန်ရောသောက်မှာလား။ စဉ်းစားဖြေနော်"

တိမ်တမန်က သူမကို တစ်ချက်ပြုံး၍ကြည့်လိုက်သေးသည်။

ပြီးမှ ...

"သောက်ရမှာပေါ့ ... ရောမမှာနေရင် ရောမလို ကျင့်ရမှာပေါ့"

"ဒါဆို ... အများက 'ဤ' ကို 'ကြွဲ' လို့ဖတ်ရင်ရော တမန်ပါ လိုက်ဖတ်မှာလား"

"အဲဒါတော့ ဘယ်လိုဖတ်ပါ့မလဲ"

"ဒါဆို ... တမန်သဘောက ပက်လက်ဖြစ်လိုက် မှောက်ခုံဖြစ်လိုက် လို့ ပြောလို့ရတာပေါ့၊ အဲဒါကြောင့် ... စိတ်သဘောထား မတည်ငြိမ်သူ၊ ယုံစားရခက်ခဲသူလို့ သတ်မှတ်ခံရနိုင်တာပေါ့"

"အဲဒီလိုမျိုးလဲ မဟုတ်ဘူးလေ"

"အို ... ခုနကပြောတော့ လူထဲကလူတစ်ယောက်ဆို၊ အများမိုးခါးရေသောက်ရင် လိုက်သောက်မယ်ဆို"

တိမ်တမန်တစ်ယောက် ခေါင်းကုတ် ဖင်ကုတ်ဖြစ်သွားပုံကိုကြည့်ပြီး ဒီတစ်ခါပြုံး၍ ကြည့်သူမှာ မိုးစက်လင်းချို ဖြစ်သွားသည်။

တိမ်တမန် အတွေးကမ္ဘာမှာ အဖြေရှာမရနိုင်သည့် မေးခွန်းက ကြီးစိုးလာသည်။ ဘယ်လိုအဓိပ္ပါယ်နှင့် ယခုကဲ့သို့ စကားတွေမျိုး မိုးစက်လင်းချို ပြောလာရသလဲ။ အဖြေရှာမရမီ နောက်ထပ်မေးခွန်းတစ်ခု ဝင်လာပြန်သည်။

"ထားပါ ... အခု မိုးစက် တည့်တည့်ပဲပြောတော့မယ်၊ အခုလို နှစ်ယောက်တည်း စကားပြောခွင့်ရအောင် ဖန်တီးတာ ဘာသဘောလဲ"

"တက်ကစီနဲ့ မိုးစက်လင်းချို အိမ်ကိုရောက်အောင် လိုက်ပို့ချင်လို့ပါ"

"ဒါဆိုလည်း တက်ကစီ တားလေ ... "



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေး စကားပြောချင်သေးတယ်"

"ပြောမယ့်စကားကို ကြိုသိပါတယ်"

"အဖြေက ... "

"စဉ်းစားနေတယ်"

"ဝမ်းသာရမှာလား ... ဝမ်းနည်းရမှာလား ... အဖြေက ... "

"ဒါတော့ မပြောနိုင်သေးဘူး"

"ကျွန်တော် ရင်ခုန်နေတယ်"

"ဘာရယ် ... "

"ရင် ... ခုန် ... နေ ... တယ်လို့ ... "

မိုးစက်လင်းချိုက မျက်ခွံတစ်ချက် လှန်ကြည့်ကာ ...

"ဘာသဘောနဲ့ပြောတာလဲ ... တမန်ပြောနေတာ မြတ်ဘုန်းခန့် အတွက် မဟုတ်ဘူးလား"

မိုးစက်လင်းချိုနှင့် နှစ်ကိုယ်ကြား ပြောခွင့်ရသည့်အခြေအနေမို့ မြင့် တက်သွားသည့် ရင်ခုန်နှုန်းကို အတင်းဘရိတ်ပြန်အုပ်လိုက်ရသည်။ လက်ရှိမှာ သူကိုယ်တိုင် ကိုယ်ကျပြောနေသော်လည်း ရေမှာအရုပ်ရေးနေသလိုပင်၊ သူ့ အတွက်တော့ အရာမထင်။ မြတ်ဘုန်းခန့်အတွက် ပြောနေသည်ဟုပင် မိုးစက် လင်းချိုက ထင်နေသည်။ ထို့ကြောင့်လည်း ... ချော်လဲရောထိုင်ရတော့သည်။

"မြတ်ဘုန်းခန့်အတွက်ပဲပြောနေတာပါ ... မြတ်ဘုန်းခန့်ရဲ့ကိုယ်စား ကြိုတင်ခံစားရင်ခုန်နေမိတာပါ"

မိုးစက်လင်းချိုက တိမ်တမန်ကို စေ့စပ်သေချာစွာ အကဲခတ်နေသည်။ အင်္ကျီကြယ်သီးပေါက် မှားတတ်မိလေသလား။ မျက်နှာတွင် တစ်ခုခုပေကျံနေ သလား တိမ်တမန် ထင်မှတ်မှားသည်အထိ အတန်ကြာ စူးစိုက်ကြည့်သည်။ ဤနည်းဖြင့် တိမ်တမန်၏ စိတ်တံခါးကို လှစ်ဟကြည့်ရန် ကြိုးစားနေတော့ သည်။ ခဏအကြာမှ ...

လမ်းမထက်တွင် ပြေးလွှားနေကြသော ကားများထံ မိုးစက်လင်းချို က အကြည့်ပို့ရင်း ...

"ကိုတမန့်ရင်ထဲမှာ ဘာဖြစ်နေလဲဆိုတာ ကျွန်မသိလိုက်ပြီထင်တယ်"

တိမ်တမန် ရှက်အမ်းအမ်းဖြစ်သွားပြီး ရုတ်တရက် မျက်နှာပေါ် သွေး



www.burmeseclassic.com

www.burmeseclassic.com



ရောင်လွှမ်းသွားသည်။

မိုးစက်လင်းချိုက ဝါရင့်သဘာရင့် ဆရာမကြီးစတိုင်။ ကြွေရုပ်ရနှင့်လက်လေးနောက်ပစ် ရင်လေးချီကာ ခန္ဓာဗေဒကို လှလှပပနေပြလိုက်သည်။ Miss Universe ပြိုင်ပွဲဝင် ကိုယ်ဟန်ပြနေသည် မှတ်နေလားမသိ။

အင်္ကျီလေးကလည်း တိမ်တမန်အကြိုက် အရောင်ဖြစ်သည့် ပန်းခရမ်းရောင်ပါးပါး လက်ရှည်လည်ဟိုက်လေး၊ ထမီလေးကလည်း အဖြူခံပေါ်တွင် ပန်းခရမ်းရောင်ရင့်ရင့် အပွင့်ကြီးများပါသည့် ဒီဇိုင်းကို ခြေဖျားထိတိုက်လုမတတ်၊ ညှပ်ဖိနပ်လေးထဲက ဖြူထွက်နေသည့် ခြေသည်းအလှဆေးခြယ်ထားသည့် ခြေချောင်းဖောင်းဖောင်းဖွေးဖွေးလေးများ ပေါင်လယ်ကျော်အထိ ဖြန့်ချထားသော ဖြောင့်စင်းနက်မှောင်သည့် ဆံကေသာအလှ။

အဆင်အသွေးက ယဉ်ယဉ်လေးနှင့် ကြည့်မဝအောင် လှနေသည်မို့ တိမ်တမန်၏ မျက်စိအကြည့်ဓါတ် မိုးစက်လင်းချို ခန္ဓာဗေဒမှာ ခွာမရအောင် ကပ်နေသည်မှာမဆန်း။ ညို့ဓါတ်နှင့်တကွ ဆွဲငင်နိုင်စွမ်းပြင်းသည့် မိန်းကလေးတစ်ယောက်၏ နားလည်မှုကိုပါ အလန့်တကြား တိမ်တမန် ခံစားမိသွားသည်။

သို့ဖြင့် . . .

"ကျွန်တော် . . . ကျွန်တော့်ရင်ထဲမှာ ဟိုလေ . . . ကျွန်တော့်ဘဝမှာ ဟုတ်ပါဘူး . . . မြတ်ဘုန်းခန့်အတွက် မိုးစက်လင်းချိုက အဆင်ပြေအောင် ပြန်ပြီးစဉ်းစားပေးမယ်ဆိုရင် ကျွန်တော်လည်း ဘေးကနေ ပီတိနဲ့အတူ ပျော်မိမှာပေါ့"

ရုတ်တရက် ပြောထွက်လာသည်က ကပေါက်တိကပေါက်ချာ ထစ်ထစ်ငေါ့ငေါ့နှင့်မို့ တိမ်တမန် စိတ်တွေ ထိန်းချုပ်ရခက်စွာ လှုပ်ရှားလွန်းနေသည်မှာ သိသာလှသည်။ မိုးစက်လင်းချိုမို့လည်း လွယ်လွယ်လေးရိပ်စားမိသွားသည်။ အနေမတတ်သဖြင့် ရင်ဖွင့်ချင်ပေမယ့်လည်း ဟန်လုပ်ထိန်းချုပ်ထားသည့် ရင်ဘတ်ဝေဒနာကို လှူသိသွားတော့သည်။

နှုတ်ဆိတ်၍လည်းမနေသာ ပြောမိပြန်တော့လည်း ဝေဒနာကို ဖုံးဖိမရတာမို့ လက်ပိုက်ပြီး လမ်းမကို ခပ်ငေးငေးလေးကြည့်နေသည့် မိုးစက်လင်းချိုကို တစ်ချက်စိုက်ကြည့်ရင်း . . .

"ကျွန်တော် . . . အငှားကား တားလိုက်တော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြစရာတွေ တစ်ပုံကြီးမဟုတ်လား ... ခုတော့ ... ကုန်သွားပြီလား"

"အဟင်း ... "

မရယ်ချင့်ရယ်ချင် ရယ်ပြရင်း ခေါင်းညိတ်ပြလိုက်သည်။ မိုးစက်လင်းချိုက ကိုယ်တိုင်ကားထွက်တားကာ စျေးနှုန်းညှိနှိုင်းပြီး နှစ်ဦးသား ကားပေါ်တက်ထိုင်ဖြစ်ကြစဉ် ...

"ကိုတမန်ရဲ့စိတ်တွေ မတည်ငြိမ်ဘူး"

မိုးစက်လင်းချိုရဲ့စကားအဆုံးတွင် ငြိမ့်ခနဲ ကားထွက်သည်။

"ကျွန်တော် ဒီနေ့အလုပ်တွေရှုပ်ပြီး စိတ်တွေရှုပ် ခေါင်းတွေလည်း ရှုပ်သွားမိတယ် ... အဲဒါကြောင့်ပါ"

"ခုန မိုးစက်မေးခဲ့တာလည်း အဲဒါပဲလေ ... "

"ကျွန်တော့်ကို စိတ်ထားမတည်ငြိမ်ဘူး၊ ယုံစားရခက်တဲ့ လူစားမျိုးလို့ မိုးစက် ထင်သွားပြီလား"

"ကိုယ့်ဘာသာကိုယ် အသိဆုံးဖြစ်ပါလိမ့်မယ်၊ မဟုတ်ဘူးလို့ညာရင် နောက်ထပ်လိမ်လည်တတ်မှု တစ်မှုပါထပ်တိုးသွားတော့မယ်"

ထိုစကားကြောင့် တိမ်တမန်က မိမိနှုတ်ခမ်းကို ဖေ့ကာ လက်နှင့်ပါ ပိတ်ပြလိုက်သည်။

ထိုအမူအရာကိုမြင်ပြီး မိုးစက်လင်းချိုက ပြုံးချိုချိုနှင့်ကြည့်ကာ မျက်စောင်းဝင့်သည်။ ထိုမျက်စောင်းချိုချိုက တိမ်တမန့်ရင်ကို နှန်းခွေပြီး ပစ်လဲကျသွားစေတော့သည်။ သူတို့နှစ်ဦးအတွက် ...

ရှေ့ဆက်လမ်းက တရိပ်ရိပ် ... ။ အငှားယာဉ်ကလည်း မောင်းထွက်နေပြီမို့ ... ။



www.burmeseclassic.com

www.burmeseclassic.com



ငှါရင်တွင်းက
အပြစ်ကင်းတဲ့ ချစ်ခြင်းကို
မင်း ... မြင်စေချင်တယ်။
ရင်ခုန်သံ မှန်တိုင်းတွေ
ဝုန်းဒိုင်းကြဲနေပေမယ့်
မပြရဲ မပြသာဘဝမှာ
ခဏတာလေးတော့
စိတ်ချမ်းသာချင်တာပေါ့။
ကဗျာတစ်ပိုဒ်ကိုသာ ရေးထုတ်
ဒီရင်ခွင်ကို ဟန်လုပ် ထိန်းချုပ်ရလို့
မောပန်းခံစားရသမျှကို
မင်းရဲ့အပြုံးမြမြတစ်ပွင့်နဲ့သာ
လဲလှယ်ရမှာဆိုလည်း
သွေးမနည်းပါဘူး။
အေးဆေးပဲနေမှာမို့
စစ်ခင်းယူဖို့ဆိုတာတော့ ဝေးရော၊
တစ်ဘဝစာ အမောတွေကိုပဲ
ဟောဒီရင်ဘတ်ကြီးထဲမှာ
ထာဝရ သိမ်းဆည်းထားလိုက်တော့မယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

တိမ်တမန် တစ်ယောက်တည်း အခန်းအောင်းကာ ဒုတိယမြောက် သီချင်းကို စိတ်အေးလက်အေးဆိုညည်းရေးစပ်နေစဉ် ဖုန်းခေါ်သံ မြည်လာသည်။

နယ်ရှိ မိဘများထံမှ ဖုန်းမှတ်၍ ကပျာကယာ ကောက်ကိုင်လိုက်သည်။

"ဟဲလို ... "

"ဟဲလို ... အမိန့်ရှိပါ"

တစ်ဖက်မှ ဖုန်းခေါ်ပြီး စကားပြောသံ ထွက်မလာ။ ဖုန်းခွက်ကို လက်နှင့်ပိတ်ပြီး နားထောင်နေပုံရသည်။ မသဲမကွဲ အသံသဲ့သဲ့သာ ကြားရသည်။ ထို့ကြောင့် ... ဖုန်းခွက်ကို ပြန်တင်ထားလိုက်သည်။

သီချင်း ပြန်စပ်ဆိုရန် ပြင်စဉ်မှာ ဖုန်းခေါ်သံမြည်လာပြန်သည်။ ကောက်ကိုင်နားထောင်လိုက်သည်။ ခုနလိုပင် ဘာမှပြန်မပြော။ ဖုန်းပြန်ချထားလိုက်သည်။

တတိယအကြိမ်လည်း ထို့အတူပင်။

စတုတ္ထအကြိမ်တွင်တော့ ဖုန်းခွက်ကို ဆတ်ခနဲ ကောက်ကိုင်လိုက်ပြီး

"ဟေ့ ... ဖုန်းသရဲလား ... အချိန်တွေသိပ်ပိုနေလို့လား၊ ဒါမှ မဟုတ် လက်သိပ်အားနေလို့လား"

တစ်ဖက်မှ ငြိမ်နားထောင်နေသည်။ ဖုန်းပြန်ချလိုက်သည်။ ထင်သလောက် ပါတော့။ ငါးမိနစ်ခန့်ကြာအောင် စောင့်ပြီးမှ ကိုယ့်ဘာသာ သီချင်းဆက်ရေး



www.burmeseclassic.com

www.burmeseclassic.com



ရန် အာရုံပြန်စုစည်းရသည်။

ထိုအချိန်တွင်မှ ဖုန်းသံမြည်လာပြန်သည်။ စိတ်တိုတိုနှင့်တိမ်တမန် ကောက်ကိုင်လိုက်သည်။

"ဘာသဘောနဲ့ ဒီလိုလုပ်နေတာလဲ ... ပြောစရာရှိတာပြောလေ၊ ဒီမှာ အလုပ်များနေတာနော်"

"စိတ်မရှည်တော့ဘူးလား ... "

တစ်ဖက်မှ အေးစက်စက်အသံကြီး ထွက်လာခြင်းဖြစ်သည်။

"ဘယ်သူလဲ ... အခုပြောနေတာ"

"ဟဲ့ ... ငါ နင့်အမေလေ ... "

"လုပ်မနေနဲ့ ... ဒါ ငါ့အမေအသံ မဟုတ်ဘူး၊ ငါသိတယ် ... "

"ငါ့အသံတောင် မမှတ်မိတော့ဘူးပေါ့လေ ... "

"မှတ်မိမလား၊ နှစ်တစ်ရာကျော်က သရဲ ရေခဲတိုက်ထဲကထွက်လာ လာချင်းပြောတဲ့အသံနဲ့ ပြောနေတာ"

"ခုလိုပြောရင်တော့ မှတ်မိမှာပေါ့"

တစ်ဖက်မှ ပုံမှန်အသံ ပြန်ထွက်လာသည်။

"ဟင် ... မင်း အဝေရာမဟုတ်လား"

"ဟုတ်တယ်"

"အင်း ... ပြောပါဦး ဘာကိစ္စလာစားနေတာလဲ"

"မြတ်ဘုန်းခန့်က ဆက်ခိုင်းလို့ဆက်တာ၊ သိပ်ဆက်ချင်နေလွန်းလို့ တော့မထင်နဲ့၊ ရှင့်အနေနဲ့ ကျွန်မအပေါ် ဘယ်လိုသဘောထားသေးလဲဆိုတာ ရှင်းလင်းတိကျအောင် မေးကြည့်ပါဦးဆိုလို့ ... "

"ဟုတ်ကဲ့ ... အရှင်းလင်းဆုံးဖြေပါ့မယ်၊ ဘယ်လိုမှ သဘောမထား တော့ပါဘူး"

"ကောင်းပါပြီ ... ခုလိုအပြတ်သားဆုံး ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ မြတ်ဘုန်းခန့်ကမေးလာရင်လည်း ခုလိုမျိုးပဲ ထပ်တူထပ်မျှ ဖြေပေးစေလိုပါတယ်၊ တိမ်တမန်ဆိုတာ မြားနတ်မောင်ချစ်အကျိုးတော် ဆောင်ကြီးမို့ မြတ်ဘုန်းခန့်နဲ့ကျွန်မတို့ကို အကျိုးဆောင်ပေးပါဦး"

"အိုးဟို ... မင်းတို့က ဒီအထိအောင် ပွင့်လင်းလို့ကြပြီကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဟ ... ဘာလဲ ... ခံစားသွားရပြီလား"

"ခံစားစရာလား ... အဲဒါမျိုးတွေ ဝဲပြစ်တာကြာပေါ့"

"ကြားရသမျှ နားချမ်းသာရပါတယ်"

"အဲဒီခံစားမှုကို ဒီကလည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်"

"အိုကေ ... ဒါဆို ပြောစရာကုန်ပြီ၊ နှုတ်မဆက်တော့ဘူး"

"ကြိုက်သွားပြီ ... အဲဒီအပြောကို ... "

အဝေရာက ဖုန်းချသွားသည်။

တိမ်တမန်စိတ်ထဲ ကသိကအောက်ဖြစ်သွားသည်။ အာရုံနောက်အောင် လာလုပ်သွားသည့်အဝေရာ။ အဝေရာထက်သာတာက မြတ်ဘုန်းခန့်။ ဘာလဲ မိုးစက်လင်းချိုလိုလိုနှင့် အဝေရာကိုပါ ပတ်နွယ်နေသည်။ လှော်နံနှစ်ဖက်နင်းနေ တာလား။

တိမ်တမန်လည်း မိုးစက်လင်းချိုအပေါ် စည်းမကျော်ပါဘူးဟု မာန် တင်းဆိုခဲ့ပြီးမှ ကိုယ့်စကားနှင့်ကိုယ် ပိတ်မိနေသည်။ ခုတော့ ... မြတ်ဘုန်းခန့် ဘက်မှ အတိအလင်း စတင်စည်းဖောက်သွားပေပြီ။

ရင်တွင်းခံစားချက် ပြောင်းလဲနေသည့် တိမ်တမန်အတွက် လမ်းပွင့် လေပြီလား။ စည်းစောင့်စရာ မလိုတော့ဘူးလား။

တိမ်တမန်၏ အတွန်းအပို့ကြောင့် မိုးစက်လင်းချိုက မြတ်ဘုန်းခန့်ကို စဉ်းစားနေဦးမည်ဖြစ်သည်။ အဝေရာ့စကားကြောင့် ဆင်ခဲ့ပြီးသမျှ အကွက်တွေ ကို အတိအလင်းပြန်ဖျက်ရတော့မလို ဖြစ်နေသည်။

အထေ့အငေါ့၊ အဖိအဖဲ့ဖြင့် ထောင်ချောက်ဆင် ချောင်ပိတ်စကားကို ဆိုတတ်လွန်းလှသော မိုးစက်လင်းချိုကို တိမ်တမန် ပြောခဲ့သမျှစကားတွေ ပြန်လှန်ရတော့မည်မို့ ရင်မှာ တင်းကျပ်ကျပ်ဝေဒနာ တချို့ ခံစားရသည်။

အတည်အဟုတ်သဘောနှင့် ပြောခဲ့သမျှ တန်ဖိုးမဲ့ဖြစ်ကုန်တော့မည် မို့ တိမ်တမန်၏ ဂုဏ်သိက္ခာလည်း မြောင်းနှုတ်ခမ်းရောက်ကုန်တော့မည်။

မကြာမီ ... မြတ်ဘုန်းခန့်တစ်ယောက် တိမ်တမန်ကို ဆက်သွယ် လာတော့မှာ သေချာသည်။

မြတ်ဘုန်းခန့်နှင့် ရှုပ်နေသည်ကို အရင်ရှင်းရမည်။ ပြီး ... မိုးစက်လင်းချိုနှင့် ရှင်းနေသည်ကို ရှုပ်ပြစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



သဲကိုးဖျာ မိန်းမမာယာကို မန်ကျည်းကိုးပင် ထပ်နောက်ထားသည့် ကျားမာယာက ဘယ်လိုအနိုင်ယူမည်လဲ။ တိမ်တမန်၏ ဝှက်ဖဲကို စောင့်ကြည့် ရတော့မည် ဖြစ်သည်။

ရင်ထဲ ... ယှဉ်တွဲ ... အစဉ်အမြဲ ... နင်နဲ့ငါပဲ လို့ ... အော် လိုက်ချင်ရဲ့။

မိုးစက်လင်းချိုနှင့် တွေ့ဆုံရန်အကြောင်းရှိတိုင်း ယခုနောက်ပိုင်းတွင် တိမ်တမန်၏ လွယ်နေကျ ကျောပိုးအိတ်လေးထဲ၌ လတ်လတ်ဆတ်ဆတ်နှင်းဆီ ပန်းတစ်ပွင့် အမြဲတမ်း ပါစေရန် ကြိုးစားမိသည်။

နှင်းဆီခရေဇီ မိုးစက်လင်းချိုမို့ ... ထိုပြင် ... ထိုနှင်းဆီနီနီက မိုးစက်လင်းချို၏ သဂ်ီရရသကို နှိုးဆွစေနိုင်သည်မို့ အထူးသတိထားရသည်။

မိုးစက်လင်းချိုနှင့်အတူ ယှဉ်တွဲလျှက် သူမတို့အိမ်ထဲမှ လျှောက်ထွက် လာစဉ် ...

"ကျွန်တော်တို့ စတွေ့ခဲ့ကြပုံက အံ့သြစရာပဲနော် ... "

မိုးစက်လင်းချိုက မျက်စောင်းခဲကြည့်ကာ ...

"အံ့သြစရာမဟုတ်ပါဘူးရှင် ... မုန်းစရာကြီးပါ"

"ဒီရှူပါကို မုန်းစရာကြီးလို့ ပြောစရာလားဗျာ၊ ခံရတဲ့လူက ကျွန်တော် ပါ၊ ခြေချောင်းနှစ်ချောင်း အရိုးအက်သွားတာ မနေ့တစ်နေ့ကမှ ပျောက်တယ်"

"မပိုနဲ့ ... ဘာအရိုးမှမအက်ဘူး။ သိပြီးသား ... "

"အဟီး ... "

"သူက ဝါးတူနှစ်ချောင်းကိုပွတ်တာကိုး ... အဲဒီလိုမျိုး ပွတ်တိုက် သံမျိုး ကြားရရင် မိုးစက် ကြက်သီးဖြန်းဖြန်း ထတတ်တယ်"

"မတော်တဆ တိုက်ဆိုင်သွားရာက အဲဒီလိုထင်လို့ မှန်မမှန် ပွတ် မဟုတ် တမင်ထပ်ခါ ထပ်ခါ သေချာအောင် လုပ်ကြည့်တာပါ၊ ကျွန်တော်လည်း အဲဒီတုန်းက မိုးစက် သမ်းတာကို လိုက်ပြောင်ပြီးသမ်းဝေတာ မဟုတ်ပါဘူး ကျွန်တော့်ရှေ့မှာ ဘယ်သူပဲသမ်းပြပြ ကျွန်တော်ပါ လိုက်သမ်းဝေမိတာ အကျင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလို ဖြစ်နေလို့ပါ"

"သူက သမ်းကူးသူကြီးပေါ့"

မိုးစက်လင်းချိုက ပြောပြီးပြီးချင်း ဘာမပြော ညာမပြောနှင့် ရုတ်တရက် အားရပါးရ သမ်းဝေပြလိုက်သည်။ ထုံးစံအတိုင်း ...

တိမ်တမန်လည်း မထိန်းချုပ်နိုင် လိုက်သမ်းဝေမိသည်။ မိုးစက်လင်းချိုက သူ့ကို အပြုံးကြည်ကြည်လေးနှင့်ကြည့်ကာ ...

"ဒီတစ်ခါတော့ အမှန်ပြောသွားပဲ"

"တော်တော်များများ လိမ်ညာခဲ့မိလို့လား"

"ကိုယ့်ဘာသာကိုယ်သိမှာပေါ့"

"သိနေခဲ့တာလည်း ကြာခဲ့ပေါ့"

မိုးစက်လင်းချိုက ထပ်မံမျက်စောင်းခဲကြည့်ပြန်သည်။

မြတ်ဘုန်းခန့်နှင့်ပတ်သက်သည့်ကို မိုးစက်လင်းချို အမြင်ရှင်းပြီးနားလည်သွားအောင် မရှင်းပြရသေး။ အထူးသဖြင့် ... မြတ်ဘုန်းခန့်၏ နောက်ဆုံးလှုပ်ရှားမှုအခြေအနေမှာ တိမ်တမန်အတွက်လည်း အရေးပါနေသည်။

"မြတ်ဘုန်းခန့်နဲ့ အဝေရာတို့ အခုဆိုရင် ... "

တိမ်တမန်က ပြောလက်စ စကားကိုရပ်ပြီး မိုးစက်လင်းချိုစိတ်ဝင်စား နားထောင်မှုရှိမရှိ အကဲခတ်ကြည့်လိုက်သည်။ မိုးစက်လင်းချိုက အရိပ်ကောင်းသော လမ်းဘေးတစ်နေရာတွင် တက်စီတားရန်ရပ်ပြီး ကားလာနိုင်သည့် သမ်းဘက်ကို မျှော်ကြည့်နေသည်။

"အဝေရာကို မိုးစက် သိတယ်မဟုတ်လား"

မိုးစက်လင်းချိုက သူ့ဘက်လှည့်မကြည့်ဘဲ ...

"အဲဒါ သူ့ရည်းစားဟောင်းမဟုတ်လား ... အဲဒီလောက်ပဲ ပြောပြနာတာ အဲဒီလောက်ပဲသိတာပေါ့"

"မြတ်ဘုန်းခန့်ဆိုတာကတော့ မိုးစက်လင်းချိုရဲ့ အချစ်ဟောင်းကြီးပေါ့"

"အချစ်သစ်ပြန်ဖြစ်ဖို့ မြားနတ်မောင် တိမ်တမန်ပဲ လူကိုတွေ့အောင်းဆွယ်တရားကို တော်ကီပွားနေတာမဟုတ်လား၊ သီချင်းရေးပေးအတွက် ခစားနာကြေးဆိုပြီး ငြင်းရခက်အောင် ခေါင်းစဉ်တတ်နေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"နိုး ... နိုး ... အဲဒါလောင်းလောင်းအကိုးဖြစ်သွားပြီ၊ ဒီကနေ့ အဖို့ အဲဒီကိစ္စက အန်းတိုက်ဖြစ်သွားပြီ၊ အသစ် ... အသစ်တွေပဲပြောချင် တော့တာ"

"ဘယ်လိုဖြစ်ရပြန်တာလဲ ... စိတ်ပြောင်းစိတ်လွဲကလည်း မြန်လှ ချည်လား"

မိုးစက်လင်းချိုက အပြုံးချိုချိုနှင့်ကြည့်ရင်း အပြစ်တင်သလိုဆိုသည်။

"မြန်တယ်ဆိုတာထက် မှန်တာကိုဆိုချင်လို့ပါ ... မြတ်ဘုန်းခန့် အဝေရာတို့ မနေ့ကမှ တရားဝင်ချစ်သူစုံတွဲဖြစ်သွားကြပြီဆိုတာ အတိအကျ သိလိုက်ရတယ်၊ အဲဒါကြောင့် ... မိုးစက်ကို ကျွန်တော်အရင်ကပြောခဲ့သမျှ မြတ်ဘုန်းခန့်နဲ့ပတ်သက်တဲ့စကားအားလုံးကို ပြန်ရုပ်သိမ်းပစ်လိုက်ပါတယ်၊ ခုလို အချုတ်အချော်ဖြစ်ရလို့ မိုးစက်အဖို့ စိတ်အနှောက်အယှက်ဖြစ်စေရမှုတွေအတွက် လည်း ဝမ်းနည်းစွာနဲ့ အနူးအညွတ် တောင်းပန်ပါတယ်"

တိမ်တမန် စိတ်လှုပ်ရှားစွာဖြင့် မိုးစက်လင်းချိုမျက်နှာကို မျက်တောင် မခတ်စတမ်း လေ့လာနေမိသည်။ ထိုစကားက မြတ်ဘုန်းခန့်အတွက် နိဂုံးဖြစ် သလို သူ့အတွက်တော့ နိဒါန်းဖြစ်သည်လေ။

မိုးစက်လင်းချို၏မျက်နှာက လေငြိမ်အရပ်မှ ရေသေအိုင်တစ်ခု ရေပြင်ပမာ ပကတိငြိမ်သက်လျက်။ မည်သည့်ခံစားချက်မျှ မစွန်းထင်း မသက် ရောက်သောမျက်နှာဖြင့် ကျေနပ်ရ နားထောင်နေသည်။ သူ့မျက်နှာကို မလွှဲ တမ်း စာဖတ်နေသည့် တိမ်တမန်ကိုလည်း ဂရုမထားသလိုလို၊ မသိယောင် ဆောင်နေသလိုလို။

"အဲဒါဆိုရင် မိုးစက် ခေါင်းရှုပ်မခံရတော့ဘူးပေါ့၊ နို့မို့ဆိုရင် အားနာ မှုနဲ့ခင်မင်မှုတွေ ပြန်ပေးနေရဦးမယ်၊ အဲဒါ ဝမ်းနည်းစရာမဟုတ်ဘူးရှင့်၊ အရမ်း ကို ဝမ်းသာစရာကောင်းတဲ့သတင်းပါ ... တမန်နဲ့မိုးစက်ကြားမှာ ရှင်းသွားတာ ပေါ့၊ တစ်ယောက်ကိုတစ်ယောက်လည်း အမြင်ရှင်းရှင်းနဲ့ကြည့်လို့ စကားပြော လို့ ဆက်ဆံလို့ရသွားတာပေါ့ ... အို ... အဲဒီသတင်းကိုကြားရတာ မိုးစက် အဖို့ သိပ်ကိုပျော်စရာကောင်းသွားပြီ"

မိုးစက်လင်းချိုက ဟန်မဆောင်စတမ်း ပြောနေသည်။ သို့မဟုတ် ပြောင်မြောက်စွာ သရုပ်ဆောင်နေပြခြင်းလည်း ဖြစ်ပေလိမ့်မည်။ တိမ်တမန်



www.burmeseclassic.com

www.burmeseclassic.com



အဖို့ ယုံကြည်ရန်ခက်သော်လည်း မိုးစက်အဖို့ အမှန်တကယ် ပျော်ရွှင်ခြင်းသာ ဖြစ်စေလိုသည်မှာ တိမ်တမန်၏ ရင်တွင်းဆန္ဒ အစစ်အမှန်ဖြစ်သည်။

"မြတ်ဘုန်းခန့်အတွက် ပြောဆိုထားသမျှ တောင်းဆိုမယ်လို့ စိတ်ကူးနဲ့ ကြံရွယ်ထားသမျှ ဓာတ်သိမ်းပြည်ဖုံးကားချလိုက်လို့ ရှင်းသွားတဲ့အပေါ် မိုးစက် အမြင်ရှင်းသွားတယ်၊ ပျော်သွားတယ်ဆိုရင်တော့ ကျွန်တော့်အတွက် အတိုင်း ဆက်အလွန်ပေါ့၊ မြတ်ဘုန်းခန့်ကြောင့် မိုးစက်ကို ကျွန်တော်ဆက်ဆံတိုင်း သည်းထားခဲ့ရတယ်၊ အဲဒီစည်းကိုထောက်ပြီး မပြောသင့် မပြောအပ်တာဖြစ်မှာ လို့ နှုတ်ဆိတ်ပြီး အသံတိတ်ခဲ့မိတာရှိပါတယ်၊ ဟန်ဆောင်ဖုံးဖိမှုအတတ် ပညာအရာမှာ မကျွမ်းကျင်လို့ မျက်ဝန်းအကြည့်ကတစ်ဆင့် အဲဒီစည်းကို ကျော် မိတာအတွက် လူ့အရိပ်အကဲ ဖမ်းပညာမှာ ကျွမ်းလှတဲ့ မိုးစက်ဟာ ဖမ်းမိ သွားခဲ့တဲ့အခါရှိခဲ့ရင် ခွင့်လွှတ်ပေးပါ"

မိုးစက်လင်းချိုက သူ့စကားကိုဆုံးအောင်နားထောင်ပြီး ပြန်ကြည့်သည်။ အကြည့်တွင် ညို့မြို့သော ရောင်စဉ်တွေ ဖြာဖြာလက်နေသည်။

"အထင်မကြီးပါနဲ့ရှင် ... မိုးစက်က နည်းနည်းထူပါတယ်၊ ခုထိ သူ့ဆိုလိုရင်းကိုတောင် သဘောမပေါက်ချင်သေးဘူး"

တိမ်တမန်က တစ်ချက်ပြုံးသည်။ ပြီး ... ကျောပိုးအိတ်ကို ဖွင့်ဟန် ပြင်ကာ ...

"ကျွန်တော့်မှာ နှင်းဆီနီနီတစ်ပွင့် အဆင်သင့်ပါလာပါတယ်"

မိုးစက်လင်းချို၏ ဖြူဖွေးနုနုပါးပြင်နှစ်ဖက်ထက် ပန်းရောင်တချို့ ဖြတ် ပြေးသွားသည်။

"ဒီတစ်ခါတော့ မထူတော့ဘူးထင်တယ်"

မိုးစက်လင်းချိုက ရှက်ပြုံးလေး ပြုံးကာ ...

"ဟင့်အင်း ... မထူတော့ပါဘူး၊ မေးစရာတော့ရှိတယ်၊ သူ ... အကြောင်းကို ဘယ်လောက်သိထားလို့လဲ"

"သိသင့်သလောက် သိပြီးပြီလို့ထင်တာပဲ"

မိုးစက်လင်းချိုက ခေါင်းအနည်းငယ်ခါရမ်းလိုက်ပြီး ...

"အဲဒီသိသင့်သလောက်ဆိုတာထက် ပိုသိပြီးရင်တော့ သူ့အိတ်ထဲက ပန်းဆီပန်းဘိုးကိုပါ နှမျောသွားမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နှမျော စရာလားဗျာ ... အခု ... ကျွန်တော့်နှင်းဆီပန်းကို လက်ခံဖို့အဆင့်သင့်ဖြစ်ပြီထင်တယ်"

"သူက ပါးစပ်ကသာပြောနေတာ၊ လက်ကအိတ်ထဲက ပန်းကိုမထုတ်သေးပုံကြည့်ရတာ သူရဲကောင်းတွေရဲ့ဓားလို ဓားအိမ်ထဲကထုတ်ပြီးတာနဲ့ ခုတ်ပြီးသားဆိုသလို သူကလည်း သူ့ပန်းကိုအိတ်ထဲကထုတ်ပြီးတာနဲ့ပေးပြီးသား လက်ခံမယ့်သူကလည်း လက်ခံပြီးသားဖြစ်စေချင်တယ်ထင်တယ်"

"ကျွန်တော့်ရင်ကို ဖွင့်ကြည့်လိုက်သလိုပါပဲလား မိုးစက်ရယ်"

တိမ်တမန်က ကျေနပ်နှစ်လိုသံနှင့်ပြောသည်။ မိုးစက်လင်းချိုကလည်း ပြုံး၍ပြန်ကြည့်နေသည်။ သို့သော် ...

"သူနဲ့မြတ်ဘုန်းခန့်တို့ ဘာတွေများ မဟုတ်တာပူးပေါင်းကြံစည်ထားသေးလဲဆိုတာ မိုးစက် သိချင်နေသေးတယ်"

မိုးစက်လင်းချို၏အကြည့်တွင် သူတို့လျှို့ဝှက်ထားသော အခြေအနေအထိပင် သိနေသလိုမျိုး ထင်ရသည်။ တိမ်တမန် စိတ်လှုပ်ရှားသွားပြီး ...

"ကျွန်တော်တို့ချင်း တွဲမိကြတာတော့ မှန်ပါတယ်"

"ရှင်ပြောပြနိုင်တာထက် ကျွန်မပိုသိတယ်ဆိုရင် ရှင်အံ့ဩပြီးလဲသေသွားနိုင်တယ်"

"ဘာ ... ဘယ် ... ဘယ်လို ... "

မိုးစက်လင်းချိုက အဖြေပြန်မပေး၊ အလေးမထားတော့။ အနီးသို့ချဉ်းကပ်လာသည့် တက်စီကို လက်ပြတားလိုက်သည်။ အနီးတွင် တက်စီထိုးရပ်သည်နှင့်စကားဆက်ခွင့်မပေးဘဲ ကားပေါ်လှမ်းတက်သည်။

လူ့စိတ်ဆိုတာ အချိန်တိုတိုလေးအတွင်းမှာ ညို့သူမှ ငြိုးသူအဖြစ်ပြောင်းနိုင်သလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

မိန်းကလေးထဲမှ မိန်းကလေးပီပီ မိုးစက်လင်းချိုလည်း ရှော့ပင်ထွက်ရသည်ကို သဘောကျနှစ်သက်သည်။ အထူးသဖြင့် ... အလှပြင်ပစ္စည်းနှင့် အဝတ်အစား ဝယ်သည်ကများပါသည်။

ခုနောက်ပိုင်း ရှော့ပင်ထွက်တိုင်းလိုလို တိမ်တမန်ကို အကူအညီတောင်းသည်။ တစ်ခုထူးခြားသည်မှာ ငွေကြေးအကူအညီတော့ လုံးဝမတောင်း။ ယောက်ျားလေးများကို ချူစားတတ်သည့် မိန်းကလေးမျိုးတော့မဟုတ်။ အဖော်လိုက်ပေးရသူ မငြီးငြင်စေရန်အတွက်လားမသိ။ သူမကပင် မုန့်ကျွေးအအေးတိုက်၊ ကော်ဖီ တိုက်တတ်သေးသည်။

"အနားမှာသူပါနေတော့ တော်ရုံတန်ရုံ ငနဲတွေ လိုက်မရှုပ်တော့ဘူး။ စိတ်အေးလက်အေး ရွေးဝယ်လို့ရတယ်၊ နို့မို့ဆို အနားကပ်ခွေနေတာနဲ့ သူတို့ကို ဖြေဖို့ စဉ်းစားရ၊ ခွာထုတ်ဖို့ ကြံစည်ရတာနဲ့ တစ်ခါတစ်ခါ ကိုယ်ဝယ်ရမယ့်ဟာတောင်မေ့တယ်၊ ပြီးတော့ ... ဈေးဝယ်ရတဲ့ စိတ်လွတ်လပ်ပျော်ရွှင်မှုသည်း ပျောက်ရော၊ မိန်းကလေးအဖော်ခေါ်လာရင်လည်း အဆင်မသင့်ရင် အဲဒီငနဲ့တွေအတွက် ပိုစနောက်ဖို့ အဆင်ပြေသွားပြန်ရော၊ ယောက်ျားလေးပါသာမှ ရှိန်ကြတာ"

"အဲဒါဆိုရင် ... မိုးစက်ရဲ့တစ်သက်တာ ဘော်ဒီဂတ်အဖြစ် ဗျွန်တော့်ကို ခန့်လိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် မိုးစက်လင်းချို တစ်ဖက်လှည့်ပြီး ပြုံးသည်။ နှုတ်ဖျားမှ ထွက်လာသည့်စကားကတော့ ...

"နှုတ်မစောင့်စည်းတတ်တဲ့ ဘော်ဒီဂတ်တော့ မလိုချင်ဘူးနော်၊ အနောက်မလွတ် အသွားမလွတ်တွေ မပြောနဲ့"

တိမ်တမန်က တောင်းပန်ဟန်နှင့် လက်နှစ်ဖက်ထပ်ဆုပ်ပြပြီး ...

"စိတ်မရှိပါနဲ့ ဘော့စ်ရယ် ... ဒိုင်လူကြီးလစ်ပြီအထင်နဲ့ လက်ဖျားလေးပဲ ထိမိတာပါ၊ လက်နဲ့ပုတ်ပြီး ဂိုးမသွင်းပါဘူး"

"ဒီဒိုင်လူကြီးက အင်တာနေရှင်နယ်ဒိုင် ... မျက်စိလျင်တယ်၊ စည်းကမ်းကြီးတယ်၊ အလွတ်မပေးဘူး သတိထားပါ ... အဝါကဒ်တွေ အနီကဒ်တွေ ပလူပျံသွားမယ်"

နှစ်ယောက်သား ပြိုင်တူရယ်မိကြသည်။

မိုးစက်လင်းချို နှစ်သက်ရာ ရွေးချယ်ဝယ်ယူ၍ ရှော့ပင်းစင်တာငါးလွှာမှ ဓါတ်လှေကားဖြင့် ပြန်ဆင်းလာကြသည်။

ဓါတ်လှေကားထဲတွင် လူများများစားစားမပါ။ ဓါတ်လှေကားကျောဘက်နံရံကို ကပ်ရပ်နေသည့် သူတို့နှစ်ယောက်နှင့် တိမ်တမန်ရှေ့တွင် နောက်မှဝင်ရပ်လာသည့် အသက်ခြောက်ဆယ်ဝန်းကျင် ပိန်ပိန်ပါးပါး အိုးတော်တစ်ဦးနှင့် မိုးစက်လင်းချိုရှေ့တွင် ခြောက်ဆယ်နီးပါးတော်တော်လေးဝသည့် ဘွားတော်ကြီးတစ်ဦးတို့သာပါသည်။

ဓါတ်လှေကား မြေညီထပ်မရောက်မီ ရှေ့မှ ဘွားတော်ကြီးအရာပေါ်တော့သည်။ မနိုင်မနင်း ပွေ့ပိုက်လာသည့် အထုပ်တစ်ထုပ် ပြုတ်ကျခြင်းဖြစ်သည်။ ကွဲစရာပစ္စည်းမဟုတ်၍ ပြုတ်ကျသည်က အကြောင်းမဟုတ်။ ပြုတ်ကျသည့် အထုပ်ကို ကုန်းကောက်တော့မှ ဒုက္ခရောက်ရတော့သည်။ သို့သော်လည်း ဒုက္ခရောက်သူမှာ ထိုဘွားတော်မဟုတ်။ သူမနောက်တွင် ရပ်နေသည့် မိုးစက်လင်းချိုသာဖြစ်သည်။ အကြောင်းမှာ ...

ပစ္စည်းကုန်းအကောက်တွင် အသက်ကြီးကြီးဝသူတို့၏ ထုံးစံအတိုင်း မထိန်းနိုင်ဘဲ လေလည်မိတော့သည်။ ကံဆိုးသည်မှာ မိုးစက်လင်းချိုကလည်း စပ်စပ်စုစု လိုက်ငုံ့ကြည့်နေမိရာ သူမနှာခေါင်းနှင့်လမ်းကြောင်းတည့်သွားလေတော့သည်။ သေချာသည်မှာလည်း အတန်အသင့် အောင်မြင်နေ၍ အသံထွက်



www.burmeseclassic.com

www.burmeseclassic.com



လာ၍ဖြစ်သည်။

ပို၍သေချာသည်မှာ ဓါတ်လှေကားအခန်းကျဉ်းလေးအတွင်း ချက်ချင်းပင် လေထုညစ်ညမ်းသွားတော့သည်။ အစားပေါင်းစုံ စားထားသည်ထင့်။ အနံ့ကလည်း အနည်းငယ်ပြင်းလေသည်။

ဘိုးတော်ကြီးကတော့ ပြောရှာပါသည်။

"ဟင်း ... မင်းကတော့ လုပ်ပြီကွာ"

သူ့တရားခံဖြစ်မှာစိုး၍ ဝင်ပြောခြင်းလည်းဖြစ်နိုင်ပါသည်။ ဘွားတော်ကြီးကတော့ ဘာမှမပြော။ သူမ ဘာမှမလုပ်မိသလိုပင်။ သူမ အဘိုးကြီးကို တစ်ချက်စွေကြည့်ကာ နေမြဲတိုင်းဆက်ရပ်နေသည်။ မျက်နှာကိုပင် အနည်းငယ်မော့ထားလိုက်သေးသည်။

မခံစားနိုင်စွာ မျက်နှာလေးကို ဘစ်ဖက်သို့ခပ်လွှဲလွှဲလေးဖက်ထားရှာသည်မှာ မိုးစက်လင်းချိုသာ။ လက်နှစ်ဖက်လုံးတွင် အထုပ်များများကိုင်ထားရသဖြင့် နှာခေါင်းကိုလည်း မပိတ်နိုင်၊ ရှောင်ထွက်သွားရအောင်ကလည်း ဓါတ်လှေကားက မြေညီထပ်မရောက်၍ မရပ်သေး။

မိုးစက်လင်းချို၏ ထိုအခက်အခဲကို အလိုက်တသိ ဖြေရှင်းပေးသူက တိမ်တမန်ဖြစ်သည်။

တိမ်တမန်က လက်နှစ်ဖက်လုံးတွင် မနိုင်မနင်းကိုင်ထားရသည့် အထုပ်များကို ကြမ်းပြင်ပေါ် အသာချသည်။ ပြီးနောက် ... မိုးစက်လင်းချို ပခုံးကိုတို့ပြီး သူ့ကိုလှမ်းကြည့်မှ ခဏစောင့်ဖို့ အမူအရာပြသည်။ သူတို့နှစ်ယောက်လုံး အသံထွက်ပြီး မပြောကြ၊ ပါးစပ်မဟကြ၊ အသက်လည်း အောင့်ထားကြသည်။ သူတို့ကို တိုးဝင်နှိပ်စက်မည့် ဓါတ်လှေကားအခန်းကျဉ်းလေးထဲမှ ညစ်ညမ်းလေထုကို ထိုနည်းဖြင့်သာ သူတို့တွန်းလှန်နိုင်ကြသည်။

တိမ်တမန်က သူ့ကျောပိုးအိတ်ထဲမှ သူအသင့်ဆောင်ထားသည့် နှင်းဆီပန်းနီနီကိုထုတ်ပြီး သူ့လှုပ်ရှားမှု အစအဆုံးကို လိုက်ကြည့်နေသော မိုးစက်လင်းချိုကို လှမ်းပေးကာ နှာခေါင်းနားတေ့ရှုလိုက်ရန် အမူအရာပြသည်။ မိုးစက်လင်းချိုကလည်း သဘောပေါက်စွာ သူပြောသည့်အတိုင်းလုပ်သည်။

ထို့နောက် အဆင်ပြေကြောင်း လက်မထောင်ပြခြင်းဖြင့် မိုးစက်လင်းချိုက အချက်ပြသည်။ တိမ်တမန်ကလည်း အားရဝမ်းသာဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



“အိုတော … မိုးစက် … ကျေးဇူးပဲ … အု”

စကားနောက်ကပ်ပါလာသော ‘အု’မှာ သတိလက်လွတ်ပြောမိပြီးမှ ပါးစပ်ကိုအမြန်ဘရိတ်အုပ်ပိတ်လိုက်ရသဖြင့် ထွက်လာသောအသံဖြစ်သည်။ သို့သော်လည်း …

မြေညီထပ်ရောက်ပြီး ဓါတ်လှေကားတံခါးပွင့်သွားသဖြင့် တိမ်တမန် တစ်ယောက် ကံကောင်းသွားရှာသည်။

နှစ်ယောက်သား ဓါတ်လှေကားအပြင်သို့ အမြန်ထွက်ပြီး လေကောင်း လေသန့်ကို အသည်းအသန်ရှူကြရသည်။ ခဏကြာမှ တိမ်တမန်က …

“ရပါပြီ မိုးစက်ရယ် … ခုနေ နှင်းဆီပန်းနံ့လေး ရှူလိုက်ရင် ရင်ထဲမှာ ပိုပြီးလန်းဆန်းလတ်ဆတ်သွားလိမ့်မယ်”

မိုးစက်လင်းချိုကလည်း နင်ဘာသဘောနဲ့ ငါ့ကိုဒီနှင်းဆီပန်း နမ်းရှိုက် ခိုင်းတာလဲဆိုတာ ငါသိပါတယ် သာလိကာရယ်ဆိုသည့် အဓိပ္ပါယ်ပြည့်ဝသော အကြည့်ဖြင့် တိမ်တမန်ကိုကြည့်သည်။ ထို့နောက် …

သူ့ကိုမျက်စောင်းတစ်ချက်ဝင့်ကာ ပြုံးချိုချိုဖြင့်ကြည့်နေရင်း …

သူမက သူပေးသည့် နှင်းဆီပန်းကို တရှိုက်မက်မက် နမ်းရှိုက်ပြလိုက်သည်။

တိမ်တမန်ရင်ထဲ ပီတိအဟုန်ဖြင့် လှိုက်ခနဲ တုန်တက်သွားသည်။

မိုးစက်လင်းချို၏ ထိုအကြည့်၊ ထိုအပြုံး၊ ထို Pose လေးက သူ့ရင်ကို ထာဝရစွဲသွားစေပြီး မြတ်နိုးကြင်နာစိတ်တို့ တဖွားဖွားဖြစ်တည်လာစေတော့သည်။ ထိုမှတစ်ဆင့် … ချစ်ခင်ယုယလိုစိတ်တို့နှင့်အတူ ရင်ခွင်မှာထွေးပွေ့ထားလိုစိတ်တို့ ထိန်းမရအောင်ဖြစ်လာသဖြင့် သူမအနီးတိုးကပ်သွားမိသည်။

“ဘယ်လိုဖြစ်နေတာလဲ … လို့ … ”

မိုးစက်လင်းချိုထံမှ မှုန့်နှဲ့နှဲ့အသံထွက်လာမှ သူလှုပ်ရှားမှုကို ဘရိတ်အုပ်ဖြစ်သည်။ သူမက နှင်းဆီပန်းကို ပတ်ချည်ထားသည့် ပန်းရောင်ပလက်စတစ်အကြည်နှင့် ဖဲကြိုးနီကို သူ့ထံလှမ်းပေးရင်း …

“ရော့ … ဒါတွေပြန်သိမ်းထား … အဆင့်ကျော်တာ ကြိုက်ဘူး နော် … သတိထား”

သူမက ပြောပြီးပြီးချင်း နှင်းဆီပန်းကို သူမ ရှော့ပင်အိတ်ထဲထည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



လိုရာဆက်သွားရန် ခြေလှမ်းပြင်သည်။

တိမ်တမန်ကတော့ ငူ ပေါင်ကာ သူမလှုပ်ရှားမှုကို ငေး၍ကောင်းတုန်း။

"ဘာလုပ်နေတာလဲလို့ သွားပါ့မယ်ဆို ... "

ထိုအခါမှ သတိဝင်လာသည့် တိမ်တမန်က အမီလိုက်ကာ သူမအား ကပ်လျှောက်သည်။

"ကိုယ်ပေးတဲ့ နှင်းဆီပန်းကို အခုမိုးစက်လုပ်ပြတဲ့ အဓိပ္ပာယ်က ကိုယ်ဟာ ဒီနေ့ကစပြီး မိုးစက်ရဲ့ ... "

"ကိုယ်ရံတော်အဖြစ် ခန့်အပ်ခံလိုက်ရပြီ"

ဖြည့်စွက်ပြောလိုက်သော မိုးစက်လင်းချိုစကားကို တိမ်တမန်က ချက်ချင်းခေါင်းခါပြီး ...

"တိမ်တမန်ဟာ ... မိုးစက်လင်းချို့ရဲ့ အချစ်ရဆုံးသော ရင်နှင့်အမျှ အမြတ်နိုးရဆုံးသော တစ်သက်တာ ထာဝရအတွက် ရည်စူးသော ... "

ဒီတစ်ကြိမ်လည်း တိမ်တမန်စကားကို မိုးစက်လင်းချိုကပင် အဆုံးသတ်ပေးပြန်သည်။ မိုးစက်လင်းချိုက နွဲ့ပြုံးကို မှဲ့ပြုံးပါရောစပ်ကာ အဆုံးသတ်ဖြည့်ပေးလိုက်သည့်စကားကြောင့် တိမ်တမန်တစ်ယောက် မတ်တတ်ကြီးမေ့သွားချင်တော့သည်။ သူမ၏ရင်တွင်းဖြစ်စကားမှာ ...

"မေတ္တာတော်တုံးကြီး ဖြစ်သွားပါပြီရှင် ... "တဲ့။

အသစ်စက်စက်ချစ်ရသူဆိုမှာမို့လားမသိ သီချင်းတစ်ပုဒ်ကို အိုင်ဒီယာ တ်ရေးစပ်လိုက်သည်မှာ တစ်ရက်တည်းနှင့် ပြီးသွားသည်။ သံစဉ်ထည့်ကာ သည့် တီးကွက်များ ရှာကြံရာတွင်တော့ မကြိုက်ပြန်ပြင် မကြိုက်ပြန်ဖျက် သုံးရက်ခန့် အချိန်ကုန်သွားသည်။

နောက်ဆုံးတွင်တော့ သွက်လက်မြူးကြွသောသံစဉ်၊ လှပသောဆ ကျသော တီးကွက်နှင့်တကွ မိုးစက်လင်းချို၏အသံ၊ ဆိုဟန်တို့နှင့်လိုက်ဖက် ည့် သကြန်သီချင်းအသစ်တစ်ပုဒ်ကို ဖန်တီးရေးထုတ်နိုင်ခဲ့သည်။

ထိုရက်ပိုင်းအတွင်း တိမ်တမန် လုံးဝအပြင်မထွက်ဖြစ်။ ထမင်းမေ့

www.burmeseclassic.com

www.burmeseclassic.com



ဟင်းမေ့ အသည်းအသန် စိတ်နှစ်ကာ အာရုံဝင်စားခဲ့ခြင်းဖြစ်သည်။

ကျေနပ်အားရစွာဖြင့် ချစ်သူထံ အသိပေးကာ ဝမ်းသာမှုကိုမျှဝေ အတွက် ဖုန်းပေါ်လက်တင်မိသည့်အချိန်မှာပင် ဖုန်းကောလ်ဝင်လာသည်။

အသံကို စကြားရသည်နှင့် မနှစ်လိုသူ၏ အသံမှန်းသိသော်လည် လူမှုရေးအရ ဆက်ပြောဖြစ်ရာမှ တိုလူတွေ့ဆုံရန် ချိန်းဆိုသည်ကို လက်ခံလို ရသည်။

ညနေစောင်းအချိန် ဘီယာဆိုင်လေးတစ်ဆိုင်တွင် သူနှင့်မြတ်ဘုန်း တို့တွေ့ဆုံဖြစ်ကြရာ မုန်တိုင်းကျခါနီးအခြေအနေကဲ့သို့ အရာအားလုံးငြိမ်သ နေကြသည်။ ဆိုင်လေးထဲတွင် သုံးလေးဝိုင်းသာ လူရှိပြီး ကိုယ့်အကြောင်းနှ ကိုယ် တီးတိုးသာ ပြောဆိုနေကြသည်။

"ကိုတိမ်တမန်ရဲ့ ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလား"

"မပြင်တဲ့အပြင် အဲဒီလမ်းအတိုင်း ဆက်လျှောက်နေတာ တော်တေ တောင် ခရီးပေါက်နေပြီဗျ"

"ကျွန်တော်နဲ့အဝေရောက်စွကို ကိုတိမ်တမန် လက်ခံသဘောတူနိုင် ဆိုတော့ ခင်ဗျားရဲ့လမ်းကြောင်းကို ကျွန်တော်လည်း လက်ခံလိုက်ရုံပေါ့"

"အသင့်တော်ဆုံးပေါ့ဗျာ"

မြတ်ဘုန်းခန့်က ထွေထွေထူးထူး စကားဆက်မဆိုသော်လည်း တိ တမန်မျက်နှာကို ကွက်ကြည့် ကွက်ကြည့်ကြည့်ကာ ဘီယာကိုတော့ တစ်ခွ ပြီးတစ်ခွက် ဆင့်သောက်နေသည်။ တိမ်တမန်က တစ်ခွက်သာသောက်ရသေ သော်လည်း မြတ်ဘုန်းခန့်က သုံးဂျားမြောက်အထိ မရပ်မနားဆက်သောက်နေ သည်။

မြတ်ဘုန်းခန့် တစ်ယောက် စိတ်လှုပ်ရှားမှုလွှမ်းကဲနေသည်မှာ သိသာ လှသည်။ အလိုမကျသည့်ပုံစံလည်း ဖုံးမနိုင် ဖိမရ ပေါ်လွင်နေသည်။

"ခင်ဗျားလည်း မိုးစက်လင်းချို့ရဲ့ ညွှတ်ကွင်းထဲဝင်သွားပြီ"

တိမ်တမန်က အလိုက်သင့်ပင် ခေါင်းဆတ်ပြပေးလိုက်သည်။ သို့သေ လည်း ... မြတ်ဘုန်းခန့်က တိမ်တမန်ကို မကြည်မလင်ကြည့်လာ ...

"တစ်ခုတော့ရှိတယ်၊ ကျွန်တော့်ကိုဘမ်းပြပြီး ခင်ဗျားအတွက် ရို ခွင့်ကို တည်ဆောက်ယူသွားတာကတော့ သိပ်ဆိုးဝါးလွန်းတယ်လို့ထင်တယ်



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားနဲ့အဝေရာတို့က အရင်လူပ်ရှားခဲ့ကြတာပါ"

"အဲဒါက ... အဝေရာဘက်က ဖြစ်နေတဲ့အခြေအနေပါ"

"ဒါဆိုလည်း ... ကျွန်တော့်စကားကို တစ်မျိုးပြောင်းပြောမယ်၊ မိုးစက်လင်းချိုဟာ လွတ်လပ်တဲ့အပျိုစင်ပါ၊ လူပျိုတိုင်း ကြိုးစားလို့ရပါတယ်၊ ခုချိန်မှာပဲ ခင်ဗျားကိုယ်တိုင် အတင်းလိုက်ပြီးချဉ်းကပ်ကြိုးစားလို့လည်း ကျွန်တော်အမှုကန့်ကွက်မှာ မဟုတ်ပါဘူး"

မြတ်ဘုန်းခန့်က စားပွဲကို ဒုန်းခနဲ ထုချလိုက်ပြီး ...

"မင်း အယုံသွင်းပြီးမှ ငါ့ဘယ်လိုဝင်လို့ရတော့မှာလဲကွ"

ဒေါသပေါက်ကွဲပြနေသဖြင့် တိမ်တမန် လိမ္မာစွာ ငြိမ်နေပေးလိုက်သည်။

"လူယုံသတ်လို့သေတယ်ဆိုတာ ဒါမျိုးပဲ ... ဒါပေမဲ့ မင်းမှတ်ထားလိုက် ... မင်းလည်း မိုးစက်လင်းချိုရဲ့သားကောင်ဘဝကို တစ်နေ့ မလွဲမသွေရောက်ရမယ်ဆိုတာ ... ပြီး ... ပန်းဝတ်လွှာကနေတစ်ဆင့် မင်းငါ့ကို ဘမ်းပြီး ကလိန်စေ့ငြမ်းဆင် ချဉ်းကပ်နေရာယူသွားတာတွေကို အကုန်ဖွင့်ရှင်းနိုင်းလိုက်မယ်"

"အဲဒါ ... ခင်ဗျားရဲ့လုပ်ပိုင်ခွင့်ပဲလေ ... ဆန္ဒရှိရင် လုပ်ကြည့်လိုက်ပါ၊ တစ်ခုတော့ရှိတယ် ... မိုးစက်လင်းချိုရဲ့ ကျွန်တော့်အပေါ်ထားရှိတဲ့သဘောထားမှုအတိမ်အနက်ကို ခန့်မှန်းလို့ရတာပေါ့၊ ခင်ဗျားအပါအဝင် တခြားလူတွေအပေါ်ထားတာထက် သာမသာ နှိုင်းယှဉ်ကြည့်လို့ ရတာပေါ့"

*မြတ်ဘုန်းခန့် ရှူးရှူးရှားရှား ဒေါပွသွားပြီး ...*

"လုပ်မယ်ကွ ... မဖြစ်မနေကို လုပ်ပြမယ်၊ မင်းခံစားဖို့ပြင်ထား"

တိမ်တမန်က ပခုံးနှစ်ဖက်ကိုသာ ဟန်ပါပါ တွန့်ပြလိုက်သည်။ ပြီးမှ ပြောတာ ...

"အဝေရာကိုသာ စိတ်မဆင်းရဲစေဖို့ ခင်ဗျား ကြိုးစားပါ ... "

"အဲဒါ ... မင်းအပူ တစ်ပြားသားမှ မပါဘူး"

"ကောင်းပြီလေ ... ဒါဆိုလည်း ကျွန်တော်ပြန်မယ်၊ ဒီဝိုင်းကို ကျွန်တော်ပဲ ရှင်းပေးလိုက်မယ်"

တိမ်တမန်က ငွေရှင်းပြီး ထပြန်ရန်ပြင်သောအခါ ...

"ခဏနေဦး ... "



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဘုန်းခန့် ယိုင်တိယိုင်ထိုးဖြင့် ထလာပြီး ...

"မင်းကို ငါမကျေနပ်ဘူး"

"အဲဒီတော့ ... "

"အေး ... အဲဒီတော့ ... ဟောဒီလို လုပ်ချင်တယ်ကွာ"

မြတ်ဘုန်းခန့်က ပြောပြောဆိုဆို လက်သီးနှင့်လှမ်းထိုးသည်။ တိမ်တမန်က အသာရှောင်ပေးလိုက်ပြီး အရှိန်လွန်လာသည့် မြတ်ဘုန်းခန့် လဲကျမသွားအောင် ထိန်းပေးလိုက်သည်။ ထိုအခါမှ ... မြတ်ဘုန်းခန့် ပိုဒေါသကြီးလာပြီး တိမ်တမန်လက်ထဲမှ အတင်းရုန်းကန်ကာ ထပ်ထိုးပြန်သည်။

ဆိုင်မှ စားပွဲထိုးများဝိုင်းဆွဲထားသည့်ကြားမှ မြတ်ဘုန်းခန့်တစ်ယောက် ဒေါသပေါက်ကွဲသံစဥ်မျိုးစုံ ထုတ်လွှင့်နေသည်။

တိမ်တမန် အသာလှည့်ထွက်လာလိုက်သည်။

အဝေရာတစ်ယောက် ရလိုက်တာကိုတောင်မှ မကျေနပ်နိုင်သေးဘဲ လိုက်ပြီး မနာလိုတိုရှည်ဖြစ်နေလိုက်သေးသည်။ လောဘကြီးလွန်းသည့်ပုဂ္ဂိုလ်ကို ဥပေက္ခာပြုထားခဲ့နိုင်သော်လည်း ...

မိုးစက်လင်းချို၏သဘောကို အသေအချာ မစောကြောနိုင်သေးသဖြင့် တိမ်တမန် ရင်ထိတ်နေရသည်။ မြတ်ဘုန်းခန့်က ပြောသည့်အတိုင်းလုပ်မှာ သေချာသည်။ အကြောင်းစုံသိရပြီးလျှင် မိုးစက်လင်းချိုက သူ့ကို ခါးခါးသီးသီး မုန်းသွား မသွားဆိုသည်တော့ မသေချာလှပါ။ သို့သော် ...

သူမ သူ့ကို မုန်းသွားခဲ့သော် ...

သူ့အတွက် မခံစားနိုင်အောင် ရင်နာ့အမှု ဖြစ်ရမှာတော့ အလွန်သေချာလှပါသည်။

သူကိုယ်တိုင် အပြစ်မကင်းသည်မှာ အသေအချာမို့ ...

စစ်မှန်သော ချစ်ခြင်းဖြင့်သာ သူမ၏အမုန်းတရားဟူသမျှကို ...

ခွင့်လွှတ်သည်းခံရင်း ပစ်ခွင်းရင်ဆိုင်ရတော့မည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၆)

ဒီနေ့ တိမ်တမန်၏အခန်းတွင် ငါးယောက်ဆုံစည်းမိကြသည်။ တိမ်တမန်က ဂစ်တာကူတီးပေးရန် အေးမင်းဟန်နှင့် ဝေယံကို ခေါ်ထားသည်။ မိုးစက်လင်းချိုကလည်း ပန်းဝတ်လွှာကို အဖော်ခေါ်လာသည်။

ပထမတော့ ရေးပြီးသည့်သီချင်းအလိုက်ကို မိုးစက်လင်းချိုအား ချပေးရန်ဖြစ်သည်။ မိုးစက်လင်းချို၏ဆန္ဒကို မေးရာ ...

"ဒီတစ်ပုဒ်ကိုတော့ တီးဝိုင်းအစုံနဲ့ မတိုက်သေးဘူးသူရယ်၊ အရင်တစ်ပုဒ်လည်း အဆင်ချောခဲ့တာပဲ၊ ဒီတစ်ပုဒ်လည်း အဆင်ပြေမှာပါ၊ ဂစ်တာနှစ်သက်လောက်နဲ့ပဲ သီချင်းအလိုက်ရရုံ အကြမ်းတိုက်လိုက်ရင် မကောင်းဘူးလား"

"ကောင်းပါတယ် ... အဲဒီလောက်ပဲဆိုရင် ကိုယ့်အခန်းမှာပဲ တိုက်လိုက်မယ်၊ ဂစ်တာ နောက်တစ်လက်အတွက် အေးမင်းဟန်ဖြစ်ဖြစ်၊ ဝေယံဖြစ်ဖြစ် ခေါ်ထားလိုက်မယ်လေ"

"ဒါဆို မိုးစက်လည်း ပန်းဝတ်လွှာတစ်ယောက်ပဲ အဖော်ခေါ်ပြီး လာခဲ့မယ်လေ"

"အဖော်မခေါ်ဘဲလာလည်း ရပါတယ်ကွ ... ကိုယ့်ချစ်သူအခန်းလာတာပဲ"

"ပြော် ... သူရယ် ... ကိုယ့်ချစ်သူအခန်းဆိုပေမယ့်လည်း ယောက်ျားလေးတစ်ယောက်တည်းနေတဲ့အခန်းကို မိန်းကလေးတစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



လာလို့ ပတ်ဝန်းကျင်အမြင်မှာ ဘယ်သင့်တော်ပါ့မလဲကွယ်၊ သူ ... မိုးစက်ကို တန်ဖိုးထားတယ်ဆိုရင်ပေါ့"

"ဘယ်လိုပြောလိုက်တာလဲကွာ ... ခုချိန် ကိုယ့်ဘဝမှာ ပိုင်ဆိုင်ရတာတွေအားလုံးထက် မိုးစက်ကို ပိုပြီးတန်ဖိုးထားတာပေါ့၊ ခုနပြောမိတာက လည်း ချစ်စခင်စမှာ မိုးစက်ကို ကိုယ့်ရင်ခွင်မှာ ထွေးပွေ့ပြီး ကြင်နာချင်မိရုံ လေးပါ"

"သူ့ရဲ့သဘောကို မိုးစက်စောကြော နားလည်ပြီးသားပါကွယ်၊ ဒါပေမဲ့ ပန်းဝတ်လွှာတော့ အဖော်ခေါ်ခဲ့မယ်နော် ... အိုကေ ... "

သွက်သွက်လေးပြောပြီး မိုးစက်က အရင်ဖုန်းချသွားခဲ့သည်။

တကယ်တော့ နောက်တစ်နေ့မနက် ကိုးနာရီ မထိုးမီရောက်လာသည့် အေးမင်းဟန်နှင့်ဝေယံတို့နှင့် မရှေးမနှောင်း မိုးစက်တို့ နှစ်ယောက်လည်း ရောက် လာကြသည်။

ရောက်ရောက်ချင်း မိုးစက်ကိုရော ပန်းဝတ်လွှာကိုပါ မြတ်ဘုန်းခန့် ချွန်တွန်းလုပ်ပြီးလေပြီလား အကဲဖမ်းရသည်။ ပန်းဝတ်လွှာက သိပ်မသေချာ ပေမယ့် မိုးစက်ကိုတော့ မပြောရသေးတာ သေချာသလောက်ရှိသည်။

သူ့အခန်းကို ရောက်လာရသဖြင့် မိုးစက် အနည်းငယ် ရှုံ့တုံ့ရှန့်တန့် ဖြစ်နေသည်မှလွဲ၍ နောက်ပြောင်ရယ်မောပျော်ရွှင်မပျက် တွေ့ရသည်။

ညည့်ခန်းတွင် စုဝေးထိုင်မိကြသည်နှင့် အေးမင်းဟန်၏အကျင့်ပါနေ သည့်လက်က ဂစ်တာလက်ကွက်ကို စမ်းသည်။ အားမကျမခံ ဝေယံကလည်း ဂစ်တာနောက်တစ်လက်ကို ဆွဲကာ ကြိုးညှိသည်။

"တမန် ... မင်းနုတ်စ်တွေ ရေးထားပြီးသားလား"

"အေး ... မင်းဘေးက စားပွဲပေါ်မှာ တစ်ရွက်တော့ အသင့်ရေးပြီး သားရှိတယ်"

"ဝေယံက စာရွက်ထယူကာ အေးမင်းဟန်နှင့်ခေါင်းချင်းဆိုင်ကြည့် ရင်း ဂစ်တာလက်ကွက်ကို စတင်တီးခတ်ကြည့်ကြသည်။ သူတို့နှစ်ယောက်က တက်ကြွနေသော်လည်း အဆိုရှင်က အေးမင်းဟန်နှင့်ထိုင်ကာ ပန်းဝတ်လွှာနှင့် တွတ်ထိုးနေကြသည်။ ခဏအကြာ ... တိမ်တမန်ကို လှမ်းကြည့်ကာ ...

"မိုးစက်တို့ နောက်ခဏဝင်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ... ဝင်လေ ... လိုက်ပြပေးရမလား"

"ရပါတယ်"

"တော်ပါသေးရဲ့ကွာ ... မနေ့က ခေါက်ဆွဲပြုတ် စားထားတဲ့အိုးကို မနက်က ဆေးထားမိလို့"

ဝေယံက အဟီးဆိုရယ်ရင်း ...

"သီချင်းလာတိုက်သလိုလိုနဲ့ မင်းတော့ စစ်ဆေးရေးအဝင်ခံရပြီနဲ့ တူတယ်"

"အေးကွာ ... "

ခဏကြာမှ မိန်းကလေးနှစ်ယောက် ပြန်ထွက်လာကြသည်။

"ဒီမှာလူစုံတုန်း ထမင်းချက်ပြုတ်စားကြရင် ကောင်းမလားစဉ်းစားတာ ... သွားကြည့်တော့ ခေါက်ဆွဲထုပ်သုံးထုပ်နဲ့ အိုးခွက်ပန်းကန်ကလွဲလို့ ဆန်တောင်မရှိဘူးနော်"

မိုးစက်စကားကို ပန်းဝတ်လွှာကလည်း ဝင်ပို့သည်။

"မှိုတက်နေတဲ့ အချဉ်ပန်းကန်တော့ ရှိပါတယ်ဟဲ့"

"အဟီး ... အဲဒီပန်းကန်က ဆေးဖို့မေ့သွားလို့ ... "

"ခေါက်ဆွဲအိုးကတော့ ခုလေးတင် ဆေးထားတယ်ပေါ့ ... ရေတောင် မခြောက်သေးဘူးလေ"

"အဟင်း ... မနက်က ဆေးတာပါ၊ ခေါက်ဆွဲပြုတ်ထားမှန်း ဘယ်လိုသိတာလဲ"

ဝတ်လွှာက ဝင်လောင်သည်။

"ဒီမှာ အိုင်ဆေး ... ဆားပုလင်းမိုးစက်နဲ့ တွေ့သွားတာပဲ၊ သေချာပြီပေါ့ဗျာ၊ တစ်အိမ်လုံးမှာ စားစရာနဲ့တူတာဆိုလို့ ခေါက်ဆွဲအထုပ်ကြီးထဲက နှစ်ထုပ်လျော့နေတာကို တွေ့သွားတယ်လေ၊ အိုးကိုနမ်းကြည့်လိုက်တော့ အနံ့ ကျန်နေလို့ သေချာသွားတော့တာပေါ့၊ ပိုသေချာသွားတာက အိုးအပြင်နှုတ်ခမ်း က ဆေးတဲ့သူက မသေချာလို့ ကပ်ကျန်နေခဲ့တဲ့ ခေါက်ဆွဲစသေးသေးလေးကို တွေ့သွားတာပဲ"

သီချင်းတီးလက်စကိုရပ်ပြီး စိတ်ဝင်တစား နားထောင်နေသည့် ဝေယံ က ...



www.burmeseclassic.com

www.burmeseclassic.com



"ဦးရှုန်စားလို မှန်ဘီလူးတောင်ပါလာသေးလား မသိဘူးကွာ သဲလွန်စ ခေါက်ဆွဲဖတ်သေးသေးလေးတောင် တွေ့တယ်ဆိုတော့ ... "

မိုးစက်က မျက်နှာခပ်မော့မော့ထားကာ တမင်အိုက်တင်ခံ၍ ...

"အဲဒီကော့စ်လေးလောက်အတွက် မှန်ဘီလူးမလိုပါဘူး ကိုဒိန်းခေါင်းရယ် ... သဲလွန်စရှာတဲ့ နေရာမှာ စေ့စပ်သေချာဖို့ပဲ လိုတာပါ"

သူမ အမူအရာနှင့်အပြောကြောင့် အားလုံးဝိုင်းရယ်မိကြသည်။

"အချဉ်ပန်းကန်က ဘယ်လိုရှာတွေ့တာလဲ"

မင်းဟာန်အမေးကို ဝတ်လွှာက ဝင်ဖြေသည်။

"အဲဒါက ဆားပုလင်းသူငယ်ချင်းဝတ်လွှာ ရှာတွေ့တာလေ ဘယ် မလဲ"

"ဘယ်လိုရှာတွေ့တာလဲလို့ မေးတာ"

"ထမင်းစားပွဲအလယ်ခေါင်တည့်တည့်မှာလေ"

ဝတ်လွှာအဖြေကြောင့် အားလုံးဝိုင်းဟားကြပြန်သည်။ ဝေယံကတော့

"တော်တော် ခဲရာခဲဆစ်ရှာလိုက်ရတယ်မှတ်တာ ... ထူးပါ ဆတွတ်ရယ် ... "

ဝတ်လွှာကလည်း အားကျမခံ ပြန်နောက်သည်။

"ဟုတ်ပ ... ဗိုက်ကလေးရယ်"

အားလုံး ဝိုင်းရယ်မိကြပြန်သည်။

ရယ်ရှိန်သတ်တော့မှ မိုးစက်လင်းချိုက ...

"ကဲ ... အူမြူးနေကြတာနဲ့ မနက်စာငတ်တော့မှာပဲ၊ ဈေးသွား ကြရအောင်"

"ဟုတ်ကဲ့ပါ အိမ်ကြီးရှင်မရယ် ... ကျွန်တော်မျိုးမ လိုက်ခဲ့ပါ့မယ်"

ရှက်သွားသည့် မိုးစက်ကကြိတ်ပြီး ဗိုက်ခေါက်ဆွဲလိမ်ရာ ...

"အမလေး ... နာပါတယ် ယောင်းမရဲ့ ... သူ့အိမ်ကျနေတော့ အနိုင်က ကျင့်ချင်လာပြီ"

မိုးစက် မျက်နှာတစ်ပြင်လုံး ရဲတွတ်သွားကာ ရှက်ရမ်းရမ်းပြီး ဝတ်လွှာကို ထုရိုက်ရန်ပြင်နေသည်မို့ တိမ်တမန် ဝင်ပြောရတော့သည်။ သူမ နှစ်ယောက်ကို အားလုံးက ပြုံးကြည့်နေကြသည်မို့ တိမ်တမန် အသံတွင် ရယ်



www.burmeseclassic.com

www.burmeseclassic.com



ရောစွက်ပါသွားသည်။

“ကဲ … ချက်နေရတာပင်ပန်းပါတယ်ကွာ … စားချိန်နီးမှ ထမင်းထုပ်က ဆိုင်မှာ ပါဆယ်သွားဆွဲကြတာပေါ့”

ထိုစကားသံကို ရိပ်စားမိသည့် မိုးစက်က တိမ်တမန်ကို ရှက်ရမ်းရမ်းသေးသည်။

“ရယ်ပြီးမပြောနဲ့ … ရိုးရိုးပြော”

သူမစကားကြောင့် ပွင့်ပွင့်လင်းလင်း ရယ်ဖြစ်ကြတော့သည်။

ဒီတစ်ခါတော့ အခြေအနေကို ဝတ်လွှာက ဝင်ထိန်းသည်။

“ကဲ … ငြင်းမနေကြနဲ့တော့၊ ဝတ်လွှာတစ်ယောက်တည်းပဲ ဈေးသွားဝယ်လိုက်တော့မယ်”

မင်းဟန်ကလည်း …

“ဆန်ပါဝယ်ရဦးမှာ … တစ်ယောက်တည်းဘယ်ဖြစ်မလဲ၊ ကျွန်တော်လိုက်ခဲ့ပေးမယ်”

ဝေယံကပါ မတ်တတ်ရပ်ကာ …

“မထူးပါဘူး … ငါပါလိုက်ခဲ့ပါတော့မယ်ကွာ၊ ကူသယ်ပေးရတာပေါ့”

ပြောရင်း ဝေယံက တိမ်တမန်ကို မျက်စိတစ်ဖက် မသိမသာ မှိတ်ပြသည်။ ထိုသို့ မှိတ်ပြသည်ကို မိုးစက်ကမမြင်။ မမြင်ဆို … သူမကို ပြုံးစိစိနှင့်ကြည့်နေသည့် ပန်းဝတ်လွှာကို မျက်စောင်းထိုးနေရသည်လေ။

ဒါတောင် … တံခါးမှအထွက်တွင် အခန်းထဲကျန်နေခဲ့သည့် နှစ်ယောက်ကို ဝတ်လွှာက လက်ဝါးနှစ်ဖက်လုံး လှုပ်ယမ်းကာ ဘိုင့်ဘိုင်လုပ်သွားလိုက်သေးသည်။

တံခါးပိတ်သွားသွားချင်းမှာ တိမ်တမန်က မိုးစက်လင်းချိုထိုင်နေသည့် နှစ်ယောက်ထိုင် ဆက်တီခုံသို့ ဖျတ်ခနဲ ရွှေ့ထိုင်သည်။ မိုးစက်လင်းချိုက တတ်နိုင်သလောက် လူချင်းကွာစေရန် ရွှေ့ထိုင်၍ လက်ဝါးလေးနှစ်ဖက်နှင့်ကာကာ

“ဒါ … ဒါ … ဘာလုပ်တာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်တာလေ ... ထိုင်တာ"

"ဘာထိုင်တာလဲ ... ခုနနေရာမှာပဲထိုင်လေ၊ သူဘာပြောချင်လဲ ဟိုနေရာကထိုင်ပြောလဲ ကောင်းကောင်းကြားရပါတယ်"

"ပြောချင်တာ မဟုတ်ဘူးလေ ... ဟို ... ဖုန်းထဲကပြောခဲ့သလို မျိုး လုပ်ချင်တာ"

"ဘာပြောခဲ့လို့လဲ ... သူ့ဖုန်းထဲက ပြောခဲ့တာတွေက အများကြီး"

"မိုးစက် ... မရစ်နဲ့ကွာ ... မသိတော့ဘူးဟေ့ ... ဟောဒီလို လုပ်ချင်တာကို ပြောတာ"

တိမ်တမန်က ပြောပြောဆိုဆို မိုးစက်ကို သူ့ရင်ခွင်ထဲဆွဲသွင်းလိုက် သည်။

တကယ်တမ်းကျတော့ ...

မရုန်းရှာပါ။ အလိုက်သင့်ပင် သူ့ရင်ခွင်ထဲ မှီနွဲ့လိုက်သည်။

ပြီး ... ရင်ခုန်သံနှစ်ခုပေါင်းစည်းမိသွားကြလေသည်။

အတန်ကြာမှ ...

"ကိုယ်အမှန်အတိုင်းဝန်ခံရရင် အရင်လူတွေလိုပဲ မိုးစက် ကိုယ့်ကို ဘယ်အချိန်စွန့်ခွာထုတ်မလဲ စိုးရိမ်ပူပန်နေရတာ"

မိုးစက်က သူ့ကို သူ့ရင်ခွင်ထဲမှ အပြုံးကြည်ကြည်လေးနှင့်မော့ကြည့် ရင်း ... သူ့မေးဖျားကို တစ်ချက် နိုးနမ်းလိုက်သေးသည်။ ပြီးမှ ...

"သူ့အချစ်ကို မိုးစက် ဘာလို့လက်ခံလိုက်လဲသိလား"

"ဘယ်သိမှာလဲ ... ပြောလေ ... "

"သူ့ရင်ခွင်မှာ ဟောဒီလို ... ခိုဝင်နားချင်လို့"

"ဟင် ... "

"အဟုတ်ပြောတာ သူ့ရဲ့ ... အကြောတင်းလွန်းတဲ့ မိုးစက်လင်းချိ ပါးစပ်က ဒီလိုစကားမျိုး ထွက်လာလို့ မယုံနိုင်ဘူးဖြစ်နေတာမဟုတ်လား"

"အဲဒီလိုလဲ မဟုတ်ပါဘူး"

"သူနဲ့မတွေ့ခင် မိုးစက်မှာ ရည်းစားများခဲ့တဲ့ အမည်းစက်ရှိခဲ့ဖူး တယ်၊ ဒါပေမဲ့ ... အဲဒီဘယ်ရည်းစားကိုမှ လက်ဖျားလေးထိတဲ့အထိ တော် လွန်ကျူးခွင့်မပေးခဲ့ဖူးပါဘူး။ မယုံရင် သူစုံစမ်းကြည့်လို့ ရပါတယ်၊ အနီးစပ်



www.burmeseclassic.com

www.burmeseclassic.com



ဆုံး မြတ်ဘုန်းခန့်ကို မေးလို့တောင်ရတာပဲ ... သူ့ဘော်ဒါပဲလေ"

မြတ်ဘုန်းခန့် နာမည်ပါလာ၍ တိမ်တမန် ရင်ထိတ်သွားရသေးသည်။ မြတ်ဘုန်းခန့်ကသော်လည်းကောင်း၊ ပန်းဝတ်လွှာကတစ်ဆင့်လည်းကောင်း တစ်ခုခုပြောခဲ့ပြီးပြီလားဟု။

သို့သော် ... မိုးစက်လင်းချိုမျက်နှာက ပကတိကြည်လင်လျက်ရှိသည်။

"ဒါပေမဲ့ ... သူနဲ့တွေ့ပြီးတဲ့နောက်ပိုင်း မိုးစက်ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီးသွားပါပြီ၊ မိုးစက်လင်းချိုရဲ့ ချစ်သူဆိုတာ တိမ်တမန် တစ်ယောက်ထဲလွဲလို့ တခြား ဘယ်သူမှ လုံးဝ ... လုံးဝ ရှိမလာစေရတော့ဘူးလို့"

တိမ်တမန်က မိုးစက်ကို ပို၍ ပို၍ တင်းကျပ်စွာ တိုးဖက်လိုက်ပြီး မိုးစက် နဖူးလေးကို တစ်ချက်ငုံ့နမ်းကာ ...

"ကျေးဇူးတင်ပါတယ် မိုးစက်ရယ် ... မိုးစက်ရဲ့ ဒီစကားလေးတစ်ခွန်းက ကိုယ့်ကို ဘယ်တော့မှ စွန့်ခွာမှာမဟုတ်ဘူးလို့ အာမခံချက်ပေးလိုက်သလိုမျိုးမို့ ... "

တဒင်္ဂတော့ သူတို့နှစ်ဦးလုံးရင်တွင် အေးငြိမ်းသာယာသွားခဲ့ကြလေသည်။

တဒင်္ဂတင်မဟုတ်။ ထိုနေ့တစ်နေ့လုံး မိုးစက်တို့အုပ်စု သူ့အိမ်ခန်းတွင် နေခဲ့ကြသည်။ ထိုတစ်ချိန်လုံး မိုးစက်မျက်နှာလေး ပကတိအေးချမ်းကြည်လင်လျက် ရှိနေခဲ့သည်။

သူတို့ သီချင်းတိုက်သည်က တစ်နာရီပင်မကြာ။ သီချင်းချပေးသူရော ဆိုသူပါ စိတ်လက်ပေါ့ပါးရွှင်မြူးနေကြ၍ထင်သည်။ ခဏလေးနှင့် အဆင်ပြေသွားသည်။

ကျန်သည့်အချိန်များတွင် တရုံးရုံးနှင့် ချက်ပြုပြုတ်ကြ စားကြ သောက်ကြ နောက်ကြ ပြောင်ကြနှင့် ပျော်ပျော်ရွှင်ရွှင် အချိန်ဖြုန်းခဲ့ကြသည်မှာ ညနေစောင်းမှ လူစုကွဲကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

အိမ်မှ လှမ်းခိုင်းသည့် ပွဲရုံကိစ္စများ လုပ်ပေးရသည်မှာ သုံးရက်ခန့် အချိန်ကုန်သွားသည်။ မိုးစက်ကလည်း ကျန်သီချင်းတစ်ပုဒ်အတွက် အတင်း တွန်းနေသည်မို့ ရေးဖြစ်အောင် ကြိုးစားရသည်။

အတင်းဖြစ်ညှစ်ကြိုးစား၍လား ပရော်ဖက်ရှင်နယ်တေးရေးဆရာ မဖြစ် သေး၍ပဲလားမသိ။ အိုင်ဒီယာက လုံးဝမထွက်လာသဖြင့် သီချင်းစာတစ်ကြောင်း တောင် အချိန်တစ်ပတ်ကြာသည်အထိ ရေးမထွက်လာ။

နှစ်ပတ်ကျော်ကြာမှ သီချင်းစာသားအကြမ်းရသည်။ စကားလုံးများကို သိပ်မကြိုက်လှသော်လည်း သံစဉ်တော့ရှာထည့်ထားလိုက်သည်။ ထိုအချိန် အတွင်း ပန်းဝတ်လွှာက သူ့ဆီ ဖုန်းဆက်ခဲ့သေးသည်။ မြတ်ဘုန်းခန့်က သူမ ကို ချွန်ကွန်းလုပ်ရန် စေခိုင်းသည့်အကြောင်း၊ သူမဘက်ကတော့ အားလုံး သူငယ်ချင်းတွေဖြစ်နေကြပြီမို့ မြတ်ဘုန်းခန့် ပြောတိုင်း မလုပ်ချင်တော့ကြောင်း တို့ ဖြစ်သည်။

သူ့အတွက် မိုးစက့်နှုတ်မှ အာမခံချက်တစ်စုံတစ်ရာ ရခဲ့ပြီးဖြစ်သော် လည်း ပန်းဝတ်လွှာကို ခိုင်းမရသည့် မြတ်ဘုန်းခန့်က ကိုယ်တိုင်လှုပ်ရှားခဲ့သော် ပိုပိုသာသာ သွေးထိုးစကားများကြောင့် အချစ်ကြီးနေသူ မိုးစက်အတွက် အမျက်ကြီးသူ ဖြစ်သွားမှာ သူ စိုးရိမ်နေရသည်။

ထိုကိစ္စက သူ့အတွေးကို ထာဝရစိုးမိုးကာ သီချင်းစာသားလှလှ၊ သံစဉ်



www.burmeseclassic.com

www.burmeseclassic.com



မြမြတို့ကို ပိတ်ဆို့ခဲ့ပြီလားမသိ။ အရင်စပ်ဆိုခဲ့သည့် သီချင်းများလောက် ပြောင်မြောက်၊ အားမရစရာဖြစ်နေသည့်မှာတော့ အသေအချာပင်။

ရေးပြီးသွားသော သီချင်းသံစဉ်တေးသွားကို ဂစ်တာဖြင့် လိုအပ်တာ သေးတွေ လိုက်ဖြည့်တီးခတ်အချောသတ်ရန် အေးမင်းဟန်နှင့်ဝေယံကို အကူ ညီတောင်းရသည်။

ဂစ်တာ နှစ်လက်၏ တီးကွက်ကို အခြေခံပြီးသံစဉ်ကို လိုအပ်သလို ကာ စာသားကိုလည်း တတ်နိုင်သလောက် ပြင်ဆင်အချောသတ်လိုက်သည်။

အားလုံးအဆုံးသတ်၍ နားစဉ်တွင် မှိုင်တွေတွေကြီး ဖြစ်နေသည့် မ်တမန်ကိုကြည့်ကာ အေးမင်းဟန်က ...

"မင်းကိုကြည့်ရတာ သစ်သီးနွမ်းပိန်ကြီးပုံ ပေါက်နေတယ်၊ ဘာဖြစ် တာလဲ ခေါင်းကိုက်နေလို့လား"

တိမ်တမန် ခေါင်းခါပြလိုက်သည်။ ဝေယံကလည်း ...

"ပန်းဝတ်လွှာနဲ့လမ်းမှာတွေ့သေးတယ်၊ ခဏရပ် စကားပြောရင်းနဲ့ နဲ့တောင် လူချင်းတွေ့ချင်သေးတယ်လို့ ပြောလိုက်သေးတယ်၊ မင်း ... က်လင်းချိုနဲ့ ပြဿနာတစ်ခုခု တက်သေးလို့လား"

"မတတ်ပါဘူး ... ညတုန်းကတောင် ဖုန်းပြောဖြစ်သေးတယ်"

"ငါတို့နဲ့ ရင်ဖွင့်တိုင်ပင်စမ်းပါကွာ ... တစ်ယောက်တည်း ခံစား စမ်းပါနဲ့၊ ငါတို့ခေါင်းသုံးခေါင်းပေါင်း စဉ်းစားပြီး ဖြေရှင်းရင် ဘယ်ပြဿနာ င်မှာလဲ"

တိမ်တမန်လည်း စိတ်ပျော့လာပြီး သူ့ကို ထမင်းလုံးတစ္ဆေခြောက် သို့ ခံစားနေရစေသည်ဖြစ်ကြောင်း ကုန်စင်ရှင်းပြလိုက်သည်။

"ဒါ ... မြတ်ဘုန်းခန့် ယုတ်ပတ်တာပဲကွ"

"မှန်တယ်လို့ခေါ်တယ်၊ မှန်ယိုသလိုပေါ့ကွာ ... ဆင်တွေမှန်ယိုရင် တောင်မမြင်တော့ဘူးတဲ့ မဲမဲမြင်ရာ ရန်သူထင်ပြီး လိုက်သောင်းကျန်းသလို

တိမ်တမန်က ဂစ်တာကိုပိုက်ပြီး မိုးစက်အကြောင်း စဉ်းစားနေမိသည်။ တ် စီရင်မည့်ဒဏ်ကို အနေးနှင့်အမြန်ဆိုသလို သူခံရဖို့ မြင်နေသည်။ ဝတ်လွှာနှင့်တွေ့လိုက်လျှင် ထိုလမ်းကြောင်းကို ပြောင်းသွားစေနိုင်မလား။



www.burmeseclassic.com

www.burmeseclassic.com



ပန်းဝတ်လွှာ ကြားဝင်ဖြေရှင်းလျှင်ပေါ့။ ဒါလည်း ... မဖြစ်နိုင်။

"ဒီကိစ္စက တကယ်ဖြစ်ပြီဆိုရင် ကြားလူတစ်ယောက်ယောက် ဝင်ဖြေရှင်းပေးလို့လည်း မရနိုင်ဘူးကွ၊ မြတ်ဘုန်းခန့်က ဖွင့်ပြောခဲ့ရင်တောင် သူက လုပ်ကြံလီဆယ်ပြီး ချွန်တွန်းလုပ်တာ မဟုတ်ဘူးလေ၊ တကယ်ဖြစ်ခဲ့လုပ်ခဲ့သမျှကို အမှန်အတိုင်းပြောပြတာ ဖြစ်နေတယ် ... ဒီကိစ္စကို လက်ဝင်လျှိုချင်တဲ့ ငါကိုက အမှားဖြစ်နေခဲ့သလား မသိပါဘူးကွာ"

"အေး ... ငါလည်း အဲဒါပြောချင်တာ"

မင်းဟာန်စကားကို ဝေယံက ထပ်ပင့်သည်။

"ငါတွေးတာက ဒီထက်ပိုတယ်ကွ ... ဒီကိစ္စမျိုး မပြောကောင်းလို့ မပြောတာ တမန်ရ၊ အမိကက မင်းကိုယ်တိုင် ပါဝင်ခံစားလိုက်မိတာပဲ၊ မှားတယ်လို့တော့ ငါမဆိုဘူးနော် ... ချစ်တတ်သူတွေရဲ့ ရင်ထဲက သီဂါရဖိလင်ကို ဘယ်သူကြားဝင် ပိတ်ပင်လို့ရမှာလဲ"

"အေးပေါ့ကွာ ... ခုတော့ ပြောစရာတွေဖြစ်ကုန်ပြီပေါ့၊ မြားနတ်မောင် အလုပ်သန့်သန့်လေးလုပ်ပြီး အောင်မြင်ခဲ့တဲ့ငါ နှစ်ပင်လိမ်မိသလို ဖြစ်သွားတော့ ခံစားရပြီပေါ့ ... သင်ခန်းစာပဲပေါ့ကွာ"

"အမိကက မိုးစက်လင်းချိုရဲ့ ရင်တွင်းခံစားချက် နက်နဲမှုကို တိုင်းတာရမှာမို့ စောင့်ကြည့်မျှော်လင့်လို့တော့ ရပါသေးတယ်ကွ"

"ဟိုတစ်ခါ ဒီအခန်းမှာ သီချင်းတိုက်တုန်းက ပြောခဲ့တဲ့ မိုးစက်စကားအရဆိုရင်တော့ မရဲတရဲ မျှော်လင့်လို့ ရသေးတာပေါ့ကွာ"

အေးမင်းဟာန်ကတော့ အားပေးရှာပါသည်။

"အေး ... မင်းပြောခဲ့တဲ့ မိုးစက်လင်းချိုရဲ့ အရင့်အရင်က စိတ်ထက်ထက်နဲ့ ဆုံးဖြတ်ချက် ပြတ်သားရဲရင့်ပုံမျိုး အတိုင်းသာဆိုရင်တော့ မင်းအစား ငါမတွေးရဲဘူး တမန်"

သို့သော်လည်း ...

သူ့ချစ်ခြင်း၏ စွမ်းအားကို သူယုံသည်။

မိုးစက်ပြောခဲ့သည်။ သူ့အပေါ် သူမထားခဲ့သည့် မေတ္တာအထုအထည်ကိုလည်း သူယုံသည်။ သို့သော် ...

ကံကြမ္မာကိုတော့ သူမယုံ။



www.burmeseclassic.com

www.burmeseclassic.com



လက်လွတ်ရမည်ဆိုလည်း နောက်ဆုံးနှုတ်ဆက်ကာ ဝမ်းနည်းကြေကွဲနေပြလိုက်ရုံပင်။ မိုးစက်လင်းချို၏ အမုန်းကြေငြာချက်ကိုသာ သူတွေးကြောက်နေသည်။ မခံစားနိုင် ဖြစ်နေသည်။

အေးမင်းဟာန်ကတော့ အားပေးရှာပါသည်။

"ဘာပဲဖြစ်ဖြစ် ဒီသီချင်းတိုက်ဖို့ မင်းနဲ့မိုးစက်လင်းချိုတို့ နောက်အပတ်ထဲမှာ တွေ့ကိုတွေ့ကြရမှာပဲ ... အဲဒီကျရင် အဖြေတစ်ခုခု သဲကွဲမှာပေါ့။ ဘာမှန်းမသိဘဲ ကြိုခံစားမနေစမ်းပါနဲ့ကွာ"

"အင်း ... လောလောဆယ်တော့ ငါ ... ဂွမ်းဆယ်ပတ်လောက်သာ လိမ့်ထိုးပြစ်လိုက်ချင်တော့တယ်ကွာ"

"လုပ်လိုက် သားကြီး ... ငါကတော့ အားပေးတယ်ဟေ့ ... "

သီချင်းတိုက်ဖို့အတွက် မိုးစက်လင်းချိုထံ တိမ်တမန်ရောက်ဖြစ်သည်။ တိမ်တမန်က အမူအရာ ခပ်ပျက်ပျက်ဖြစ်နေသည်။ မိုးစက်ကတော့ အရင်လိုပင် ရယ်စရာရှိရယ်၊ ပြုံးစရာရှိပြုံး၊ မဲ့စရာရှိမဲ့၊ ပြောစရာရှိပြောနှင့် အလွန်သရုပ်ဆောင်ကောင်းသူမို့လားမသိ၊ လုံးဝ ဣန္ဒြေ မပျက်ယွင်း။

"တီးဝိုင်းအဖွဲ့အပြင် အသံသွင်းမယ့်သူတွေပါ ချိန်းပြီး တစ်ခါတည်းအသံသွင်းလိုက်ရင် ကောင်းမယ်ထင်တယ်နော်"

"သီချင်းအလိုက် သံစဉ်တောင် မသိသေးဘဲနဲ့ တစ်နေ့တည်းသွင်းလို့ဖြစ်ပါ့မလား မိုးစက်ရာ"

"ဖြစ်ပါတယ် ... သူရေးထားတာပဲ၊ အရင်နှစ်ပုဒ်လဲ ခဏလေးနဲ့အဆင်ပြေခဲ့တယ်လေ ... သီချင်းရေးဆရာရဲ့လက်ကို ယုံပြီးသား"

"မိုးစက် ... ကိုယ့်ကိုယုံတာ ဒီအနုပညာနဲ့ ပတ်သက်မှုတစ်ခုပဲ ရှိလိမ့်မယ်ထင်တယ်"

တိမ်တမန် စကားတောက်ကြည့်လိုက်သည်။

မိုးစက်လင်းချိုက အာရုံပြောင်းလဲစေရာ စကားကို အတင်းရှဲဆိုသည်။ မိုးစက်တစ်ယောက် ဟန်ဆောင်နေသည်ကို တိမ်တမန် သိလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ မေးလာတော့မှ ပြောမည်ဟု စိတ်ကူးထားသော်လည်း မမေးခင် ကြိုရှင်းထားလိုက်ခြင်းသာ အကောင်းဆုံးဖြစ်မည်ဟု ထင်မိသဖြင့် ...

"မြတ်ဘုန်းခန့်နဲ့ ကိုယ်တို့ ဘာတွေကြုံစည်ဖြစ်ခဲ့ကြတယ်ဆိုတာ မိုးစက်သိပြီးဖြစ်ရောပေါ့"

မိုးစက်လင်းချိုက ရှောင်လွှဲမရတော့ဟန်ဖြင့် ပင့်သက်ဖွဖွချကာ။

"သိပြီးပါပြီ"

"ဘယ်လောက်အထိ ... "

"စေတနာကြေးမဟုတ်တဲ့ ဂစ်တာတစ်လက်ကြေးအပြင် အဝေရာကို ပြန်လည်ပိုင်ဆိုင်ခွင့်ရရှိရေးအတွက် ... ဟုတ်တယ်နော် ... မိုးစက်သိဖို့ ဘာများကျန်သေးလို့လဲ ... "

"မကျန်တော့ပါဘူး ... ဒါပေမဲ့ ... "

"ငြင်းချင်စရာများ ရှိလို့လား"

"ဂစ်တာတစ်လက်အတွက်ဆိုတာ မဟုတ်ပါဘူး၊ သူ့ဂစ်တာကိုသုံးရင်း ပစ္စည်းလေးတစ်ခု ပျောက်သွားတာ ပြန်တတ်ပေးဖို့ ကွက်တိတူတဲ့ပစ္စည်း ရှာမရသေးလို့၊ အဲဒါကြောင့် ... ငှားထားတဲ့ ဂစ်တာပြန်မပို့ဖြစ်သေးတာပါ၊ သူများပစ္စည်းငှားပြီးရင် အကောင်းအတိုင်း ပြန်ပေးတတ်တာ ကိုယ့်အကျင့်ပါ၊ မကြာခင် ပစ္စည်းအပြည့်အစုံနဲ့ အဲဒီဂစ်တာကို မြတ်ဘုန်းခန့်ထံ ပြန်ပို့မှာပါ၊ နောက်တစ်ခု အဝေရာကြောင့်ဆိုတာ ... အဲဒီအချိန်တုန်းက စိတ်ခံစားမှုအရမို့ မိုးစက်ပြောသလို ဖြစ်ခဲ့မိပါတယ် ... အခုချိန် စိတ်ခံစားမှုအရ အတိအကျပြောရရင် မြတ်ဘုန်းခန့်နဲ့ အဲဒီသဘောတူညီချက်စပြီးလို့ နှစ်ပတ်လောက်ကြာတဲ့အချိန် စိတ်ခံစားမှုမှာကတည်းက အဝေရာနဲ့ပတ်သက်ဖို့ ခံစားမှု မဲ့သွားခဲ့ပါပြီ"

"ဆင်ခြေပေးတတ်တဲ့နေရာမှာတော့ ရှည်ရှည်ဝေးဝေးနဲ့ သူက ပထမတန်းစားဖြစ်မယ်ထင်တယ်"

"အမှန်အတိုင်း ရင်ဖွင့်ရှင်းပြနေတာပါ"

"ပန်းဝတ်လွှာနဲ့မောင်နှမ မတော်တဲ့ မောင်နှမဝမ်းကွဲတော်တယ်ဆိုပြီး မိုးစက်ကို အကြောင်းရိုက်တာကရော ... "

"ယုတ္တိတန်တဲ့ ပူးပေါင်းကြံစည်မှုတစ်ခုကို ကျူးလွန်ခဲ့ကြတယ် ဆိုတဲ့ ဆန္ဒခံဆင်မင်း ဇာတ်ထဲကလို ငမိုက်သားမှုဆိုးဖြစ်ရမယ်ဆိုရင်လည်း ဖြစ်ပါစေ



www.burmeseclassic.com

www.burmeseclassic.com



တော့”

မိုးစက်က သဲ့သဲ့လေးပြုံးရင်း ...

“အဲဒါကြောင့် ... သူ့ကို ပထမတန်းစားပဲလို့ ပြောတာပေါ့”

မိုးစက် ထိုအပြုံးနုနုလေးကပင် သူ့ရင်ကို အားတက်စေသည်။ ဒီအကြောင်းကို စပြောမိကတည်းက မပြုံးမရယ် တည်ကြည်သည့်မျက်နှာထားကို ပြောင်းသွားသည်မှအပ ငြူစူတင်းမာဟန်ကို မမြင်ရသေးပါ။ ပြုံးရိပ်ရိပ်ကိုတော့ ယခုမှ မြင်တွေ့ရခြင်းဖြစ်သည်။ ထို့ကြောင့်ပင် ... သူ့အခြေအနေ ဆိုးဝါးသွားမည် မဟုတ်ဟု မျှော်လင့်ချက် ရေးရေးလေး ထားမိပြန်သည်။

“မြားနတ်မောင်အဖြစ်နဲ့ မြတ်ဘုန်းခန့်အတွက် ပစ်ပေးမလို့ပါ၊ မြားဦးက မြားနတ်မောင်ရင်ကို ပြန်လာစိုက်တာကတော့ တကယ့်ကို ဖြစ်တောင့်ဖြစ်ခဲမို့ မလွဲကောင်း ဖူးစာမှန်ပဲလို့ ကိုယ်ယုံတယ် ... ပြီးတော့ ... ကိုယ့်ချစ်ခြင်းကိုလည်း ကိုယ်ယုံတယ် ... မိုးစက်ကို စတွေ့စဉ်တုန်းက ကိုယ့်ရင်ကို လုံးဝမထိတာ သေချာခဲ့ပါတယ်၊ ဒါကြောင့် ... သူများအတွက် အကျိုးဆောင်ပေးပြီး စည်းစောင့်နေရတာလည်း ရင်ထဲက ရှိုးသားနေခဲ့တယ်၊ အဲ ... မြတ်ဘုန်းခန့်နဲ့အဝေရာတို့ ငြိသွားတဲ့အခါမှာတော့ ... ရင်ထဲမှာ ခံစားမှုတွေအားလုံး ရှင်းလင်းသွားတယ်၊ အဲဒီအခါမှာ ကိုယ့်အနားမှာ မိုးစက်တစ်ယောက်ပဲ သီးသန့်ကျန်နေခဲ့တော့တယ် ... ဒီတော့မှ ကိုယ့်ဘဝအတွက် ထာဝရအဖော်မွန်ဖြစ်နိုင်သူ ကိုယ့်ရင်ကို အမှန်အကန် လှုပ်ခတ်နိုင်သူ ကိုယ်ချစ်ရမယ့်သူက သီးသန့်ရှိနေတာ သတိထားမိသွားတယ်၊ စောင့်စည်းစရာလည်း ဘာမှမရှိတော့ဘူး၊ ကိုယ့်ရင်ထဲမှာ ဖြစ်ပေါ်ခံစားလာရတဲ့အတိုင်း ဖွင့်ပြောလိုက်မိတာဟာ ကိုယ့်ဘဝကိုယ့်တစ်သက်တာမှာ တစ်ကြိမ်တစ်ခါသာ ဖြစ်ပေါ်ခဲ့တဲ့ နောက်နောင်လည်း ဘယ်အခါမှ ထပ်ဖြစ်ပေါ်လာမှာမဟုတ်တဲ့ ချစ်ခြင်းမေတ္တာစစ်စစ်ပါ၊ အဲဒီအပေါ်မှာ ... ”

တိမ်တမန်၏ ပြောလက်စ စကားမဆုံးခင်မှာ မိုးစက်က လက်နှစ်ဖက်နှင့် နားကိုစုံပိတ်ကာ ခေါင်းခါနေ၍ သူ့စကားပြောလက်စကို ရပ်တန့်လိုက်ရသည်။

“အခုလောလောဆယ်အချိန်မှာ ... အဲဒါတွေ ဘာတစ်ခုမှ မိုးစက်မကြားချင်ဘူး၊ ဘာမှလဲ မပြောချင်ဘူး ... သူနဲ့မိုးစက်ရဲ့ ပတ်သက်မှုကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ရိုးသားစွာနဲ့ ဆက်လက်လုပ်ကိုင်သွားချင်တယ်၊ ဖြစ်ချိန်တန်ဖြစ် ပျက်ချိန်တန် ပျက်တဲ့သဘောတရားကို မိုးစက် လက်ခံနားလည်ထားပြီးသားမို့ ဘာမှထူးပြီး ကြိုတင်မျှော်လင့်မနေချင်တော့ပါဘူး ... သူလည်း အဲလိုမျိုးပဲ ခံယူနိုင်အောင် ကြိုးစားထားစေချင်တယ် ... ခုချိန်မှာ အဓိကက သီချင်းတိုက်မယ်၊ ရိုးသား စွာ အနုပညာကိစ္စတွေ ပြောကြ ဆိုကြလုပ်ကြမယ် ... အဲဒီလောက်ဆိုရင် လုံလောက်နေပြီလို့ ထင်ပါတယ်''

''အရင်တစ်ခါ သီချင်းတိုက်တုန်းကလို သူငယ်ချင်းတွေ သဘော ပျော်ရွှင်စရာစကားလေးတောင် မရနိုင်တော့ဘူးလားကွာ၊ ပြီးတော့ ... မိုး စက်နဲ့ကိုယ်က ချစ်သူတွေဆိုတာ မေ့နေပြီလား''

''လောလောဆယ် မေ့ထားလိုက်တာ အကောင်းဆုံးပဲ''

''ကြိုးစားပမ်းစား ရေးဖွဲ့ပေးခဲ့တဲ့ သီချင်းသုံးပိုဒ်ရဲ့ မျက်နှာလေး''

''အဲဒါဆိုလည်း အခုလက်ရှိ အနုပညာနဲ့ပတ်သက်တာတွေကို ဒီနေ့ မှာတင် ရပ်ပစ်လိုက်တော့မယ်''

တိမ်တမန် ပြုံးတုံးပြာတာ လက်ကာပြပြီး ...

''အိုကေ ... အိုကေ ... မိုးစက်ကောင်းမယ်ထင်သလိုလုပ်ပါ ကိုယ့်ဘက်က မိုးစက်အလိုကျ၊ မိုးစက် စိတ်ကြိုက် လိုက်လုပ်ပေးပါ့မယ်၊ ပြီးတော့ လိုအပ်မယ်ဆိုရင် ဟိုတစ်ခါ ရှေ့ပင်းစင်တာကအပြန် ဓါတ်လှေကားထဲမှာတွေ့ ခဲ့တဲ့ အန်တီဝဝကြီးရဲ့ အကူအညီကိုယူပြီးဖြစ်ဖြစ်၊ မိုးစက်ရဲ့စိတ်ချမ်းသာရာ စေပါ့မယ်''

သူ့စကားကြောင့် ခက်ထန်ချင်ချင်ဖြစ်လာသည့် မိုးစက်လင်းချို ခဏ ဖြစ်ပြီး မျက်နှာတစ်ဖက်လွှဲကာ အရယ်ကို ကျနေ့နှင့်အမြန် သိမ်းသပ်လိုက်သည်။

အစိမ်းဖြတ်မဟုတ် ...

မေ့ဆေးလေးပေးပြီးမှ သက်သက်ညှာညှာ ရက်စက်သည့်သဘောမျိုး နေ၍ သက်သာလိုသက်သာငြား သူ့ဘာသာ တေမိလုပ်နေမိလိုက်သည်။

ခုချိန်မှာ ... မိုးစက်လင်းချို သနားမှ တိမ်တမန် ချမ်းသာရာရ မှ ... အပိုစကားများများမဆို သူမစိတ်မတို မျက်စိမနောက်အောင်နေမှသာ လှပသာယာသည့် အနာဂတ်ကို မျှော်လင့်နိုင်စရာဟုတွေးရင်း ... ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆိုးပြီးတော့ တစ်ဆောင်း

မဟောင်းခင်ကြာသစ်

နွေမြန်မြန်ဖြစ်တော့မလို့လား

ကောက်ကွေ့တဲ့မြစ်တွေတောင်

သဲသောင်ကို ကွေ့ပတ်ရှောင်ဖယ်

သူ့လမ်းကို လွယ်လွယ်နဲ့မပစ်ပယ်ဘူး။

ဒီရပ်မှာ သူးတွေနဲ့ မထားခဲ့ပါနဲ့

ဆောင်းကနေ နွေကို ပုံမှန်လေးသာကူးပေးပါ

လွန်ကျူးခဲ့သမျှကို အပြစ်လို့ ဝန်ခံပါတယ်

အချစ်အတွက်ဆိုလို့ ပေါ့တွေးပေးရင်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၈)

သကြံန်သီချင်းနှစ်ပုဒ်ကို ဟန်ဆောင်သရုပ်တွေနှင့် သီချင်းတိုက်ပေးလိုက်ကြသည်။ ဟန်ဆောင်ကောင်းသူမို့လားမသိ မိုးစက်လင်းချို၏အမူအရာမသိသာလှသော်လည်း တိမ်တမန်မှာတော့ လူသိအောင် အပူမိသလိုဖြစ်နေသည်။

မိုးစက်က သူ့မျက်နှာကို မသိမသာနှင့် မကြာမကြာ အကဲခတ်နေသည်ကို သတိထားမိ၍သာ စိတ်သက်သာရာရတော့သည်။

သီချင်းတိုက်ပြီးသည်နှင့် ကတိအတိုင်းပင် သီချင်းသွင်းဖို့ ဆက်လက်စီစဉ်ကြပြန်သည်။ ဒီလိုနှင့် နောက်ဆုံးတိမ်တမန်နှင့် ပတ်သက်ဆက်ဆံစရာတွေကုန်ဆုံးသွားလျှင် တိမ်တမန်ကို တစ်နေရာရာသို့ ချိန်းပြီး တိမ်တမန် တစ်ချိန်ကပေးခဲ့သည့် နှင်းဆီပန်းကို တစ်စစီခြွေပြကာ အမုန်းကြေငြာခန်းကို တင်ဆက်တော့မှာဖြစ်သည်။

သီချင်းသွင်းသည့်ကာလတွင် ကုန်ကျစရိတ်ကို မိုးစက်လင်းချိုက ကျခံသည်။ ပန်းဝတ်လွှာနှင့်သူမအဖွဲ့သားများကိုလည်း အဖော်ခေါ်လာသည်။ လူအလစ်တွင် ပန်းဝတ်လွှာက တိမ်တမန်အနီး ချဉ်းကပ်ပြီး ...

"ကျွန်မနဲ့ ဘာလို့လာမတွေ့တာလဲ"

"တွေ့လည်း ဘာထူးမှာလဲ မြတ်ဘုန်းခန့်က မဖြစ်မနေ ဖွင့်ပြောမှာပဲ"

"ကျွန်မ စိတ်ကူးတာက ကျွန်မပါဝိုင်းပြောပြီး မြတ်ဘုန်းခန့်ကို မဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ချဖြစ်အောင် တားကြဖို့ပါ"

"ဘယ်တတ်နိုင်မှာလဲဗျာ ... သူ့ဆန္ဒက အဲဒီလိုဖြစ်နေတာကိုး"

"ဒါပေမဲ့ ... မိုးစက်လင်းချိုက အစကတည်းက ရိပ်မိပြီးသားပါ။ ပါးပါးလှပ်လှပ်ကလေးရယ်၊ ရှင့်အိမ်မှာ ကျွန်မတို့ငါးယောက်စုပြီးသီချင်းတိုက်တဲ့ နေ့ကတည်းက ရှင်က ကျွန်မရဲ့အစ်ကိုဝမ်းကွဲမဟုတ်ဘူးဆိုတာ သိသွားတယ်"

"ဟုတ်လား ... ကျွန်တော့်ကိုတော့ ဘာမှမပြောဘူး"

"အဲဒါက ကျွန်မသတိလွှတ်ပြီး စကားမှားသွားတာကြောင့် သိသွားတာပါ၊ အဲဒါ သိလိုက်ရလို့ ခံစားရပြီး ထူးထူးခြားခြား အမူအရာပြောင်းသွားတာတော့ မတွေ့မိခဲ့ပါဘူး"

"အင်းလေ ... အဲဒီနေ့ကတော့ ညနေပြန်ကြတဲ့အထိ ကျွန်တော့်အပေါ် ဆက်ဆံတာ အေးဆေးပါ"

"အခုလည်း ရှင်နဲ့စကားပြောရင်သာ မျက်နှာနည်းနည်းတည်သွားတာ ကျန်တဲ့လူတွေနဲ့ ဆက်ဆံတာကတော့ ချောလို့ ... "

"အေးဗျာ ... ကျွန်တော် ပရိယိုလုပ်တာကို သူလက်မခံခဲ့ရင် ခုချိန်မှာ ကျွန်တော် ဒီလောက် ရင်အစူးခံရမှာမဟုတ်ဘူး"

"ရှင့်ကို အရင်လူတွေလို သဘောမထားတာတော့ သေချာတယ်၊ ရှင့်ကို အချိန်ယူ လေ့လာဆန်းစစ်ပြီး အပြန်ပြန်အလှန်လှန် စဉ်းစားပြီးမှ လက်ခံခဲ့တာလည်း သေချာတယ်၊ အဲဒီတုန်းက ကျွန်မရှေ့မှာ တစ်ခွန်းတစ်စ စဉ်းဟဖူးတာရှိခဲ့လို့ ကျွန်မသိရတာ"

"လောလောဆယ်တော့ သူစိတ်ချမ်းသာသလို လုပ်ရှားစေဖို့ လွှတ်ထားရမှာပဲ၊ အချိန်နည်းနည်းကြာပြီး သွေးအေးသွားမှ ချော့မော့ပြီး ပြန်ကြိုးစားကြည့်ရမယ် ... သူ့ရဲ့နာမည်ကျော် အမုန်းကြေငြာပွဲကို လောလောဆယ် ဆင်နွှဲစေဖို့ပဲ ဆုတောင်းရတော့မယ်"

"ဒီအတောအတွင်း အခြေအနေပေးရင် ကျွန်မလည်း တတ်နိုင်သလောက် ပြောကြည့်ပါဦးမယ်"

မိုးစက်လင်းချို၏ သီချင်းများကို အကောင်းဆုံးဖြစ်အောင် အသံသွင်းလိုက်သည်။

---

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သီချင်းသွင်းခြင်းကိစ္စ ပြီးမြောက်သွားသောအခါ ရှင်းလင်းစရာရှိသည်များကို ရှင်းလင်းပြီးသည်နှင့် အပြန်လမ်းခွဲကြခါနီးတွင် မိုးစက်လင်းချိုက တိမ်တမန်အနီး လျှောက်လာသည်။ ပြီး ... ပုံမှန်မျက်နှာထားနှင့်ပင် ...

"လာမယ့် တနင်္ဂနွေနေ့ တစ်နေရာရာမှာ ဆုံချင်တယ်၊ တမန်နဲ့ ပထမဦးဆုံး ဆုံခဲ့ဖူးတဲ့ ဒဏ္ဍာရီဆိုတဲ့ ဆိုင်လေးမှာပဲဆိုရင် ကောင်းမယ်၊ နေ့လည် ဆယ့်နှစ်နာရီတိတိ ... ဆက်ဆက်လာဖြစ်အောင် လာခဲ့နော်"

အနားတွင်ရှိသော ပန်းဝတ်လွှာက မဲ့ပြုံး ပြုံးပြသည်။

မိုးစက်လင်းချို၏ နာမည်ကျော် လမ်းခွဲနှုတ်ဆက်ပွဲအတွက် စစ်လုံ့ ကြေငြာသံဖြစ်သည်။

တိမ်တမန် ခေါင်းညိတ်ပြလိုက်သည်။

ခေါင်းညိတ်ရုံမှလွဲ၍ သူ့အတွက် ခုခံချေပနိုင်စရာ ပြင်ဆင်ထားခဲ့သည်မှမရှိဘဲ။ သို့သော် ...

ယောကျ်ားတစ်ယောက်ရဲ့ ပရိယာယ်တွင် လိုအပ်လျှင် ပြီးလွယ်စီးလွယ် ခေါင်းညိတ်ပြတတ်ခြင်းလည်း ပါဝင်သည်ဟုဆိုလျှင် ... ။

"ဒီနေ့ ... မင်းကို ချိန်းထားတာ သွားတွေ့ရမယ့်နေ့နော်"

"ဒီနေ့အကြောင်းကိုတွေးပြီး အိပ်မပျော် စားမဝင်ဖြစ်နေတာ ကြာပါပြီကွာ ... အစမဖော်စမ်းပါနဲ့ ... ရင်ထိတ်လွန်းလို့ ... "

"မင်းသွားတွေ့မှာလား ... တွေ့မနေမိုနဲ့ကွာ ... သူ့ဘက်က ပြတ်ချင်နေရင် ကိုယ့်ဘက်ကလည်း ဝေးဝေးနေလိုက်ပေါ့"

"မိုးစက်လင်းချိုက အရသာရှိရှိ အနိုင်မယူလိုက်ရဘဲနဲ့ သူနဲ့ပတ်သက်ခဲ့တဲ့ ယောကျ်ားတစ်ယောက်ကို လွှတ်ပေးလိုက်မှာ မဟုတ်ဘူး၊ အခုမသွားရင်လည်း သူ့ရှေ့ကို ဝပ်စင်းလာအောင် နည်းအမျိုးမျိုးနဲ့ မျှားခေါ်နေဦးမှာ၊ အဲဒီ ကြီးကိုလည်း ငါကလည်း မခံစားနိုင်တာ"

ဝေယံကတော့ ...

"မင်းအဖြစ်ကလည်း မလွယ်ပါလားကွာ ... ဒါနဲ့မင်းပြောတော့



www.burmeseclassic.com

www.burmeseclassic.com



မင်းအပေါ်ထားတဲ့ သူ့ရဲ့သဘောထားက အရင်ကောင်တွေနဲ့ မတူဘူးဆို"

"အေး ... အဲဒီလိုတော့ ပြောဖူးတာပေါ့ကွာ၊ နောက်ဆုံး ငါနဲ့သူ စကားအခြေအတင်ပြောကြတုန်းက နားနှစ်ဖက်စုံပိတ်ပြီး ခေါင်းရမ်းငြင်းပယ်နေတဲ့ သူ့အမူအရာကို မင်းမြင်ရရင် ဒီမေးခွန်းကို မင်းမေးထွက်တော့မှာ မဟုတ်ဘူး"

အေးမင်းဟာန် ဝင်ပြောသည်က ပြတ်သားသည်။

"ဘာပဲဖြစ်ဖြစ် ခုချိန်မှာပဲ မင်းဆုံးဖြတ်ရတော့မှာ၊ တွေ့မလား ရှောင်နေလိုက်မလား"

"ရှောင်နေချင်တယ်"

"အေး ... ကောင်းတယ်၊ ဒါပေမဲ့ ... မင်းအခန်းကိုရော မင်းရဲ့ ကြိုးဖုန်းနံပါတ် ဟန်းဖုန်းနံပါတ်တွေရော အကုန် မိုးစက်လင်းချိုသိတယ်၊ ဘယ်လို ရှောင်မယ်စိတ်ကူးလို့လဲ"

"မြို့ထဲက တည်းခိုခန်းတစ်ခုခုပေါ့၊ လိုအပ်ရင် အိမ်ကခိုင်းတဲ့ကိစ္စတွေ လုပ်ပေးရဦးမှာဆိုတော့ ရန်ကုန်ကတော့ ခွာလို့မဖြစ်ဘူး"

"အေး ... မင်းအဆင်ပြေရင်ပြီးရော"

"မြတ်ဘုန်းခန့်ကရော ဘယ်အခန်းကနေ မင်းကို ပါဝင်နှောက်ယှက်ဦးမလဲမသိဘူး၊ ငါတို့ မင်းဆီလာရင်တောင် မြတ်ဘုန်းခန့်တို့ မိုးစက်လင်းချိုတို့ သတိမထားမိအောင် သိုသိုသိပ်သိပ် လှုပ်ရှားရမယ်၊ တော်ကြာ ... ငါတို့ကို ရှဒိုးလိုက်ပြီး မင်းတည်းတဲ့ တည်းခိုခန်းကို ခြေရာခံလို့ ရသွားဦးမယ်"

"အဲဒီလိုလုပ်ဖို့တော့ သေချာသလောက်ပေါ့ကွာ"

ရှောင်နေရန် ဆုံးဖြတ်ချက်ချပြီး အစီအစဉ်လည်းဆွဲပြီးပြီမို့ အတန်အသင့် စိတ်အေးသွားသည်။ သို့သော်လည်း ...

ချိန်းသည့်နေရာသို့ တိမ်တမန် ရောက်မလာခဲ့လျှင် မိုးစက်လင်းချို နှုတ်မှ ပစ်ပေါက်တိုက်ခိုက်မည့် စကားလုံးများကို ကြိုတင်ကြားယောင်နေရသည်။

အချစ်၏ထံပါး ခစားလိုသော်လည်း ...

အချစ်၏နှုတ်ထွက်စကားကို ...

မကြားဝံ့ ... မကြားလို ... မခံစားလို ဖြစ်ရပြီမို့ ... ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း ...

ချိန်းသည့်နေ့ ချိန်းသည့်အချိန် ... ချိန်းသည့်နေရာတွင် တိမ်တမန်နှင့် မိုးစက်လင်းချိုတို့ မဆုံတွေ့ဖြစ်ခဲ့ပါ။

ချိန်းဆိုသည့်အတိုင်း မရောက်လာနိုင်သူမှာ ရှောင်နေရန် ကြိုးစားသည့် တိမ်တမန်မဟုတ်။ ချိန်းဆိုသူ မိုးစက်ကိုယ်တိုင်ပင် ဖြစ်သည်။ မည်သည့်အကြောင်းကြောင့် မိုးစက် ရောက်မလာခဲ့လေသလဲ မသိရသော်လည်း တိမ်တမန်ကတော့ ထိုဆိုင်တွင် ချိန်းဆိုချိန်ထက် တစ်နာရီကျော်သည်အထိ တစ်ယောက်တည်း ထိုင်စောင့်နေခဲ့ရသည်။

ထိုင်နေရင်းနှင့် ထိုဆိုင်လေးတွင် သူနှင့်မိုးစက်တို့ စတင်ဆုံတွေ့ခဲ့ပုံကို ရုပ်ရှင်အနေးပြကွက်ပမာ ပြန်မြင်နေသည်။ မိုးစက် သမ်းလျှင် သူပါလိုက်သမ်းမိပုံ၊ သူ့ဝါးတူနှစ်ခုကို ပွတ်မိ၍ မိုးစက် အံကြိတ်ကြက်သီးထပုံ၊ ပြန်ခါနီး သူ့ခြေထောက်ကို တက်နင်း၍ နှင်းဆီတစ်ပွင့်နှင့် ရန်ရှာခဲ့ပုံများကို အသေးစိတ် ပြန်မြင်ယောင်နေမိသည်။

ဆိုင်က မငြိုငြင်စေဖို့ သောက်စရာမှာကာ အချိန်တစ်နာရီကျော်ကို ကုန်ဆုံးစေခဲ့ရသည်။ ထုံးစံအတိုင်း ထိုင်ရသည်မှာကြာလာတော့ အပျင်းပြေ ဝါးတူနှစ်ချောင်းကိုတော့ ထုတ်ယူပွတ်မိသည်။

သူကသာ သတိမထားမိသည်။

ဆိုင်အတွင်းဘက်ကျကျ အလင်းရောင်အားနည်းသည့် စားပွဲတစ်ခုတွင် ထိုင်ကာ သူ့ကိုစောင့်ကြည့်နေသူတစ်ဦး ရှိခဲ့သည်။ ထိုသူက သူ့အရင်ရောက်ကာ သူ့လှုပ်ရှားမှုကို အသေးစိတ်ကြည့်ရှုနေခဲ့သည်။ ထို့ကြောင့် ...

ရောက်ရောက်ချင်း သူကော်ဖီတစ်ခွက်မှာသောက်ပုံ၊ ဟိုငေးဒီငေး ငေးနေပုံ။ ပြီးနောက် ... အအေးတစ်ပုလင်းမှာသောက်ပုံ၊ ဆက်ငေးပုံ၊ နာရီ ငုံ့ကြည့်ပုံ၊ ဆိုင်မှ နာရီကိုလှမ်းကြည့်ပုံ၊ တစ်ခါ လက်ဖက်ရည်တစ်ခွက်မှာသောက်ပုံ၊ ဝါးတူတစ်စုံကို ဖောက်ထုတ်ယူကာ အပျင်းပြေ ပွတ်နေပုံ၊ အပျင်းကြောဆန့်ကာ ဆက်ငေးနေပုံ၊ တစ်ဖန် ... မစ်ရှိတ် အအေးတစ်ခွက်မှာပြန်ကာ သောက်ရင်း သမ်းဝေပုံ၊ ဟိုကြည့် ဒီကြည့် ကြည့်နေပုံ ... စသည်တို့ကို အသေးစိတ် မှတ်မိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟ ... မင်းဟာကလည်း ... တွေ့လိုက်တိုင်းငူလို့ ငေါင်လို့ပါ လား"

ရောက်ရောက်ချင်း အေးမင်းဟန်၏ မှတ်ချက်စကားဖြစ်သည်။ ဝေယံ ကလည်း ...

"အေး ... မင်းကလည်း ဟုတ်တယ်၊ အရင်တစ်ခေါက်လာတုန်းက ငေါင်နေလို့ သွားတွေ့ပြီး ရှင်းလိုက်ဖို့ပြောတယ်၊ လက်မခံဘဲရှောင်နေချင်တယ် ဆိုတာနဲ့ ရှောင်နေဖို့ ပိုင်းအကြံပေး အစီစဉ်ဆွဲကြတယ်၊ တကယ်တမ်းကျတော့ ရှောင်ဘဲနဲ့သွားတွေ့တယ် ... တစ်ခါ ဟိုက မလာပြန်လို့ မရှင်းခဲ့ရဘူး၊ ဒါဆိုလည်း တစ်မျိုးကောင်းတာပဲ ... တစ်နည်းနည်းနဲ့ရှင်းသွားတာပဲမေ့၊ မင်းရင်မဆိုင်ချင်တဲ့ လမ်းခွဲနည်းနဲ့ လွှဲခွင့်ရပြီလေ ... ခုမှတစ်ခါ ဘာကိစ္စ ငူငေါင်နေရပြန်တာလဲ"

အေးမင်းဟန်က ရေသန့်ဗူးအဖုံး အမြန်ဖွင့်ကာ ဝေယံကိုလှမ်းပေးရင်း

"ရော့ သူငယ်ချင်း ... မြန်မြန်သောက်လိုက်၊ တမန်ကို ရှည်ရှည် ဝေး မြည်တွန်တောက်တီးရတာ ငါ့သူငယ်ချင်းမောရှာရော့မယ်"

ဝေယံက မျက်စောင်းတစ်ချက်ခဲကာ ရေသန့်ဗူးကိုတော့ ယူမော့သည်။

"ငေါင်နေတာမဟုတ်ပါဘူးကွာ ... မခံစားနိုင်ဖြစ်နေတာပါ"

"ဘာကိုမခံစားနိုင်ရပြန်တာလဲ"

"ချိန်းတဲ့နေ့က အိမ်ပြန်ရောက်ပြီးကတည်းက ငါ သူ့ဆီဖုန်းဆက်တာ ကြိမ်တစ်ရာလောက်ရှိပြီ၊ ဟန်းဖုန်းခေါ်တော့ မကိုင်ဘူး ... ကြိုးဖုန်းခေါ် တော့မရှိဘူးတဲ့၊ ဘယ်လိုမှ ဆက်သွယ်လို့မရဘူး"

"သူ့အိမ်ရှေ့ကိုရောက်တာတော့ တစ်ရာ့ခြောက်ခေါက်ရှိပြီပေါ့"

"အဲဒီလောက်တော့ မများပါဘူးကွာ"

"ရွဲ့ပြောတာဟေ့ ... ဟိုကချိန်းတော့ မတွေ့ရဲလို့ ရှောင်ချင်တယ်၊ ဟိုကရှောင်နေတော့လည်း အသည်းအသန် တွေ့ချင်ပြန်တယ်"

ဝေယံ စကားကို မင်းဟန်ကလည်း တစ်မျိုးတစ်ဖုံ ထောက်ခံသည်။

"အဲဒါ ... မင်းဝဋ်လည်တာလေ ... မင်းရှောင်နေဖို့ စဉ်းစားတုန်း က ကြိုးဖုန်းနံပါတ်မသိတဲ့နေရာနေမယ်၊ ဟန်းဖုန်းပိတ်ထားမယ်၊ လူးသိတဲ့ ... ည်းခိုခန်းမှာ ခိုမယ်နဲ့ နည်းမျိုးစုံကြံခဲ့တာလေ၊ ခုတော့ ... ကိုယ်ချင်းစာ

www.burmeseclassic.com

www.burmeseclassic.com



တတ်ပြီလား"

တိမ်တမန်က လေးမလေးကြီး ပြန်ဖြေသည်။

"အေး ... "

"အေးမနေနဲ့ ... မေ့သာမေ့ပြစ်လိုက်တော့၊ သူ့ဘက်က အေးအေး ဆေးဆေးခွာသွားတာကိုပဲ ကျေးဇူးတင်"

"အေး ... အဲဒီအကြောင်းကို စဉ်းစားမိလိုက်ရင်ပဲ ဟောဒီရင်ဘတ် ကြီးထဲက နာ ... နာလာတာကွ"

ရင်ဘတ်ကို တဖုန်းဖုန်း ပုတ်ပြသည့် တိမ်တမန်ကို အေးမင်းဟန်က ပင် ရိသည်။

"အောင်မယ် ... မယ် ... အဲဒါကတော့ မင်းဘာသာ ညတုန်းက မှောက်အိပ်မိလို့ နာတာဖြစ်မှာပါ"

"ငါတကယ်ခံစားနေရတာကွ ... မင်းတို့မသိဘူး၊ တားမရ ဆီးမ လို့ မဖြစ်မနေ သူနဲ့ဝေးရမယ်ဆိုရင်လည်း နောက်ဆုံးအနေနဲ့ သူ့ရဲ့နှုတ်ဆက် စကားလေးတွေတော့ ကြားချင်သေးတာပေါ့ ... သူ့ရဲ့အပြုံးချိုချိုလေးတော့ မြင်လိုသေးတာပေါ့"

"ရပါလိမ့်မယ် ... မင်းမျှော်လင့်သမျှ ဟိုကလက်ညှိုးငေါက်ငေါ ထိုးပြီး နှင်းဆီပန်းခြောက်နဲ့ ကောက်ပေါက်သွားမှာ"

"မင်းတို့ပြောသလောက်လည်း ငါ့အပေါ်မှာ မိုးစက် မစိမ်းလော မရက်စက်လောက်ပါဘူးကွာ"

"အောင်မာ ... မျှော်လင့်နေသေး ... ဟိုက မင်းကို ရေဝေး ပို့ချင်နေမှာ"

အဆုံးအစမရှိ ငြင်းခုံနေကြခြင်းဖြင့် စိတ်ညစ်စရာက မေ့ပျောက်တ သလောက်ဖြစ်ကာ မျှော်လင့်ချက်အချို့လည်း ရှင်သန်လာရသည်သာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

မတွေ့ရသည်မှာလည်းကြာ၊ သောင်မတင် ရေမကျ အခြေအနေကိုသည်း အဆုံးသတ်ချင်လာသဖြင့် လမ်းထိပ် PCO ဖုန်းဆိုင်မှ မိန်းကလေးကို အကျိုးအကြောင်းပြောကာ အကူအညီတောင်းပြီး ဖုန်းခေါ်ခိုင်းရသည်။

အိမ်အကူ ကလေးမလေး၏ဖုန်းထူးသံ ပေါ်လာသည်။

"မမလေးနဲ့ ဖုန်းပြောချင်တာ ဘယ်သူလို့ ပြောလိုက်ရမလဲရှင်"

"ကျောင်းတုန်းက သူငယ်ချင်းလို့ပြောပေးပါ"

မမလေး ... ကျောင်းတုန်းကသူငယ်ချင်းတဲ့ အမျိုးသမီးတစ်ယောက်ပါ ... ဆိုသည့် ကလေးမလေး လှမ်းအော်သံကိုကြားရသည်။ ခဏအကြာတွင် ...

"ဟဲလို ... "

"မိုးစက် ... ကိုယ်ပါ"

"ဟင် ... သူ ... သူ ... "

"ဟုတ်ပါတယ် ... တိမ်တမန်ပါ ... ကိုယ့်ကို ဘာလို့ဒီလောက်တောင် ရှောင်ပုန်းချင်ရတာလဲ"

"ဘယ်သူက ရှောင်ပုန်းလို့လဲ ... မတွေ့ချင်တာ"

"ဘာလို့မတွေ့ချင်ရတော့တာလဲ"

"ခုလိုမျိုးပဲလေ ... လူလည်ကျလွန်းလို့ ... "

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မိုးစက် ထင်လို့ပါကွာ ... ကိုယ့်နှလုံးသားက လုံးဝဖြူစင်တယ်ဆိုတာ မိုးစက်မြင်အောင်ကြည့်ရင် တွေ့ပါလိမ့်မယ်"

"ခုတစ်မျိုး ဖော်ကြာနှစ်မျိုးနဲ့ သုံးမျိုးလောက် တစ်ခဏအတွင်း ပြောင်းသွားချင်တဲ့ နှလုံးသားလား"

"မဟုတ်ရပါဘူးကွာ၊ ကိုယ်အသေအချာ ရှင်းပြပါရစေ၊ ကိုယ်တို့ လူချင်းတွေ့ကြရအောင်နော်"

*"တွေ့ဖို့အချိန် မဟုတ်သေးဘူး"*

"လုပ်ပါမိုးစက်ရယ် ... ရင်ထဲမှာခံစားနေရတာ သုံးရာသီမက"

"တော် ... ရှင်အချစ်ဝတ္ထုတွေ အဖတ်များပြီထင်တယ်၊ ကျွန်မနဲ့ တွေ့ရင် ကျွန်မရဲ့နာမည်ကျော် အမုန်းကြေငြာပွဲနဲ့တိုးမှာ မစိုးရိမ်ဘူးလား"

"တိုးကာမှတိုးရော ... တွေ့ခွင့်ရရင် ကျေနပ်ပါပြီ"

တစ်ဖက်မှ အသံတိတ်သွားသည်။

"မိုးစက် ... မိုးစက် ... "

ခဏကြာမှ ...

"တက္ကသိုလ်ရိပ်သာလမ်းသစ် အလယ်လောက်မှာ "Me & Ma" ဆိုတဲ့ Cafe လေးရှိတယ်၊ အဲဒီဆိုင်ကို နက်ဖြန်နေ့လည်(၁၁)နာရီ အရောက်လာခဲ့"

ပြောပြီးပြီးချင်း မိုးစက် ဖုန်းချသွားသည်။

PCO မလေးကို အကြိမ်ကြိမ် "ရှဲရှဲနီ ဂိမ်းစမစ်သား" လုပ်လိုက်ရသည်။

သို့ပါသော်လည်း ...

ထိုနေ့ကလည်း သူမကို တိမ်တမန် တွေ့ခွင့်မရခဲ့ပါ။

အရင်တစ်ကြိမ်တုန်းကလိုပင် စားပွဲတစ်ဝိုင်းတွင် တစ်နာရီကျော်ကြာ ကျောက်ချထိုင်စောင့်ပြီးနောက် လာရာလမ်းကို တစ်ဦးတည်း ပြန်လှည့်လာခြင်းဖြင့်သာ အဆုံးသတ်ခဲ့ရသည်။

ထိုအပြန်လမ်းမှာ မိဘများထံမှ သူ့ထံ ဖုန်းဝင်လာသည်။ မိသား အရေးကိစ္စအတွက် ခဏပြန်လာခဲ့ရန် ခေါ်ခြင်းဖြစ်သည်။

သူလည်း ရန်ကုန်မှာ စိတ်လေနေခြင်းမို့ နေ့မကူးမီ မိဘအိမ်သို့ပြန်ရန် ပြင်ဆင်လိုက်တော့သည်။ လာရင်းကိစ္စ ပြီးသွားသော်လည်း မရောက်သည်



www.burmeseclassic.com

www.burmeseclassic.com



မှာလည်းကြာ၊ အမေကလည်း ဆွဲထားသေးသဖြင့် ဆယ့်ငါးရက်ခန့် ကြာသွားသည်။

ရန်ကုန်သို့ အပြန်ခရီး အင်းတကော်နားအရောက်တွင် ဖုန်းခေါ်သံ ဝင်လာသည်။ ဖုန်းထူးလိုက်သည်နှင့် အေးမင်းဟန် အသံပြူကြီး ဝင်လာသည်။

"ဟဲ့အကောင် ... ဘယ်ချောင်မှာ သွားငေါင်နေလို့ အခုမှခေါ်လို့ ရတာလဲ"

"အဟေး ... အမေ့အိမ်ကို အရေးပေါ်ပြန်ပြေးလိုက်ရလို့ကွ၊ အဲဒီ ... လိုင်းကနစ်တုံးလောက်ပဲမိတာ ပြောလို့မရလောက်ပဲ"

"ဒါကြောင့် ငါဆက်တိုင်း စက်ပိတ်ထားတယ်ချည်း အော်နေတာကိုး ... မသိပါဘူး ... ငါက ငါ့ကောင်ကြီးတော့ မိုးစက်လင်းချို နှိပ်ကွပ် ... က်တာနဲ့ တစ်ချောင်းချောင်းမှာဝင်ပြီး ခွေပဲခွေနေလား၊ ဆေးပဲသေနေပြီလား ... ပ်ပူပြီးလိုက်ဆက်နေတာ ... တစ်နေ့ကိုတစ်ရာ့ခြောက်ခါလောက်ရှိမယ်"

"အေးကွာ ... အိမ်ကဖုန်းဆက်တော့ အမြန်ပြန်ပြေးတာ၊ မိုးစက် ... နှိပ်တဲ့ဆိုင်ကနေ အခန်းကိုပြန်ရောက်ရောက်ချင်း ချက်ချင်းပြန်တာ၊ အိမ်ကို ... ပ်ပူနေတော့ မင်းတို့ကိုဖုန်းဆက်အသိပေးဖို့တောင် မေ့သွားတယ်၊ ဟိုရောက် ... တော့လည်း ဖုန်းဆက်မရဆိုတော့ ... ဆောရီးကွာ"

"ဆောရီးမနေနဲ့ ... အဲဒီအတွက် မင်းကိုဒဏ်ခတ်ရမယ်၊ ဒါနဲ့မင်း ... ခုဘယ်မှာလဲ ... ရန်ကုန်ပြန်ရောက်ပြီလား"

"ရောက်ခါနီးပြီ ... အင်းတကော် အကျော်နားမှာ"

"ဒါဆို ... မနက်မှ ဘရိတ်ဖတ်စ် စားရင်း ဆုံကြမယ်၊ ဒကာကတော့ ... ပေါ့ကွာ"

"ဘာကြောင့် ငါက ဒကာဖြစ်ရပြန်တာလဲဟ ... "

"မင်းကို ဒဏ်ခတ်ရမယ်လို့ပြောထားတယ်လေ၊ ပြီးတော့ ... ကြောင့် မင်းဒကာဖြစ်သင့်တယ်ဆိုတာ နက်ဖြန်ကျရင် ရှင်းသွားလိမ့်မယ်"

"နေဦး မင်းဟန် ... မင်းခုနကပြောတဲ့အထဲမှာ မိုးစက်ကနှိပ်ကွပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်ဆိုတဲ့စကား ပါနေတယ်၊ ငါခံခဲ့ရတာ မင်းဘယ်လိုသိနေတာလဲ"

"အဲဒါလည်း သိရမယ်လေ ... နက်ဖြန်မနက် ဆုံတဲ့အထိစောင့်"

"အခုပဲ ဖုန်းထဲကပြောလေကွာ"

"သိချင်ရင်စောင့်ကွာ၊ ငါတို့လည်း မင်းကိုပြောချင်တာ၊ ဆယ့်ငါးရက်လောက်စောင့်ခဲ့ရပြီးပြီ ... တခြားပြောစရာတွေလည်း ရှိသေးတယ်၊ တော်ပြီကွာ ... ဖုန်းဘေလ်တွေတက်တယ်"

ပြောပြီးပြီးချင်း ဝေဒိက ဖုန်းပိတ်သွားသည်။ သူ့မှာသာ စဉ်းစားစရာတွေနှင့်ကျန်ခဲ့သည်။

ဒဏ်ခတ်ခံရမယ်ဆိုတာကတော့ ရှင်းသည်။ ဒဏ်ကာဖြစ်သင့်တယ်ဆိုတာက ဘာကြောင့်ပါလိမ့်။ ပြီး ... တခြားပြောစရာတွေလည်း ရှိသေးတယ်တဲ့။ ဘယ်လိုမှ ခန့်မှန်း၍မရ။

"တော်ပြီကွာ ... ခေါင်းရှုပ်တယ်၊ မစဉ်းစားတော့ဘူး"

ပြောလို့ရတာမဟုတ် ဒီကောင်တွေက လက်ဖက်ရည်ဖိုးပြတ်ရင်လည်း ဒီလိုပဲ အကြံအဖန်လုပ်ပြီး သူ့ကိုဆိုင်သို့ ခေါ်ထုတ်တတ်သည်မို့။

❁

အေးမင်းဟန် ချိန်းသည့်ဆိုင်သို့ တိမ်တမန် ရောက်သွားသည့်အချိန်တွင် သူတို့က ဆိုင်သို့ရောက်ပြီး၍ လက်ဖက်ရည်တောင် မှာပြီးကြပြီဖြစ်သည်။

အေးမင်းဟန်ကစားပွဲတစ်ဘက်ခြမ်းတွင် ထိုင်နေသည်။ တခြားဘက်တွင် ဝေယံနှင့်အတူ ယှဉ်တွဲထိုင်နေသူမှာ ပန်းဝတ်လွှာ။

"ဟ ... လူစုံတက်စုံပါလား"

တမန် စကားကို မင်းဟန်က ပြုံးစိစိနှင့်ကြည့်ရင်း ဝင်ထောက်သည်။

"လူစုံတက်စုံဆိုတာ ဘာကိုဆိုလိုတာလဲဟ"

"လူစုံဆိုတာက မင်းတို့နှစ်ယောက်ကိုပြောတာလေ၊ တက်စုံဆိုတာကဆိုတာက ..."

ပန်းဝတ်လွှာကို ကွက်ကြည့် ကွက်ကြည့်လုပ်ရင်း စကားကိုဆက်ထဲ ရယ်နေသဖြင့် ပန်းဝတ်လွှာ မျက်စောင်းက တိမ်တမန်ထံ ဒိုင်းခနဲရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ကာ ...

"စော်ကားတော့မယ် ... ကျေးဇူးရှင်ကို စော်ကားမိတော့မယ်နော်"

ဝေယံက 'အဟီး'ဆို တစ်ချက်ရယ်လိုက်ပြီး ဘေးမှာကပ်ထိုင်နေသည့် ပန်းဝတ်လွှာကို ပခုံးချင်းတိုက်လိုက်ကာ ...

"ပြောပြလိုက်တော့မယ်နော်"

ပန်းဝတ်လွှာက ရှက်ပြုံးတစ်ချက်ပြုံးကာ ခေါင်းငုံ့သွားပြီး မပွင့်တပွင့် ပြောသည်။

"ကိုဝေသဘော ... "

"ဟားဟား ... အဲလိုတွေတောင် ဖြစ်သွားကြပြီပေါ့ ... သဘော ပေါက်ပြီ မင်းဟန် ... မင်းပြောတဲ့ပြောပြစရာတွေ တစ်ပုံကြီးရှိသေးတယ်ဆို တာ ... ဒါလား ... "

"အေးပေါ့ကွာ ... မင်းမသွားခင်ကတည်းက ဒီကောင် ကြိုးပမ်းနေ ခဲ့တာ၊ မင်းက ကိုယ့်ကိစ္စနဲ့ကိုယ် မွန်နေတော့ သတိမထားမိတာပါ၊ မင်း ခရီး ထွက်သွားတုန်း အဆင်ပြေသွားကြတာ၊ ခုတော့ မင်းမြင်တဲ့အတိုင်းပဲ ... နှစ်ယောက်သား စူပါဂလူးဆောင်ထားတဲ့အတိုင်းပဲ၊ ခွာမရတော့ဘူး ... မင်း တလည်း မရှိနဲ့၊ ငါမှာတစ်ယောက်တည်း ဘက်ပဲ့လို့"

ဝေယံက တဟီးဟီးနှင့် အူမြူးနေပြီးမှ ...

"အေး ... တမန်ရောက်လာပေမယ့်လည်း မင်းထပ်ပြီး ဘက်ပဲ့ဖို့ မြင်သေးတယ်၊ ဟုတ်တယ်နော် ... ချစ် ... "

"ဟုတ်တယ် ကိုဝေ ... ဝတ်လွှာ ပြောပြလိုက်ရတော့မလား"

သူ့ကိုပြုံးကြည့်ရင်းပြောသည့် ပန်းဝတ်လွှာစကားကြောင့် တမန် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ပန်းဝတ်လွှာက မိုးစက်၏သူငယ်ချင်းရင်းချာမို့ သူတို့စကားအသွားအလာအရ သူ့အတွက် ဝမ်းသာစကားများရှိနေပြီလားဟု။

"မပြောနဲ့ဦးကွ ... ဆိုင်ထဲဝင်လာလာချင်း ကိုယ်တို့ကို နှိပ်ကွပ် ထားတာ၊ နည်းနည်းတော့ ပညာပေးသင့်တယ်"

အေးမင်းဟန်ထံမှ အသံထွက်ပြီး ရယ်သံထွက်လာသည်။

"အဟီး ... ပြောပြလိုက်ပါကွာ ... ဟိုမှာသိချင်လို့ ထိုင်နေရ ထမရ ခင်တကြွကြွဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိမနေနဲ့ ... မင်းလည်းအဖြစ်မရှိတဲ့ကောင် ... အတူတူပဲ၊ မင်းကတော့ ပိုဆိုးပါတယ် ... ဝိုင်းခေါင်းဆောင်ကြီးနဲ့တွဲပေးပြီး အထီးကျန်သူများ ကလပ်ထောင်ပေးရမယ်"

"ဘာတွေဖြစ်နေတာလဲ မင်းဟန် ... ဝေယံ့ ရိုက်ချက်က ပြင်းနေပါ လားဟ"

"လွတ်ထားလိုက်စမ်းပါကွာ ... မာန်တက်နေတာပါ၊ ပခုံးကောင်းလို့ လေ"

ဝေယံက ပါးစပ်သာလှုပ်ပြီး အသံတိတ်ဆဲသည်။ တမန်တို့နှစ်ယောက် က ဝိုင်းဟားလိုက်ကြသည်။ ပန်းဝတ်လွှာကသာ အခြေအနေကို ဝင်ထိန်းသည့် အနေဖြင့် ...

"ဒီလို ကိုတမန်ရဲ့ ... ရှင့်ကို မိုးစက်ချိန်းတဲ့ ကော်ဖီဆိုင်က ဝတ်လွှာတို့နေတဲ့ အခန်းရှေ့တည့်တည့် တိုက်မှာပဲဆိုတာ မသိဘူးဟုတ်လား"

"အင်း ... ဝတ်လွှာ အိမ်ကိုမှ ကျွန်တော်မသိတာ"

"အဲဒီနေ့က ကော်ဖီဆိုင်ကိုသာ မိုးစက်မရောက်လာခဲ့တာ၊ ကိုတမန် ဆိုင်ကိုရောက်ချိန်နဲ့ မတိမ်းမယိမ်းမှာပဲ ကျွန်မ အခန်းကို သူရောက်လာခဲ့တယ် ရှင့်ကို တစ်ချိန်လုံး ကျွန်မအခန်း ဝရံတာက မိုးစက် ထိုင်ကြည့်နေခဲ့တာ"

ဝေယံက ဝင်လောင်သည်။

"ဟော့ကောင် ... အဲဒီနေ့က ပလက်ဖောင်းပေါ်လျှောက်နေကြတဲ့ အလန်းဇယားလေးတွေကို မင်းလှမ်းပွားမိသေးလား၊ ရှိုးမိသေးလား၊ မင်းအဖြစ် က ကျားရှေ့မှောက်လျှက်လဲမိသလိုပဲ ဆိုးပါ့ကွာ ... "

ဝတ်လွှာက ဝေယံပေါင်ကို ဆွဲဆိတ်ရင်း ...

"နေစမ်းပါဦး ကိုဝေရယ် ... ဒီမှာဆုံးအောင်ပြောပါရစေဦး၊ ကိုတမန် စိတ်လျှော့ပြီးပြန်သွားတဲ့အထိ ထိုင်ကြည့်နေတာ ဘေးမှာ ကျွန်မလည်းရှိတယ်"

"အဲဒီအချိန်မှာ ဝတ်လွှာက ကျွန်တော့်ဆီ ဖုန်းဆက်လိုက်ရင် ပြီးရော ဗျာ"

"ရမလားရှင့် ... ဟိုကလှစ်လှစ်လေး စရောက်ကတည်းက သူ ရောက်နေတာ တစ်နည်းနည်းနဲ့အသိပေးခဲ့ရင် သူနဲ့ဘယ်တော့မှ မတ်သက်ဖို့ တော့ သေခန်းပြတ်ဆိုပြီး ခြိမ်းခြောက်ထားခဲ့တာ၊ ပြီးတော့ ... လူကို လုံး



www.burmeseclassic.com

www.burmeseclassic.com



အလစ်မပေးတော့ဘူး၊ သူ့နားမှာ အသေကပ်ဆွဲထားတော့တာ"

အားလုံးက ပန်းဝတ်လွှာကို ပြုံးကြည့်ကြသည်။

"ပြီးတော့ မိုးစက်မပြန်သေးဘဲ စကားထိုင်ပြောနေတာ ညနေအထိပဲ၊ သူပြန်သွားမှ သတိရပြီး ကိုတမန့်ဖုန်းကိုဆက်တော့ လုံးဝခေါ်မရဘူး"

"ဟုတ်မှာပေါ့လေ ... ကျွန်တော်က အိမ်အပြန်လမ်း ဖုန်းလိုင်းမမိတဲ့နေရာ ရောက်နေမှာပေါ့ ... "

"သူပြောသမျှအားလုံးကိုခြုံပြီး စဉ်းစားရင်တော့ ရှင့်အတွက်အခြေအနေမဆိုးလောက်တော့ဘူးလို့ထင်တယ်၊ လာမတွေ့ပေမယ့်လည်း ဆိုင်အနားကိုရှင့်ကိုမြင်နိုင်လောက်တဲ့နေရာအထိကို လာသေးတယ်ဆိုတော့ အခြေအနေ မဆိုးတာပိုသိသာပါတယ်၊ ပြောရဦးမယ် ... ပထမတစ်ခါချိန်းတဲ့ ဒလ္လာရီဆိုတဲ့ဆိုင်ကိုသူရောက်သွားခဲ့တယ်တဲ့ ... ဆိုင်အတွင်း မှောင်ရိပ်ကျတဲ့ စားပွဲမှာ သူက ရှပ်ဖျက်ပြီး ထိုင်နေလို့ သူ့ကို ရှင်မမြင်တာတဲ့"

"အဲဒီအခါတုန်းကတော့ ဒီကောင် မှုန်နေလို့ မမြင်တာနေမှာပါ"

ဝေယံ၏ နှိပ်ကွပ်စကားကို အေးမင်းဟန်က ...

"မှုန်နေလို့ မမြင်တာမဟုတ်ဘူးကွ ... ကြောက်နေလို့မမြင်တာ၊ အဲဒီချိန်းပွဲမှာက မိုးစက်လင်းချို့ရဲ့နာမည်ကျော် နှင်းဆီနီအမုန်းကြေငြာပွဲကို ရင်ဆိုင်ရမှာလေ ... ဒါနဲ့နေပါဦးကွ ... အခုနောက်တစ်ခေါက်ထပ်ချိန်းတာမှာ မင်းက ဘယ်လိုသတ္တိ ဘယ်လိုဝှက်ဖဲတွေရှိနေလို့ မင်းကိုယ်တိုင်ချိန်းလိုက်ရတာလဲ"

"ရှိတာပေါ့ကွ ... ဒါပေမဲ့ ... မပြောပြဘူး"

"အသေသာခံမယ်ပေါ့"

"ဒါပေါ့ ... "

"ကဲ ... ဝတ်လွှာ ... အဲဒီဝှက်ဖဲကိစ္စလေးလည်း သေသေချာချာ မှတ်ထားလိုက်ပါဦး ... မိုးစက်လင်းချို့နဲ့ဒီတစ်ခါတွေ့ရင် ချွန်တွန်းလုပ်၊ အဲ မျှော်ပြသင့်ရင် ပြောပြရအောင်လို့"

"ပန်းဝတ်လွှာ ... ညီမလေး ... မလုပ်နဲ့လေ ... မှားမယ်နော် မှာအရင်ပြဿနာတစ်ထောကြီးတောင် ဖြေရှင်းလို့မရသေးဘူး"

သူ့ရဲ့ ပြုံးတုံးပြာတာ အမူအရာကိုဝိုင်းဟားကြသည်။ ဝတ်လွှာက

www.burmeseclassic.com

www.burmeseclassic.com



တော့ ...

"မပြောပါဘူး ... အဲ ... ပြောဖြစ်အောင် အခြေအနေတွေက မတွန်းပို့ဘူးဆိုရင်ပေါ့ ..."

ဝေယံ ရယ်မောရင်း ...

"ဟုတ်တယ် ... အခြေအနေပေါ်မူတည်တာပေါ့ကွာ ... ခုတော့ လက်ဖက်ရည်တစ်ယောက်တစ်ခွက်ပဲ မှာသောက်ထားတာဆိုတော့ ပြောရဆို နဲ့ ဆာတောင်ဆာလာပြီ၊ ချစ် ... ခေါက်ဆွဲသုပ်စားမှာမဟုတ်လား။ ကိုယ်မှာ ပေးမယ်လေ ... တမန် ငါမှာလိုက်တော့မယ်နော်"

မင်းဟာန်ကလည်း အားကျမခံ။

"ငါကတော့ ထမင်းကြော်ဟေ့ ... ကြက်ဥမကျက်တကျက်ကြော်နဲ့"

တိမ်တမန်ကတော့ ... အနှစ်တစ်ထောင် ဂျင်ဆင်းအားဆေးလိုအ နေသည့် အသံပျော့လေးဖြင့် ...

"အေးပါကွာ ... မျိုကြ ... အဲ ... စားကြပါ၊ ဒီတစ်ခေါက် အ ပြန်တာ ငါ့အမေက ငါ့ကို အသုံးစရိတ် ပိုပိုသာသာပေးလိုက်ပါတယ်။"

ထိုနေ့က လက်ဖက်ရည်ဆိုင်မှထွက်ပြီး အိမ်မှမှာလိုက်သည့် ပွဲရုံ များ လုပ်စရာရှိတာလုပ်၊ ညနေအိမ်ပြန်၊ အိပ်ရာဝင်ချိန်ကျမှ ပန်းဝတ် ပြောခဲ့သည်များကို ပြန်ကြားယောင်လာသည်။ မိုးစက်လင်းချို၏ ဖြစ်နိုင်ခြေ ခံစားချက်သဘောကိုလည်း တွေးတောမိသည်။

"မိုးစက်က သူ့အမေကိုတော့ တော်တော်ချစ်တာ၊ ဘယ်သူ ဘာပြောပြော သူ့အမေပြောစကားတစ်ခွန်းပဲ၊ သူငယ်ငယ်က သူတို့မိသား အတွင်းပြဿနာတစ်ချို့ကြောင့် သူ့အမေ ခံစားခဲ့ရတာတွေကို မခံချင်စိတ် တွဲပြီး သူ့ရင်မှာစွဲနေအောင် ခံစားခဲ့ရတယ်တဲ့၊ ဒါကြောင့် ... သူအရွယ်ရောက် လာတော့ ယောကျ်ားလေးတွေအပေါ် သူ့အမြင်က နည်းနည်းကြမ်းနေခဲ့တာ တဲ့၊ ဒီလိုနဲ့ မိန်းမဆိုးလေးလို ဖြစ်လာခဲ့တာပေါ့လေ၊ အထူးသဖြင့် ... မြင် ဘုန်းခန့်နဲ့တွေ့တော့ လွန်လွန်ကဲကဲ ခံစားမှုတွေကို အရင်းခံပြီး သူ့ကိုတံ

www.burmeseclassic.com



နိုပ်တဲ့အချိန်မှာ ကိုတမန်ကို ပြောပြတဲ့အချိန်ကျတော့ သူ့ကို ပန်းစားဘီလူးမ အဆင့်လောက်အထိ မြတ်ဘုန်းခန့် စွတ်စွဲပုတ်ခတ်ခဲ့တာ သူသိတယ်တဲ့"

ပန်းဝတ်လွှာက သူမစကားကို စိတ်ဝင်စားမှု ရှိမရှိ အားလုံးကို ဇွတ်ဝဲ အကဲခတ်လိုက်သေးသည်။ အားလုံး နားစိုက်နေမှန်း သေချာမှ ...

"တကယ်တော့ မြတ်ဘုန်းခန့်နဲ့လမ်းခွဲပြီး တိမ်တမန်နဲ့တွေ့ဆုံခဲ့ရတာ ကြောင့် သူ့ဘဝမှာ စိတ်လှုပ်ရှားစရာအကောင်းဆုံး အချိန်ပိုင်းကို ဖြတ်သန်း ရသလို ဖြစ်သွားတယ်တဲ့၊ မြတ်ဘုန်းခန့်စကားတွေကလည်း သူ့ဘဝကိုအထိနာ စေခဲ့တယ်တဲ့၊ ကိုတမန်နဲ့ပတ်သက်လို့ သူ့အရင်က တွဲခဲ့တဲ့ယောကျ်ားလေးတွေ လို ခံစားချက်မျိုး မဟုတ်တာတော့ သေချာတယ်တဲ့၊ ဘယ်လိုအတိုင်းအတာ ရှိတယ်၊ သူ့ရင်ကို ဘယ်လောက်ထိတယ်ဆိုတာတော့ မပြောပြဘူး"

"အရင်ထုံးစံတွေအရ ... ပြီးတော့ ... အရင်ခံစားမှုမျိုးအရဆိုရင် သူ့အနေနဲ့ အမုန်းကြေငြာပွဲ လုပ်ကိုလုပ်ရတော့မှာတဲ့၊ ဒါပေမဲ့ ... ကိုတမန် ကိုကျတော့ သူကိုယ်တိုင်က အဲ့ဒီလိုမျိုးမလုပ်နိုင်၊ မလုပ်ရက် ဖြစ်နေတယ်တဲ့၊ အစ်ဖက်ကလည်း သူမရဲ့ရင်ထဲက နက်ရှိုင်းတဲ့ခံစားချက်ကို ကိုတမန်က လစ် လျူရှုခဲ့၊ လှောင်ပြောင်သရော်ခဲ့သလို ခံစားရတယ်တဲ့၊ ပြီးတော့ ကိုတမန်ကို လည်း သဘောထားမတည်ကြည်၊ ဖောက်ပြန်ပြောင်းလဲတတ်သူလို့ တစ်ခါတစ်ခါ မြင်နေမိတယ်တဲ့၊ ဒါပေမဲ့ ... ဘယ်လိုပဲ အပြစ်တွေမြင်ပြီး မာန်တင်းပေမယ့် သူ ... ကိုတမန်ကို မျက်နှာချင်းမဆိုင်ရဲဘူးဖြစ်နေတယ်၊ အဲဒါ ... ကိုတမန် ကိုဖြစ်ဖြစ်၊ ပတ်ဝန်းကျင်ကိုဖြစ်ဖြစ် သူကြောက်နေတာမဟုတ်ဘူးတဲ့၊ သူ့ကိုယ် သူ သူ့စိတ်သူကြောက်နေတာတဲ့ ... ဆက်ပြီး မာန်မတင်းနိုင်တော့မှာကို စိုး ကြောက်နေတာတဲ့"

"ဒီအတိုင်းပဲ စိတ်လျှော့လိုက်ဖို့ဆိုတော့လည်း သူ့ရဲ့အရှုံးစွဲ တင်းမာနေ တဲ့မာနက လက်မခံချင်ဖြစ်နေလို့ ကိုတမန်ကိုသာမကဘဲ၊ သူ့ကိုယ်သူလည်း ဒေါစက်နေမိသလို ခံစားရတယ်တဲ့ ... အခု သူ့ကိုမြင်ရပြန်တော့ ... ဆိုပြီး ခုံတာကနေ ကိုတမန်ကို စူးစူးစိုက်စိုက်ကြည့်နေပြီး၊ ဘာမှဆက်မပြောတော့ ဘဲ မျက်ရည်တွေပဲ တတွေတွေကျလာတယ်၊ မိုးစက်နဲ့ပေါင်းလာတဲ့တစ်လျှောက် လုံး သူမျက်ရည်ကျတာ ဒီတစ်ခါပဲ ဝတ်လွှာမြင်ဖူးတယ်၊ အဲဒီတော့မှ ဝတ်လွှာ လည်းဝင်ပြောလိုက်တယ်၊ တကယ်တမ်း ဒီကိစ္စနှိပ်စက်နေတာ နင့်ကိုယ်ကိုယ်ကံ

www.burmeseclassic.com



ဖွင့်မှန်တောက်တည်းကိုမတုတ်တဲ့ ဝတ်လွှာအပါအဝင် ကိုတမန်သူငယ်ချင်းတွေ ပါ ဖါခင်နေလို့ဖြစ်နိုင်မယ်ဆိုရင် အားလုံးစိတ်ချမ်းသာရအောင် စဉ်းစားဆုံးဖြတ် ပေးချင်ကြောင်းပေါ့"

"သူ ဘာမှပြန်မပြောဘဲ ငြိမ်ပြီးစဉ်းစားနေတာ အကြာကြီးပဲ၊ နောက် မှ ကိုတမန်နဲ့စတွေ့တုန်းက ကိစ္စတွေ၊ သီချင်းတိုက်ကြ၊ ပျော်ကြရတဲ့အကြောင်း တွေ အကြာကြီး ထိုင်နောက်ကြောင်းပြန်နေသေးတယ်၊ နောက်စကား ခဏ အပြတ်မှာပဲ တော်ပြီဟာ ပြန်တော့မယ်ဆိုပြီး ဆတ်ခနဲ ထပြန်သွားတာပဲ၊ မိုးစက်လင်းချို့ရဲ့စိတ်ကတော့ တော်တော်မာ၊ တော်တော်ပြတ်တာ၊ ဦးနောက် က သွက်သလို စိတ်ကလည်းထက်သလားမမေးနဲ့"

ပန်းဝတ်လွှာ စကားရပ်ပြီး ခဏကြာသည်အထိ တစ်ဦးမှအသံမထွက် ကြ၊ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေကြသည်။ ထိုအခြေအနေကို အေးမင်း ဟန် အသံက လှုပ်နိုးလိုက်သည်။

"အဲဒီတော့ ငါတို့သုံးယောက် စဉ်းစားမိကြတာကကွာ ... မင်းအတွက် အခြေအနေ သိပ်မဆိုးလောက်တော့ဘူးလို့"

တိမ်တမန်ကတော့ ခပ်လေးလေးအသံဖြင့်သာ မှတ်ချက်ချမိသည်။

"အချိန်အတိုင်းအတာတစ်ခုတော့ လိုဦးမှာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၀)

မကြာမီ ရောက်လာတော့မည့် သင်္ကြန်အတွက် ကြိုတင်တီးဝိုင်းတိုက်ထားရန် လူစုမိကြပြန်သည်။ သီချင်းအသစ်များ ရွေးချယ်သတ်မှတ်ရန်နှင့် သီဆိုမည့်သူများ ရွေးချယ်သတ်မှတ်ရန် အစည်းအဝေးသဘောမျိုး စုထိုင်ကြသည်။

လေးရက်စာ အစီအစဉ်ကို အားလုံးသဘောတူရွေးချယ်ပြီးသည့်အချိန်တွင် သူတို့ အတီးသမားအုပ်စုမှလွဲ၍ ကျန်လူများ ထပြန်ကြသည်။ ထိုအခါမှ အေးမင်းဟန်က ...

"ဒီနှစ်သင်္ကြန်ဝိုင်းအတွက် တမန်ရဲ့သီချင်းလေးပုဒ်ကို ဘယ်သူ့ဆိုခိုင်းကြမလဲ"

"မိုးစက်လင်းချိုကိုပဲ ဆိုခိုင်းရမှာပေါ့"

"လာဆိုပါ့မလား"

မင်းဟန်နှင့်ဝေယံတို့ စကားဝိုင်းကို ဝိုင်းခေါင်းဆောင်ကပါဝင်ပြောသည်။

"တမန်နဲ့ကိစ္စက တစ်ကဏ္ဍပါကွာ၊ အဲဒီကောင်မလေး လာဆိုမှာပါ။ သူ့ရဲ့မူပိုင်သီချင်းတွေလိုဖြစ်နေတာပဲ၊ တခြားလူကို ဆိုစေချင်မှာမဟုတ်မိဘူး နောက်ပြီး ... သူ့ရဲ့ဆိုဟန်ဆိုပေါက်နဲ့ ငါတို့ဝိုင်းနဲ့ကလည်း အတီးအကျ လိုက်ဖက်ပြီးသား။ ဒီထက်အဆင်ပြေတဲ့ အခြေအနေ ဘယ်မှာရှိမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



တိမ်တမန်က ဘာမှဝင်မဝေဖန်၊ ဂစ်တာလက်ကွက်စမ်းရင်း နား ထောင်နေသည်။ အေးမင်းဟန်က ပိုင်းခေါင်းဆောင်ကိုကြည့်ပြီး မသိမသာခေါင်း ရမ်းကာ ...

"မိုးစက်လင်းချိုကို ပိုင်းခေါင်းဆောင် ဘယ်လိုမြင်လဲ"

"မိန်းမတစ်ယောက်လို့ မြင်တယ်"

"ဟိုက်ရှားပါးလို့ အော်လိုက်ရတော့မယ်ထင်တယ်၊ ကာလီ ဒေါ်သ တောင် လက်ဖျားခါရတဲ့ ပညာရှင်ကြီးပါလား"

"မင်းက ... ဘာကိုမေးချင်တာလဲ"

"မိန်းမတွေ အများကြီးထဲက ဘယ်အမျိုးအစားဖြစ်မလဲလို့ မေးချင် တာ"

"အဲလိုရှင်းရှင်းမေးပါလားကွ ... ရုတ်တရက်ဆိုတော့ ပညာရှိသတိ ဖြစ်ခဲဆိုသလို ဖြစ်သွားတာပေါ့"

"အဲဒီပညာရှိသတိဖြစ်ခဲဆိုတဲ့ စကားကိုရော ပိုင်းခေါင်းဆောင် နား လည်ရဲ့လား"

"ငါက မင်းတို့ဆရာတင်ထားကြရတဲ့ ပိုင်းခေါင်းဆောင်ပါကွ၊ ငါ့များ ပညာစမ်းချင်နေသေးတယ်၊ မှတ်ထား ... ပညာရှိသတိဖြစ်ခဲဆိုတာ ပညာရှိ သတိလက်လွတ်ဖြစ်ရင် ခဲနဲ့အထုခံရမယ်လို့ ဆိုလိုတာကွ"

"ဝါး ဟား ဟား ဟား ... "

ပိုင်းအဖွဲ့သားများက မရယ်ချင်ဘဲ လုပ်ရယ်သံ၊ လှောင်ရယ်သံဖြင့် ပိုင်းရယ်ကြသည်။ ပိုင်းခေါင်းဆောင်က ရုပ်တည်ကြီးဖြင့် ပေစောင်းစောင်းကြည့် ရင်း ...

"ငါပြောတာ ဟုတ်တာပဲလေ ... ဘာမှားလို့လဲ"

"မှားတာပေါ့ဗျ ... ပညာရှိသတိဖြစ်ခဲဆိုတာ ကာလီဒါသဒုက္ခ ရောက်ခဲ့ရတာကိုပြောတာ၊ ဘုရင်မေးတဲ့မေးခွန်းကို အဖြေသိနေတဲ့ ကာလီဒါသ က သူ့မိန်းမရှေ့မှာ သတိလက်လွတ်ဖြစ်ပြီး အဖြေကို လွှတ်ခနဲပြောမိလိုက် တယ်၊ သူ့မိန်းမက အဲဒီအဖြေကို ဘုရင်ထံလျှောက်တင်လိုက်တော့ ဘုရင်က ကတိအတိုင်း ကာလီဒါသမိန်းမကို မိဖုရားမြှောက်လိုက်တယ်၊ အဲဒါကြောင့် ပညာရှိသတိဖြစ်ခဲလို့ ကာလီဒါသဆိုခဲ့တာကို အခုကာလအထိ ပြောနေကြတာ



www.burmeseclassic.com

www.burmeseclassic.com



ဗျ … ပေါက်လား …”

ဒါတောင် ဝိုင်းခေါင်းဆောင်ထံမှ အောက်ကလိအာသံ ထွက်လာသေးသည်။

“ဘယ်သိမလဲကွ … ငါက မင်းတို့လို မိဘပိုက်ဆံ လက်ဖြန့်သုံးနေတဲ့ကောင် မဟုတ်တော့ စီးပွားရှာရသေးတယ်လေ၊ အဲဒီတော့ … အားအားယားယား မင်းတို့လို စာအုပ်ပုံထဲ ခေါင်းနှစ်နေနိုင်တာမဟုတ်ဘူး။ သတင်းစာတောင် ရှေ့ဖုံး နောက်ဖုံး ခေါင်းကြီးနဲ့ ကျော်ကာပ်တစ်မျက်နှာလောက် ဖတ်နိုင်တာ”

“အောင်မယ် … အောင်မယ် … အောက်ရောက်နေတာတောင် မှတ်ပလားကွ အော်နေသေးတယ်၊ နောက်ပြီး … လူအထင်ကြီးအောင် ပြောမနေနဲ့၊ ဒီရုပ်ကြီးလား။ သတင်းစာခေါင်းကြီးဖတ်မှာ၊ ကြော်ငြာလောက် အပြင်းပြေလှန်ကြည့်မှာ အသိသာကြီး”

နောက်ဆုံးပိတ် ဝင်နှိပ်ကွပ်လိုက်သည့် ဝေယံစကားကြောင့် အားလုံးထပ်ဟားစရာအကွက်ရသွားတော့သည်။

ထိုအချိန်မှာပင် သူ့တို့၏ စတူဒီယို ဂိုထောင်ထဲသို့ လူရိပ်တစ်ရိပ်ဝင်လာသည်။ အားလုံးပြိုင်တူ လှည့်ကြည့်လိုက်မိရာ …

တိမ်တမန်အတွက် လုံးဝမမျှော်လင့်ထားသူ …

မကြိုဆိုချင်သူ …

မြတ်ဘုန်းခန့်။

မြတ်ဘုန်းခန့်က တိမ်တမန် အနီးသို့သာ တိုက်ရိုက်ချဉ်းကပ်လာသည်။ တိမ်တမန်မှလွဲ၍ ကျန်လူများမှာ မြတ်ဘုန်းခန့်နှင့် မြင်ဖူးကြားဖူးရုံ၊ မျက်မှန်းတန်းမိရုံမျှသာ။ မရင်းနှီးကြ။ သို့သော် …

ဝေယံက ပျာပျာသလဲ ထကြိုသည်။ ဝေယံအတွက်တော့ ကြော်ငြာမီယောက်ဖဝမ်းကွဲအဖြစ် အမျိုးတော်ရမည့်သူ ဖြစ်နေသည်ပဲ။

“ကိုဘုန်း … တစ်ယောက်တည်းလား၊ ဝတ်လွှာမပါဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



"ပါလာတယ် ... နောက်မှာ"

ဝေယံက တိမ်တမန်ဘက်လှည့်ကာ အဟီးဆို တစ်ချက်ရယ်ပြီး ...

"ဝတ်လွှာနဲ့ငါ ချစ်သူတွေဖြစ်ပြီးမှ ကိုဘုန်းနဲ့ငါ ရင်းနှီးသွားတယ်ကွာ ပြီးတော့ ... "

ဝေယံ စကားအဆုံးမှီ မြတ်ဘုန်းခန့်က ...

"ကိုတိမ်တမန်အပေါ် ကျွန်တော် ပြုမူမိခဲ့တာတွေ ပြန်တွေးမိပြီး ကိုယ့်ဘာသာကို ရှက်လည်းရှက်၊ ဒေါသလည်းထွက်နေတာနဲ့ အခု ကိုယ်တိုင် ကိုယ်ကျ လာတောင်းပန်တာပါ ... ရှေ့အပတ်ထဲမှာ ကျင်းပမယ့် ကျွန်တော် နဲ့အဝေရာတို့ရဲ့ မင်္ဂလာပွဲအတွက် ဖိတ်စာလာပေးရင်းနဲ့ဆိုပါတော့"

ဖိတ်စာ လှမ်းပေးသဖြင့် တိမ်တမန် လက်ခံလိုက်ရသည်။

"အပိုပြောတာ မဟုတ်ပါဘူး၊ စိတ်အရင်းခံကိုက ခင်မင်လေးစား ကြည်ဖြူမှုနဲ့ပါ"

တိမ်တမန်က နားလည်မှုဖြင့် ပြုံးပြလိုက်သည်။ မြတ်ဘုန်းခန့်က စကားဆက်သည်။

"ခုတော့ ... ခင်ဗျားအပေါ် လွန်ကျူးခဲ့သမျှအတွက် ခင်ဗျားသူငယ် ချင်းကို ယောက်ဖဝမ်းကွဲတော်စပ်ခြင်းနဲ့ ပေးဆပ်လိုက်တယ်ဆိုပါတော့ဗျာ"

နောက်ပြောင်ရယ်မောပြောဆိုနေသဖြင့် တိမ်တမန်ကပါ ...

"ရပါတယ်ဗျာ ... ခင်ဗျားအပေါ် ကျွန်တော် ခွင့်လွှတ်ခဲ့ပြီးသားပါ"

စကားပြန်ဆို၍ မတ်တတ်ရပ်ကာ မြတ်ဘုန်းခန့်ကို လက်ဆွဲနှုတ်ဆက် လိုက်သည်။ ထိုအခိုက် အတန့်လေးတွင် ...

မြတ်ဘုန်းခန့်၏ ညာဘက်လက် ရုတ်တရက် လှုပ်ရှားသွားပြီး ...

တိမ်တမန်၏ ဝမ်းဗိုက်ဆီသို့ လက်ခနဲ အရာတစ်ခုပြေးဝင်လာ ရာ ...

တိမ်တမန် ဆတ်ခနဲ ယိမ်းနွဲ့ရှောင်လိုက်သော်လည်း ...

အနီးကပ်မို့ မလွတ်သာဘဲ ဝမ်းဗိုက်ဘေးနားကို ထိုးမိသွားသည် မြတ်ဘုန်းခန့်၏ အနီးကပ် အပိုင်လုပ်ကြံမှုဖြစ်သည်။

ဓါးဒဏ်ရာဖြင့် တိမ်တမန်နောက်ဆုတ် ... နောက်ဆုတ်ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ အားလုံး ကြောင်ကြည့်နေကြရာမှ ဝေယံက ...

"ကိုဘုန်း ... ခင် ... ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ"

"ငါ့အပေါ် ကွက်ကျော်ရိုက်သွားတယ်ထင်လို့ ဆုံးမလိုက်တာကွ"

အေးမင်းဟန်က မြတ်ဘုန်းခန့်၏ ဓားကိုင်ထားသည့် လက်ကောက်ဝတ်ကို ခုန်ကန်လိုက်သည်။ ကန်ချက်ကြောင့် ဓားလွတ်ကျသွားစဉ် ဘယ်ညာ လက်သီးတွဲလုံးများကို အမုန်းကျွေးတော့သည်။

ကျန်အဖွဲ့သားများလည်း မနေသာ။ ပိုင်းဆွဲကြ ဖျန်ဖြေကြနှင့် စတီဒီယိုထဲတွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

အချိုသတ်ပြီး အသက်ကို ရန်ရှာသည်အထိ မိုက်လုံးကြီးသည့် မြတ်ဘုန်းခန့်ကို အံ့သြရသည်။ သို့သော်လည်း ... မြတ်ဘုန်းခန့်ကို ပိုင်းသမနေကြရာ လက်လွန်ကုန်မည်စိုးသဖြင့် မိမိအဖွဲ့သားများအား တိမ်တမန်ပင် ဒဏ်ရာကိုလက်နှင့်ပိတ်ရင်း လိုက်လံအော်ဟစ်တားမြစ်ရသည်။ ထို့ကြောင့် ...

လှုပ်ရှားမှုအရှိန်နှင့် သွေးတွေ မြင်မကောင်းအောင် စို့ရွဲကုန်သည်။ လက်နှင့်ပိတ်ထားသည့်ကြားမှ သွေးတွေ ထပ်ထွက်လာသည်။

တိမ်တမန် မျက်လုံးများ ပြာဝေယိုင်ထိုးနေချိန်တွင် ဝေယံက အော်ဟစ်ကာ ပြေးပွေ့လိုက်ရသည်။

❖

မြတ်ဘုန်းခန့်ကို သက်ဆိုင်ရာမှ အရေးယူသော်လည်း သံသရာမရှည်ချင်သည့် တိမ်တမန်က ကျေအေးပေးလိုက်သည်။ အချိန်မကြာဘဲ ပြေလည်မှုရသွားသည်။ မြတ်ဘုန်းခန့်၏ လူကြီးမိဘများကိုယ်တိုင် လိုက်လိုက်လဲ့လဲ့လာရောက်တောင်းပန်ကြသည်။ ပြေလည်မှုနှင့်အတူ နောင်တရသွားသည့် မြတ်ဘုန်းခန့်မှာလည်း အဝေရာနှင့် မင်္ဂလာပွဲ ဆင်နွှဲရန်ကိုသာ အာရုံစိုက်ပြီး ပြင်ဆင်တော့သည်။ တိမ်တမန်မှာသာ ...

ဓားဒဏ်ရာကြောင့် ဖေဆးရုံသုံးရက်ခန့် တက်လိုက်ရသည်။ ထူးခြားသည်မှာ ...

ပထမနေ့ သူသတိမေ့နေသည့်အချိန်အတွင်း ခုတင်ဘေးရှိ စားပွဲ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် အဖြူရောင်နှင်းဆီလေးတစ်ပွင့် လာတင်သွားသည်ကို မည်သူမှမသိ လိုက်ကြ။ ပန်း၏အရိုးတန်တွင် တွဲလျက်ပါလာသည့်ကတ်ပြားလေးတွင် ...

"အမြန်ပြန်ကောင်းစေရန် ဆုတောင်းပန်၏ . . . "

ဆိုသည့် စာတန်းလေးရေးထားသည်။ အောက်တွင် လက်မှတ်မပါ၊ နာမည်မပါ၊ ပဟေဠိလုပ်သွားသည့် လက်ရေးကိုလည်း တိမ်တမန် အပါအဝင် မည်သူမျှ မမှတ်မိကြ။

ဒုတိယနေ့တွင်လည်း မည်သူမျှ မသိလိုက်မိ။ နှင်းဆီးပွင့်လေးရောက် နေခဲ့ပြန်သည်။ တိမ်တမန်ကိုယ်တိုင် သတိပြန်ရနေပြီဖြစ်သော်လည်း ဘယ် အချိန် ပန်းကိုလာတင်သွားမှန်း မသိလိုက်။ ကတ်ပြားလေးပေါ်တွင် တော့ ...

"အရှုပ်အထွေး အကွေ့အကောက်များရဲ့ ကမ္ဘာက ပြန်လည်ကြိုဆိုပါတယ်" ဟုသာ ရေးထားသည်။

တတိယနေ့တွင်တော့ အတန်အသင့် သက်သာနေပြီမို့ လူနာစောင့်ရော လူနာပါ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြရာ အဖြူရောင်နှင်းဆီပွင့်ကို လူနာ ၏ရင်ဘတ်ပေါ်အထိ လာတင်သွားခဲ့သည်ကို မည်သူမှ မသိလိုက်ကြ။

ယခုတစ်ကြိမ် ကတ်ပြားပေါ်တွင် ရေးထားသည်မှာတော့ ...

May all your dreams come true ...

မင်းဟန်နှင့်ဝေယံတို့က ထိုပဟေဠိကို အဖြေညှိရန် ဆေးရုံဝန်ထမ်း များနှင့် ပူးပေါင်းကြံစည်ကြသေးသည်။ နောက်ဆုံး ... ဆေးရုံမှသာ ဆင်း ရသည် အဖြေကတော့ မရခဲ့။

ဆေးရုံတွင် ဝိုင်းအဖွဲ့သားများအပြင် မိတ်ဆွေသူငယ်ချင်းအားလုံး လာရောက်အားပေးသတင်းမေးကြသည်။ မိုးစက်လင်းချိုတို့ သင်္ကြန်ယိမ်းအဖွဲ့ မှ ယိမ်းသမလေးများပင် လာမေးကြသည်။ သို့သော် ...

မိုးစက်လင်းချို တစ်ယောက်ကတော့ လုံးဝ ... လုံးဝမရောက်လာ ခဲ့ပါ။

ထိုအကြောင်းတရား၏အဖြေကို ဆေးရုံဆင်းပြီးနောက် တစ်နေ့တွင် ဝေယံနှင့်အတူ အိမ်ကိုရောက်လာသည့် ပန်းဝတ်လွှာပြောပြမှ သဘောပေါက် တော့သည်။

---



www.burmeseclassic.com

www.burmeseclassic.com



"ကိုတမန် ဆေးရုံတက်လိုက်ရတဲ့အဆင့်အထိ ပြဿနာတွေရှုပ်သွား လို့ နှမ့်ဆို ... အခုအချိန်လောက်မှာ ကိုတမန်နဲ့မိုးစက်တို့ အဆင်ပြေနေ လောက်ပြီ"

ဝေယံကပင် ...

"မင်းဟာကလည်း ... ပြောပြန်ပြီတစ်ခါ ... "

"အဟုတ်ပြောတာ ကိုဝေရဲ့ ... ဒီလို ... ပြီးခဲ့တဲ့တစ်ပတ်ကျော် က မိုးစက်နဲ့တွေ့တယ် ... အဲဒီတုန်းက ... "

တနင်္ဂနွေတစ်ရက်တွင် မိုးစက်လင်းချို အိမ်သို့ ပန်းဝတ်လွှာရောက် သွားသည်။

"လာ သူငယ်ချင်း ... ငါလည်း စကားပြောဖော်မရှိလို့ ပျင်းနေတာ နဲ့ အတော်ပဲ၊ ရှင့်ကို လက်ဖက်သုပ်ကျွေးမယ်"

မိုးစက်လင်းချိုက တံခါးဖွင့်ကြိုဆိုရင်း လက်ဖက်သုပ်ရန် တန်းပြင်ဆင် သည်။ မိန်းကလေးများဆုံမိလျှင် ထုံးစံအတိုင်း ဂီတအကြောင်း၊ ရုပ်ရှင် အကြောင်း၊ ဖက်ရှင်များအကြောင်း ပြောကြရာမှ ပန်းဝတ်လွှာက တိမ်တမန် နှင့်ဆက်နွယ်ရာကို ဦးတည်ပြောသည်။

"ဘာလိုလိုနဲ့ သင်္ကြန်တောင် နီးလာပြန်ပြီနော်၊ နင် ဘယ်စင်မှာဆိုဖို့ ဘာဖို့ စိတ်ကူးထားလဲ"

"မြို့နယ်မဏ္ဍပ်မှာတော့ ထုံးစံအတိုင်း ဆိုရကရမှာပေါ့ဟယ်၊ ကျန်တဲ့ မဏ္ဍပ်တွေကတော့ အခြေအနေအရ ဖိတ်ခေါ်တဲ့အပေါ် မူတည်တာပေါ့"

"ငါစိတ်ကူးထားတာတစ်ခုရှိတယ်ဟ ... ငါတို့ မြို့နယ်ဖျော်ဖြေရေး မဏ္ဍပ်မှာ ကိုဝေတို့အဖွဲ့နဲ့ တို့အဖွဲ့ ဆုံစည်းဖျော်ဖြေရရင် ကောင်းမယ်၊ နင် သဘောတူရင် ကိုဝေကိုလည်း သူ့အဖွဲ့တွေနဲ့ ညှိခိုင်းမလို့"

"မိန်းမ ... ရှင့်ချစ်ချစ်ကြီးနဲ့ တတွဲတွဲ ပျော်ချင်တာမဟုတ်လား"

ပန်းဝတ်လွှာက အရှက်ပြေ ရယ်မောရင်း ...

"ဒါပေါ့ဟ ... မဟုတ်လည်း သူ ငါ့မဏ္ဍပ်လာမှာပဲ၊ ငါလည်း



www.burmeseclassic.com

www.burmeseclassic.com



[illegible]တာနဲ့ သူ့မဏ္ဍပ်ကိုသွားမိမှာပဲ"

"နင်ဆိုလိုတာက အပြန်အလှန်သဘောနဲ့ ငါလည်း သူတို့မဏ္ဍပ်မှာ သွားဖျော်ဖြေပေးရဦးမှာပေါ့"

"အေးပေါ့ ... ဒါမှ မျှတ ... "

ပန်းဝတ်လွှာက စကားကိုဆုံးအောင်မပြောဘဲ မိုးစက်၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်သည်။ မိုးစက်ကတော့ လေသံအေးအေးလေးနှင့်ပင်။

"ဆက်ပြောပါဟယ် ... ငါသဘောတူပါတယ်၊ ငါလည်း အစစအရာ ရာကို သဘောပေါက်နေပါပြီ၊ နောက်ပြီး ... ဒီသင်္ကြန်မှာ သူငါ့အတွက်ရေး ပေးခဲ့ပြီး၊ ငါအသံသွင်းခဲ့တဲ့ သီချင်းတွေကို စင်ပေါ်မှာ ငါကိုယ်တိုင်ပဲဆိုရရင် ကောင်းမလားလို့ ... အဓိကက ကိုယ့်သီချင်းကို သူများမဆိုစေချင်တာပေါ့။ ပြီးတော့ ... နင်တို့အားလုံးကိုလည်း နှစ်သစ်ကူးပွဲမှာ ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲကြစေချင်လို့ ... "

သူမဘာသာပြောရင်း ရှက်နေလို့ စကားလုံးတွေ လေးလံနေသည့် မိုးစက်ကို ဝတ်လွှာက စလိုက်သေးသည်။

"အောင်မာ ... ရှင်ကိုယ်တိုင်လည်း ပျော်ချင်တာ မဟုတ်လား"

တဆက်တည်း စိတ်ပြောင်းသွားမှာစိုးသဖြင့် ပုံမှန်လေသံနှင့်ချက်ချင်း ပြန်ချော့ရသည်။

"အလကား ... နောက်တာပါ သူငယ်ချင်းရယ် ... နင့်သီချင်းပဲ နင်ပဲဆိုရမှာပေါ့၊ နောက်ပြီး ... ရေးတဲ့သူကလည်း အဲ ... ဘယ်လိုပဲဖြစ် ဖြစ် ကိုတာမန်ကြီးတော့ ပျော်သွားမှာသေချာတယ်"

"ဟဲ့ ... နင့်ဘဲဘဲကြီးနဲ့တွေ့လို့ အာမချောင်နဲ့ဦးနော် ... ငါအပါ အဝင် အားလုံးဆုံမိမှ ငါကိုယ်တိုင်ပဲ ပြောတော့မယ်"

❀

ပန်းဝတ်လွှာ၏စကား ခဏအပြတ်တွင် ဝေယံက အတင်းဖြတ်ပြော သည်။

"ဒါနဲ့တောင် မင်းသူငယ်ချင်းက ဆေးရုံတစ်ခေါက် လာဖော်မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဝေလိုပဲ ဝတ်လွှာလည်း မကျေနပ်လို့ မနေ့က မိုးစက်ဆီ ဖုန်းဆက်လိုက်သေးတယ်၊ အဲဒီတော့မှ သူမလာတဲ့အကြောင်း သိရတာ"

"ပြောပါဦး ... ဘာဖြစ်ရပြန်တာတဲ့လဲ"

"မလာတဲ့အကြောင်း မဟုတ်ဘူး ... လာတဲ့အကြောင်းလို့ပြောမှ မှန်မယ်ထင်တယ် ... မနေ့က ဖုန်းထဲမှာ ရှိုက်သံတစ်စက်နဲ့ မိုးစက်ပြောတာကတော့ ... သူ့အနေနဲ့ ကိုဝေတို့အသိုင်းအဝိုင်းရှေ့ကို အထူးသဖြင့် ကိုတမန်ရှေ့မှောက်ကို ပေါ်တင်ရောက်လာဖို့ တော်တော်အချိန်ယူ အားမွေးရတော့မှာတဲ့ ... ဒါပေမဲ့ ... ကိုတမန်မျက်နှာကို ခဏလေးပဲဖြစ်ဖြစ် တွေ့ချင်မြင်ချင်စိတ်ကို ဘယ်လိုမှထိန်းချုပ်လို့မရလို့ အားလုံးမသိအောင် ကိုတမန် ဆေးရုံခန်းကို သူနေ့တိုင်းရောက်ဖြစ်တယ်တဲ့ ... အဲဒါ ... နှင်းဆီဖြူဖြူလေးသုံးပွင့် သက်သေရှိပါတယ်တဲ့"

အားလုံးစိတ်ဝင်တစား ငြိမ်ပြီးဝိုင်းနားထောင်နေကြရာမှ ဝတ်လွှာ စကားခဏအရပ်တွင် ပို၍တိတ်ဆိတ်သွားသည်။

ခံစားချက်ပျင်းပျစွာဖြင့် အားလုံးငြိမ်တိတ်နေသည့် အခြေအနေကို ဝိုင်းခေါင်းဆောင်၏ မှတ်ချက်ပြုသံ အသံလေးလေးကြီးက ဖြိုခွင်းလိုက်သည်။

"အဲဒီလိုမျိုးဆိုတော့လည်း မိုးစက်လင်းချိုက သနားစရာပါကွာ"

"အေးဗျာ ... "

ဝေယံ၏ ထောက်ခံသံကို အေးမင်းဟန်က ဝင်နောက်ရင်း စကားဝိုင်းကိုပြန်သွက်လက်စေလိုက်သည်။

"ဘာခုမှ အေးဗျာလဲ ... နောက်ဆုံးနေ့က လူနာစောင့် မင်းပါ အိပ်ပျော်နေတာလေ ... မိုးစက်လင်းချို တစ်ယောက်လုံး အခန်းထဲရောက်ခဲ့တာမသိဘူး ... လူနာကလည်း အိပ်လိုက်တာ ရင်ဘတ်ပေါ် ပန်းတင်သွားတာတောင်မသိဘူး ... ဟိုက နဖူးကို One Kiss တောင် ပေးသွားသေးလားမသိဘူး၊ ဝေယံ ... တမန့်နဖူးကို စစ်ကြည့်စမ်း၊ နှုတ်ခမ်းနီရာလေးများ ရှိလိုက်ြား ... "

အခုမှပဲ ရယ်သံတချို့ ထွက်လာနိုင်တော့သည်။ ပြီးမှ ... အေးမင်းဟန်ကပင် ...

"ဒါနဲ့ ... မိုးစက် အဲဒီလို ပေါ်တင်မလာနိုင်တဲ့အကြောင်းရင်းက



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ"

"အဲဒီအကြောင်းကို ခုနကတည်းက ဝတ်လွှာ ဆက်ပြောမလို့လေ အားလုံး ဖီလင်တွေစွတ်တက်ပြီး ဝင်ပွားနေကြတာနဲ့ ပြောခွင့်မှမသာတာ"

"အေးပါကွာ ... အခုပြောလို့ရပါပြီ၊ ခုနတုန်းကတော့ မင်းသည်း မျက်ရည်လေး စမ်းစမ်း စမ်းစမ်းဖြစ်နေပြီးတော့များ"

ပန်းဝတ်လွှာက ရှက်ရမ်းရမ်းပြီး ဝေယံ့ပခုံးစွန်းကို လှမ်းထုလိုက်သေး သည်။

"ဝတ်လွှာနဲ့မိုးစက် နောက်ဆုံး ဆုံးပြီးတဲ့နောက်တစ်ရက်မှာပဲ မြတ် ဘုန်းခန့်က မိုးစက်ကို ကိုယ်တိုင်တွေ့ဆုံပြီး အရင်အတိုင်း ပြန်ဖြစ်ခွင့်ရ အရေးဆိုသေးတယ်တဲ့၊ မိုးစက်ကလည်း အသည်းအသန် ငြင်းတာပေါ့၊ နောက် ဆုံး ဘယ်လိုမှငြင်းမနိုင်အောင် ကပ်ပြီး ရစ်နေတော့တာနဲ့ မိုးစက်က သူ ကိုတမန်နဲ့မကြာခင် လက်ထပ်တော့မှာဖြစ်ကြောင်း လုပ်ကြံပြောလိုက်မိတယ်တဲ့ အဲဒီမှာ မြတ်ဘုန်းခန့်တစ်ယောက် မနာလိုဝန်တိုစိတ်က ငယ်ထိပ်တက်ဆော ပြီး မလုပ်သင့်တာတွေ လာလုပ်မိတဲ့ အဆင့်ဖြစ်ကုန်တာနေမှာပေါ့ ... အဲ အကြောင်းတွေကို ဝတ်လွှာ ကြိုသိခဲ့ရင်လည်း ကိုဘုန်းမိဘတွေကို တိုင်ပြော တားမြစ်ရင် ကိုတမန် ဒီအဆင့်ထိ ဖြစ်စရာမရှိဘူးပေါ့"

"အဲဒါကြောင့် မိုးစက်က ခုလိုကိုတမန် ခံရတဲ့ကိစ္စမှာ သူက အဓိ တရားခံလိုဖြစ်ခဲ့ရလို့ ဝတ်လွှာနဲ့တိုင်ပင်ခဲ့တဲ့ကိစ္စကို လုပ်ဖို့ဝေးရော ... ဘက်ကို ခြေဦးတောင်မလှည့်ရဲတော့တာ၊ နောက်ဆုံး ... သူ့ရင်ထဲက ပျ လွန်းတဲ့ ဆန္ဒကိုတောင် ခိုးကြောင်ခိုးဝှက် ခံစားရင်ဖွင့်ခဲ့ရတဲ့ဘဝ ရောက်ခဲ့ တာတဲ့"

ဒီတစ်ခါလည်း ခဏတာ တိတ်ဆိတ်သွားသည့် စကားဝိုင်းကို ဝိုင်း ခေါင်းဆောင်ကပင် လူကြီးစကားပြောရင်း ဝင်ထိန်းသည်။

"အေးပေါ့ကွာ ... ခုတော့ မြတ်ဘုန်းခန့်လည်း အဝေရာနဲ့နော အပတ်ထဲမှာ မင်္ဂလာဆောင်ဖို့ သေချာသွားပြီပဲ၊ အားလုံးရှင်းလင်းသွားပြီ မှတ်လိုက်တော့ပေါ့၊ တမန်ကလည်း လက်ရောက်ပြုသူ မြတ်ဘုန်းခန့်ကိုတော ခွင့်လွှတ်ခဲ့ရသေးတာပဲ၊ မထင်မှတ်ဘဲ စကားများမိတဲ့ မိုးစက်လေးချိုအပေ သဘောထားကြီးလက်စနဲ့ ဆက်ပြီးစိတ်ရှည်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"အခုဒီမှာရှိနေတဲ့ လူအားလုံးလည်း ကျွန်တော့်အကြောင်းသိနေကြတာပဲဗျာ ... ကျွန်တော်က ပထမသော မိုးစက်ကိုရှောင်ဖို့ကြိုးစားခဲ့မိတာ၊ နောက်ပိုင်း ကျွန်တော်ဆုံဖို့ ကြိုးစားသမျှ သူ့ဘက်ကရှောင်ခဲ့တာချည်းပဲ၊ မနေ့ကအထိပဲဆိုပါတော့ ... ကျွန်တော်ကတော့ သူ့ပယောဂကြောင့် ဖြစ်ခဲ့ရတာမပြောနဲ့ သူ(မိုးစက်)ကိုယ်တိုင် မြတ်ဘုန်းခန့်လုပ်သလို ကျွန်တော့်ရင်ကို ဓါးနဲ့ထိုးဖို့ ကြိုးစားခဲ့ရင် မြတ်ဘုန်းခန့်နဲ့တုန်းကလိုတောင် ရှောင်ပြစ်မိမှာမဟုတ်ဘူး၊ ရင်ကိုသာ ကော့ပေးလိုက်မိမှာ ... ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် လှုပ်လှုပ်ရှားရှားလုပ်မိတာနဲ့ သူကိုင်ထားတဲ့ဓားနဲ့ပဲ သူ့ကိုယ်ကို ထိခိုက်မိမှာစိုးလို့"

အားလုံးက ငြိမ်သက်ခြင်းဖြင့် တိမ်တမန့်စကားကို ထောက်ခံကြသည်။

ချစ်သူချင်းဆိုတာ သာတယ် နာတယ် တွက်နေဖို့မှ မဟုတ်တာ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"တိမ်တမန်ကတော့ ဘေးကထိုင်ပြီး စောင့်ကြည့်၊ နားထောင် လိုအပ်ရင် အကြံဉာဏ်ပေးပေါ့ကွာ၊ အဆိုရှင်အသစ်တွေကို ငါတို့ပဲ သီချင်းတက်ပေး လိုက်မယ်၊ နောက် ငါးရက်လောက်နေလို့ မင်းအနာကျက်သွားတော့မှ ဂစ်တာ စကိုင်တော့ ..."

ဝိုင်းခေါင်းဆောင် အပြောကို တိမ်တမန်က ခေါင်းညိတ်ပြရင်း ...

"ရပါတယ်ဗျာ ... ဂစ်တာမတီးနိုင်ပေမယ့် ကျွန်တော်တို့အဖွဲ့မှာ ဘယ်တုန်းကမှမရှိခဲ့တဲ့ Stage Manager တာဝန်ကိုယူပေးမယ်၊ လောလောဆယ် သီချင်းနဲ့ဆိုမယ့်သူ သတ်မှတ်ထားတဲ့ စာရင်းပေး"

သကြိန်လေးရက်အတွက် ဖျော်ဖြေရေး အစီအစဉ်ဇယားတွင် တိမ်တမန်ရေးခဲ့သည့် သီချင်းလေးပုဒ်လုံး ပါနေသည်။ ဖျော်ဖြေသီဆိုမည့်သူနေရာ တွင်သာ ကွက်လပ်ဖြစ်နေသည်။

ထိုကွက်လပ်နေရာကို စိုက်ကြည့်နေသည့် တိမ်တမန်ကို ဝိုင်းခေါင်း ဆောင်က သတိထားမိသွားပြီး ...

"တချို့သီချင်းတွေက ဆိုမယ့်လူကို မဆုံးဖြတ်ရသေးဘူးကွ၊ ဆိုချင် တဲ့လူကတော့များပါတယ်၊ ငါက သေသေချာချာစဉ်းစားပြီးမှ အစီစဉ်ချချင်လို့"

တိမ်တမန်က ဘာမှပြန်မပြောဖြစ်။ သူကတော့ မည်သူ့ကိုဆိုစေချင် မှန်း အားလုံး ဘစ်ဖွဲ့လုံးသိကြသည်။ သို့သော်လည်း ... ဘယကံရှင် သူ

www.burmeseclassic.com



စချင်သူက ရှောင်ဖယ်စရာအကြောင်းတွေ ထပ်ခါ ထပ်ခါပေါ်ပြီး မကြင်နာ တမင်တကာ စိမ်းနေပြီမို့ ...

ခဏအကြာတွင် ရပ်ကွက်ထဲမှ လူကြီးလူငယ်များပါ ရောက်ရှိလာပြီး စင်တိုးဖို့ကိစ္စ၊ ခွင့်ပြုချက်တင်ရန်ကိစ္စများ ပြောဆိုဆွေးနွေးကြရာ မိုးစက်လင်းချို တမ်းချင်းအိပ်မက်မှ လန့်နိုးသွားရတော့သည်။

နေ့လည်ပိုင်းတွင် သီချင်းတိုက် ခဏနားပြီး ရပ်ကွက်ထဲမှ အလှူရှင်တစ်ဦးပေးပို့လာသည့် ခေါက်ဆွဲကြော်၊ ထမင်းကြော်ထုပ်များ ဖွင့်စားကြသည်။ ထိုအချိန်တွင် ပန်းဝတ်လွှာလည်း အချိန်ကိုက်ရောက်လာသည်။

"ဝတ်လွှာကိုတော့ ချီးကျူးတယ်ဟေ့ ... အချိန်ကိုက်ရောက်လာတတ်တယ်"

အေးမင်းဟန် လှမ်းစသည်ကို ဝေယံက မခံနိုင်။

"ဟေ့ကောင် ... အကြင်နာတရားမရှိတဲ့ကောင်၊ အဲဒါကြောင့် မင်းအထီးကျန် တစ်ကောင်ကြွက် တစ်မျက်နှာဖြစ်နေတာ၊ ငါ့သည်းလေးကို ငါခွဲတမ်းထဲက ကျွေးမယ်၊ လာ ... ချစ်လေး ... ကိုယ့်နားကိုလာထိုင်"

ဝေယံက အတင်းလက်ဆွဲထိုင်ခိုင်းပြီး ခေါက်ဆွဲကြော် အမျှင်တန်းကို အတင်းခွံ့ကျွေးနေသဖြင့် ပန်းဝတ်လွှာ ရှက်ကိုးရှက်ကန်းဖြစ်ကာ ဗိုက်ခေါက်လိမ်ဆွဲရသေးသည်။ ပြီးမှ ... မင်းဟန်ကို ပြန်ခွပ်သည်။

"ဝတ်လွှာတို့က အိမ်ကနေ အပြည့်အစုံ စားသောက်ပြီးမှထွက်လာတာပါနော်၊ တချို့လူတွေလို သကြိန်ဆိုင်းသံ ဗုံသံ စကြားကတည်းက အိမ်က ထမင်းအိုးကွဲ ဆေးမှောက်ထားလိုက်တဲ့လူမျိုး မဟုတ်ဘူး"

မင်းဟန်ကို ကွက်ကြည့် ကွက်ကြည့်လုပ်ပြီး ပြောသည်မို့ အားလုံး မင်းဟန်ကို ဝိုင်းဟားကြသည်။ ထိုထဲတွင် ဝေယံ အသံအကျယ်ဆုံးဖြစ်မည်မှာ စူးစမ်းစရာပင် မလို။

သူ စပြီး သူ့ပင်ခံလိုက်ရသဖြင့် မင်းဟန်က ရှန်တိန်လုပ်ရန် ကြံပြီး ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်သည်။ သူများတကာလို အားပါးတရ မရယ်နိုင်ဘဲ ပြုံးရုံသာ ပြုံးနေသည့် တိမ်တမန်ကိုမြင်ပြီး စိတ်ကူးရကာ ...

"ဟေ့ ... ဟေ့ ... နေကြဦး ... အရင်တစ်ခါ တခန်းပြောဖူးတာရှိတယ်လေ ... မိုးစက်လင်းချိုကို ရင်ဆိုင်ရဲတာ သူ့မှာ ဝှက်ဖဲရှိနေလို့တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ဘာလဲဆိုတာ ခုထိမပြောသေးဘူး။ မင်းတို့မသိချင်ကြဘူးလား''

''သိချင်တာပေါ့ ... အေး ... လုပ်စမ်းပါဦး တမန်ရ''

ဗိုင်းခေါင်းဆောင်ကပါ ဝင်ပြောသည်။ တိမ်တမန်က စိတ်မပါဟန်နှင့်

''မသိချင်ကြပါနဲ့တော့ဗျာ၊ မတော်လို့ ဟိုကကြားသွားရင် ပို ... ပိုပြီး ဝေးသွားတော့မယ်''

''ဘယ်သူက သွားပြောမှာလဲကွ ... ဒီလူတွေအားလုံးအတွက် ငါ တာဝန်ယူတယ်၊ ဝတ်လွှာတောင် ငါတို့လူဖြစ်နေပြီ ... စိတ်ချ ပြောစမ်းပါ''

အားလုံး တစ်ယောက်တစ်ပေါက်ပြောပြုရန် ဂိုင်းအာကြသည်။ ပန်းဝတ် လွှာကလည်း ...

''ကျွန်မလည်း မိုးစက်ကိုသွားပြန်မပြောဘူးလို့ လုံးဝ ... လုံးဝ အာမခံပါတယ်''

တိမ်တမန်လည်း မနေသာတော့ဘဲ မလုံမလဲတစ်ချက်ပြုံးကာ ...

''အဲဒီတုန်းက ငါ့ကျောပိုးအိတ်ထဲမှာ ငါပေးခဲ့တဲ့ နှင်းဆီပန်းနီနီနဲ့ ကွက်တိတူအောင် ပလတ်စတစ်နဲ့လုပ်ထားတဲ့ နှင်းဆီနီနီအတုတစ်ပွင့် ဆောင် ထားခဲ့တယ်''

''ဟား ... ဟား ... ဉာဏ်ကြီးရှင် ... ဒီအကြောင်း မိုးစက်သာ သိရင် ဟိုက ပန်းပွင့်ကို တစစီခြွေလို့မရသမျှ မင်းကို တစ်စစီဖြစ်အောင် ဖွဲ့ပြုလိမ့်မယ်''

မင်းဟန် စကားအဆုံးတွင် အားလုံးပြုံးစိစိ ဖြစ်ကုန်ကြသည်။

တိမ်တမန်အတွက်တော့ ပန်းဝတ်လွှာကိုမြင်ကာမှ မိုးစက်ကိုပို၍ သတိရ မိပြန်သည်။

မိမိကိုယ်တိုင်လည်း မဆက်သွယ်သာ၊ ကြားလူ ပန်းဝတ်လွှာတို့ ဝေယံ မင်းဟန်တို့မှတစ်ဆင့်လည်း လမ်းကြောင်း မထွင်ချင်။ သူမဘာသာ သူမ သူမစိတ်ကိုပြင်ဆင်ရင်း ... အရာရာကို ရင်ဆိုင်နိုင်သည့်အချိန်မှသာ မိမိအနီးအနားကို ရောက်လာတော့မည်ဖြစ်၍ ဘယ်တော့မှန်းမသိသည့် ကာ သတ်မဲ့အချိန်ကို စောင့်စားရင်းဖြင့်သာ ... ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် ...

သင်္ကြန်အကြိုနေ့ကို ရောက်ရှိလာခဲ့တော့သည်။

မဏ္ဍပ်ဖွင့်ပွဲလည်း လုပ်ရမည်ဖြစ်၍ ဝိုင်းအဖွဲ့သားအားလုံး ပုဆိုးတိုက်ပုံ မြန်မာဝတ်စုံကိုယ်စီနှင့် ယဉ်ကျေးနေကြသည်။ အနောက်ကျက်တဲ့ တိမ်တမန်လည်း ပါဝင်ဆင်နွှဲနေနိုင်ပြီဖြစ်သည်။

မကြာမီ တာဝန်ရှိလူကြီးများရောက်လာပြီး မဟာသင်္ကြန်ဖွင့်ပွဲ အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပကြသည်။ ထို့နောက်တွင်တော့ ...

တိမ်တမန်တို့ Black Rose အဖွဲ့၏ ဖျော်ဖြေရေးအစီအစဉ် စတင်သည်။ ပထမဦးစွာ တီးဝိုင်းအဖွဲ့သားတစ်ဦးချင်းစီ၏ တူရိယာတစ်မျိုးစီ လက်စွမ်းပြတီးခတ်မှုကို အခမ်းအနားမှူး ကောင်းသန့်ဇော်နှင့် မြတ်ဝတ်ရည်တို့၏ မိတ်ဆက်ကြေငြာပေးမှုနှင့်အတူ အားကြိုးမာန်တက် ဖျော်ဖြေကြသည်။

ထိုအစီစဉ်အပြီး လက်ခုပ်သံများအဆုံးတွင် မြဝတ်ရည်၏ ပီသသည့် အသံထွက်ပေါ်လာသည်။

BURMESE CLASSIC

"ကျေးဇူးတင်ပါတယ်ရှင် ... အခု ခါသင်္ကြန် အဆိုအကများနဲ့ ဆက်လက်ဖျော်ဖြေတော့မှာမို့ ပထမဆုံး အလှည့်ကျသူကတော့ ပရိသတ်များရဲ့ အချစ်တော် သင်္ကြန်မင်းသမီးလေး မိုးစက်လင်းချို ဖြစ်ပါတယ်ရှင် ..."

အားပေးလက်ခုပ်သံကြောင့် မြဝတ်ရည် စကားမဆုံးလိုက်။

သို့သော် ... တိမ်တမန်ရင်ကိုတော့ တိုက်ရိုက်ထိမှန်သွားသည်မှာ မောဟိုက်တုန်ရီသွားပြီး ဂစ်တာကိုင်လျက် မတ်တတ်မေ့နေတော့သည်။

စင်ရှေ့ကို သွက်လက်စွာ ထွက်လာသည့် မိုးစက်လင်းချိုက တိမ်တမန်ကို အပြုံးချိုချိုလေးနှင့် လှမ်းနှုတ်ဆက်ရင်း ပရိသတ်ကိုလည်း လက်ဝှေ့ရမ်းနှုတ်ဆက်သည်။ ဝိုင်းခေါင်းဆောင်က အော်ဂင်နှင့်သင်္ကြန်တီးကွက်အချို့ကို ဖွဖွတီးခတ်ကာ ကွက်လပ်ဖြည့်ပေးနေသည်။

"မင်္ဂလာပါရှင် ... မိုးစက် ပထမဆုံးဖျော်ဖြေမယ့် သီချင်းကတော့ တေးရေးဆရာ ကိုတိမ်တမန်က မိုးစက်အတွက် ရည်ရွယ်ရေးဖွဲ့ပေးခဲ့တဲ့ အိပ်မက်ချိုချဉ် ဖြစ်ပါတယ်ရှင်"

ပရိသတ်များ နှစ်သက်ကြပြီးသော သီချင်းမို့ လက်ခုပ်သြဘာသံများ



www.burmeseclassic.com

www.burmeseclassic.com



တွင် ပေါ်လာပြန်သည်။ ခဏနေမှ ...

"အဲဒီသီချင်းကို မိုးစက်နဲ့အတူ မိုးစက်သူငယ်ချင်းတွေ ညီမလေးတွေက ကပြဖျော်ဖြေပေးကြမှာပါ"

အော်ဂင်က အိပ်မက်ချိုချဉ် သီချင်းအတွက် အင်ထရိုစဝင်နေပြီဖြစ်သည်။ ထိုအချိန်အထိ မိုးစက်ကို ပါးစပ်ကြီးဟလျက် ငေးနေသေးသည့် တိမ်တမန်ကို ရစ်သမ်တီးသည့် အေးမင်းဟန်က တံတောင်လက်နှင့် သွားတို့ရသည်။

ထိုအခါမှ ကျေးဖူးရှင်ကိုတိမ်တမန်က သူ၏ Lead Guitar တီးခတ်မှုကို စတင်နိုင်သည်။

အင်ထရိုအပြီး ချိုလွင်ဝေစည်သည့် မိုးစက်လင်းချို၏ သီဆိုသံတွက်ပေါ်လာချိန်တွင်တော့ စင်ရှေ့ရှိ ပရိသတ်အားလုံး အငြိမ်ဓယားဖြစ်သွားသည်။

တိမ်တမန့်ရင်တွင်လည်း အေးငြိမ်းချမ်းသာမှု ပီတိနှင့်အတူ လုံးဝငြိမ်သက်သွားသည်။ ဗိုင်းခေါင်းဆောင် သို့မဟုတ် သူငယ်ချင်းတစ်အုပ်စုလုံး၏ ကြိုးပမ်းမှု ဖြစ်လိမ့်မည်။

မမျှော်လင့်သည့်အချိန်တိုအတွင်း ချစ်ရသူက သူ့ရှေ့မှောက်သို့ အပြုံးချိုချိုနှင့် ရောက်လာခဲ့သည်။ တစ်ခုတော့ ရှိသည်။

ဒုတိယသီချင်းတစ်ပုဒ်မဆိုမီစပ်ကြား မိုးစက်က တိမ်တမန်အနားသို့ မသိမသာ ကပ်လာပြီး စကားတစ်ခွန်းကို တိုးတိုးပြောသွားသည်။

"ပလတ်စတစ် နှင်းဆီပန်းနီနီကို သိမ်းထားသေးရဲ့လား"

အနားတွင်ရှိသည့် ဗိုင်းခေါင်းဆောင်နှင့် မင်းဟန်တို့ကို ဝေ့ဝဲကြည့်မိသည်။ အားလုံးက စပ်ဖြဲဖြဲမျက်နှာကိုယ်စီနှင့်။ ဝတ်လွှာကလည်း ရယ်ကျဲကျဲနှင့် ...

"ဝတ်လွှာ သွားမပြောဘူးနော် ... မိုးစက် ဒီရောက်လာမှ စကားစပ်မိတာနဲ့ ..."

တိမ်တမန်ကလည်း အားကျမခံ ပြန်ပြောလိုက်သည်။

စိတ်ထဲမှ ...

"ဝါးတူနှစ်ချောင်းပါ ဆောင်ထားတယ်" ... ဟု။

ချစ်မျှားရှင်



www.burmeseclassic.com